

www.burmeseclassic.com
စိုးမိုးစာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မိုးလဲရွာမယ်
အချစ်စေရာ
www.burmeseclassic.com
L လင်း

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို မှီ၍ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မြပုလဲသွယ်

## အချစ်စေရာ

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၁၅၇၀၃၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၂၀၀၃၁၂ |
| အဖုံးဒီဇိုင်း | - | L လင်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း၊ အုတ်ကြီးမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ မေလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |

၈၉၅ . ၈၃

မြပုလဲသွယ်

အချစ်စေရာ/မြပုလဲသွယ်။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၁၂

၂၈၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) အချစ်စေရာ


BURMESE CLASSIC .com

## အခန်း (၁)

"ဟောတော်"

"ခုန်း...ခုန်း"

"ရေဘူးကျသွားပြီ"

အော်သံထက် အရင် သစ္စာရှိစွာ မမလက်ထဲက ရေခဲဘူးက လှေကားမှ ဒလိမ့်ခေါက်ကွေး ပြေးဆင်းသွား၍ အဓိလိုက်ဖမ်းရန် ခါးကိုညွတ်ချတော့ ရင်ခွင်၌ပိုက်ထားသော မမ ထမင်းဘူး အပြားလေးပေါ် အသေအချာ ခေါက်ထားသော ခေါက်ထီးလေးက ပါ လျှောခနဲ လိမ့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော်…ကဲ၊ ပစ္စည်းတွေဘယ်လိုဖြစ်နေသလဲ မသိဘူး၊ နောက်ကျမှာစိုးပါတယ်ဆိုမှ"

အချိန်နောက်ကျ၍ စိတ်ရှုပ်နေသော မမမှာ ကပျာကယာ လှေကားတစ်လျှောက် ခါးတကုန်းကုန်းနှင့် လိုက်ဖမ်းရ၏ အဆင်မပြေတာနှင့် ခါးဆန့်မတ်တတ်ရပ်ရန် ပြင်ဆင်ချိန်မှာ မမရဲ့ဘေးလွယ်အိတ်ကို တစ်စုံတစ်ယောက်က ဆောင့်ဆွဲသလိုမျိုး ခံစားရ၍ ဘေးကိုငဲ့ကြည့်တော့ စုထွေး။

"ကဲ…မယ်မင်းကြီးမ၊ အဲဒီအတိုင်း"

"အဟင်း…စုထွေး၊ မမကို ကူညီပါဦးဟယ်"

"သိတယ်၊ မမက အစဥ်အလာမဖောက်ဖျက်တဲ့ မိန်းမဆိုတာ၊ ကိုယ့်အကြောင်း ကိုယ်သိရဲ့နဲ့၊ လွယ်ချင်တော့ အိတ်ကဘက်ကယ်တွေ၊ ကြိုးတွေ၊ ကွင်းတွေပါတာကိုမှ ရွေးတတ်တယ်၊ စုတော့ မမကို တကယ်လက်လန်တယ်…သိလား"

"ဝါသနာပါရင် တစ်ကိုယ်လုံး လန်လို့ရတယ် စု"

"မမ…နော်"

စု စိတ်ဆိုးသွားတာကိုကြည့်ပြီး မမ သဘောကျစွာ

နိုး၊ နိုး၊ ၀၁၆ပ



ရယ်လိုက်သည်။ မမအဖြစ်က စု ပြောမယ်ဆိုလည်း ပြောစရာ။ အမြဲတမ်း ရှုပ်ထွေးမှဆိုတာမျိုး။

အခုလည်း အိမ့်နေရင်း ဂါဝန်ကားကားကြီးနှင့် လှေကားမှ အပြေးတစ်ပိုင်းဆင်းအလာ လက်ရန်းတွင် ငြိသမျှ ဖြုတ်ပေး၊ ကျသမျှ လိုက်ကောက်ပေးနေသည့် စုထွေးကိုကြည့်ပြီး မမပြုံးလိုက်သည်။ မမအဖြစ်ကလည်း စုထွေးပြောမည်ဆိုလည်း ပြောစရာ။ မိန်းမဆိုပြီး မိန်းမပီသတာ ဘာတစ်ခုမှမရှိ။ ဘာလေးပဲလုပ်လုပ် နောက်က လူလိုက်နေရအောင် အရာရာနဲ့ အကြောင်းကြောင်းချည်း ဖြစ်နေတတ်သည်။

"ကဲ…ရော့၊ ပစ္စည်းတွေ"

"စုပဲ သယ်ခဲ့လိုက်ပါဟယ်၊ တော်ကြာ တစ်ခုခု ထပ်ဖြစ်နေမှာစိုးလို့"

"မမပဲ အပြောကောင်း"

"သြော်…တကယ်ပြောနေတာ၊ မမအကြောင်းလည်း သိရဲ့နဲ့"

"သိတယ်၊ ပေါ့ဆလို့ ဘယ်ရှည်းစားနဲ့မှ မငြိတဲ့

နိုး၊ နိုး၊ ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း"

စု စကားကိုနားထောင်ပြီး သဘောကျစွာ မမ ရယ်လိုက်သည်။ စုပြောတာ အမှန်တွေချည်းဖြစ်နေတာ သဘောကျ၍ပါ။ တကယ်လည်း မမနားမှာ ဘယ်ရည်းစားမှမမြဲ။ အကြောင်း တစ်မျိုးမျိုး ကြာကြာမတွဲလိုက်ရဘဲ လွဲကြသည့်အဖြစ်တွေ အများကြီး။

"မမအဖြစ်ကလည်း စုပြောမယ်ဆိုလည်း ပြောစရာပါ"

"စုကချည်း ပြောနေတာမဟုတ်ဘူး မမ၊ စုသူငယ်ချင်းတွေရော မမ သူငယ်ချင်းတွေကပါ ပြောနေတာ၊ မမတို့များ ရည်းစားတစ်ယောက်နဲ့ တစ်ခါကွဲတိုင်း ပိုပိုလှလှလာတာ ဘာဆေးများ ဆောင်ထားလဲ မသိဘူးတဲ့"

"မချစ်ဆေးလေ"

ပြောပြီး မမရယ်တော့ စုက သူ့အစ်မစကားကို နားမလည်သလို ပြန်ကြည့်နေ၍ စုပန်းကို တစ်ချက်ပုတ်လိုက်သည်။

"ဘယ်သူ့ကိုမှ တကယ်မချစ်တော့ ဘာမှခံစားနေစရာ မလိုဘူးပေါ့ စုရဲ့၊ ဒီတော့လည်း အလှမပျက်၊ အစားမပျက်၊ အသွားမပျက်၊ မျက်နှာတစ်ချက်မပျက်..."





"တော်ပါတော့ မမရယ်၊ မမစကားကြားရတာ စိတ်ညစ်စရာကြီးပါ၊ ကိုယ် တကယ်မချစ်ဘဲ ဘာဖြစ်လို့ နာမည်အပျက်ခံပြီး ရည်းစားထားနေရသေးလဲ"

"သြော်...အဲဒါက ပျင်းနေတာကိုး စုရဲ့၊ ပြီးတော့ ရှိသေးတယ်၊ မမက မချစ်ပါရစေနဲ့၊ မကြိုက်ပါရစေနဲ့ဆိုတာကို နှုတ်ချစ်နှုတ်ကြိုက်နိုင်းနေတော့ တွဲဖြစ်သွားတာလည်းပါတယ်၊ သေချာတာက အခုချိန်ထိ မမ ဘယ်သူ့ကိုမှ မချစ်ဖူးသေးဘူး"

မမက သွက်ယူချက်သူနှင့် ဟုတ်နေသည်။ စုမှာသာ ကိုယ့်အစ်မကိုကြည့်ပြီး ဘာပြောရမှန်းမသိ။

"ရှေ...ဒီမှာ၊ မမပစ္စည်းတွေအားလုံး ဒီအိတ်ထဲ စု ထည့်လိုက်ပြီ"

"အဲဒါက အရေးမကြီးပါဘူးဟယ်၊ အခု အရေးကြီးတာက တခြားပါ"

"ဗုံ"

"ပြော"

"မမတစ်ယောက်တည်း ဖြစ်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်းလည်း တစ်ယောက်တည်း သွားနေကျ မဟုတ်လား မမရဲ့"

"အခုနဲ့မတူဘူးလေ စုရဲ့၊ မမနဲ့ ခုတစ်ခါတည်း လိုက်ခဲ့ပါလား"

"စုဂျူတီက နေ့ခင်းမှလေ၊ ဘာဖြစ်လို့ စုနဲ့သွားချင်နေတာလဲ"

"မမ လွဲမှာကြောက်လို့"

မမစကားကြောင့် စုရယ်လိုက်တော့ မမမျက်နှာက ခပ်ပြုံးပြုံး ရက်ကိုးရက်ကန်း အမူအရာနှင့် စုကို ကြည့်သည်။ ညီမနှစ်ယောက်စလုံး တစ်ယောက်တစ်မျိုးစီ လှကြသည်ဆိုပေမယ့် မမအလှက ရွှေရောင်ဝင်းနှစ်နေသော အလှ။

"တစ်သက်လုံးလွဲလာပြီးမှ မမရယ်၊ အခု ကြောက်နေလား"

"ကြောက်တာပေါ့ စုရဲ့၊ အရင်တုန်းက အလွဲတွေက မမ တမင်လွဲချင်လို့ လွဲရတာမှမဟုတ်ဘဲ၊ သူ့ဘာသာ အလွဲတွေက တစ်ခုပြီးတစ်ခု ဖြစ်နေတာ"





လေယာဉ်ကွင်းတစ်ဆင့်ချင်း ဝရန်တာမှာရပ်ပြီး မမက ခြေဆောင့်နှုတ်ခမ်းစူ၍ပြောတော့ အစ်မဖြစ်သူကိုကြည့်ပြီး စု ပြုံးလိုက်သည်။ မမက စုထက်ကြီးပေမယ့် စုထက် ကလေးဆန်သည်။ အရာရာ၌ တလွဲတချော် ဖြစ်လွန်းသည်။ မမ ဖြစ်ရသည့် တလွဲတွေကလည်း အကြောင်းအမျိုးမျိုး။ မမကို စု ချစ်စနိုး ငေးကြည့်လိုက်၏။

"သူ့ဘာသာ လွဲတယ်လို့ချည်း ဘယ်ပြောလို့ရမလဲ မမရယ်၊ မမကိုယ်တိုင်က နေရာတကာ သတိရှိနေမှ ဖြစ်မှာပေါ့"

"အံမယ်…ဘယ်သူကရော ကိုယ့်ကိုယ်ကို ဒုက္ခဖြစ်အောင် အရှက်ရအောင် လုပ်ချင်ပါ့မလဲ မိစုရယ်၊ စကားကို စဉ်းစဉ်းစားစားလည်း ပြောပါ"

"စဉ်းစားပြီးမှ ပြောတာပဲလေ၊ စု ပြောတာ မမအတွက်၊ ဒီမှာ…စုပြောမယ်၊ သေချာမှားထောင်၊ ( )ကားကို စီးသွား၊ ဂိတ်ဆုံးက မမ ဆင်းရမယ့်မှတ်တိုင်ပဲ၊ အဲဒီမှတ်တိုင်မှာဆင်း၊ ရှေ့တည့်တည့်လျှောက်ရင် မမသွားမယ့် ရွှေပင်းမော(လ်) ရောက်ပြီ"

"အဲဒီကမှ အပေါ်ဆုံးထပ် စက်လှေကားစီးပြီးတက်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမှ မမလုပ်ရမယ့် ဆိုင်ရောက်မယ်၊ ဒါပဲမဟုတ်လား”

စုစကားကို သဘောမကျသလို မမက ကြားဖြတ်ကာ ခပ်ရွှဲရွှဲ ဝင်ပြောသည်။ မမက ဒီအလုပ်ကို အင်တာဗျူးလည်း ဝင်မဖြေရ။ စုကြောင့် အလွယ်တကူ ရခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှာ အကြီးဆုံးအလှကုန်တစ်ခုမှာ စုက ရှယ်ယာပါတိုက်သော၊ ဒါကြောင့် မမက စု အလုပ်ရှိရာ ရွှေပင်းမော(လ်)ကြီးရဲ့ စားသောက်ဆိုင်မှာ အလုပ်ရခဲ့သည်။ မမ အလုပ်က ဝိတ်တာအလုပ်။

“သိပ်စိတ်ပူမနေပါနဲ့ မမရယ်၊ ဒီအလုပ်နဲ့ မမနဲ့ အဆင်ပြေမှာပါ၊ တစ်ခုပဲ မမ သတိထားရမှာက ကက်စတမ်မာတွေ မှာတာကို တခြားပိုင်း မှားမပို့ဖို့ပဲ၊ ဆိုင်က ကိုယ်တိုင်မှာ ငွေရှင်းစနစ်ဆိုတော့ မမလည်း ထူးပြီး လွဲစရာမရှိဘူး”

“ဒါလည်း ဟုတ်တာပဲ၊ ဒီအလုပ်နဲ့ မမ အဆင်ပြေမှာပါ၊ မှားစရာ ဘာမှမရှိဘူး၊ လုံးဝ သေချာတယ်”

မမအသံက အားတက်လာကာ မြူးရွှင်လာသလို စိတ်ပျက်နေသော အမူအရာကပါ လင်းလက်လာ၏။ အလုပ်အပေါ်မှာမမဘက်က ယုံကြည်မှုရလာ၍ ဝမ်းသာရပေမယ့် မမကို သတိ





ပေးစရာတွေက စုမှာ တစ်ခုမကရှိနေတာ စုပဲသိသည်။

“အလုပ်က အဆင်ပြေပါတယ်၊ မမသာ ကက်စတမ်မာတွေဆီ မုန့်သွားပို့ရင် ခလုတ်မတိုက်အောင်၊ လူချင်းဝင်မတိုက်အောင်၊ ချော်မလဲအောင် သတိထား”

“ဒီတစ်ခါတော့ သေချာသတိထားမှာပါပါတယ်၊ ဒါမှ နောက်ထပ် အလုပ်မရှာရမှာ”

“ဟဲ့…ဒီညီအစ်မနှစ်ယောက်”

“ရှင်…ဒေါ်လေး”

မမက ဝရန်တာမှ ကိုယ်တစ်ပိုင်းထွက်ရင်း ပြတင်းပေါက်မှ လှမ်းခေါ်နေသော ဒေါ်လေးအား ပြန်ထူးသည်။

“ဒေါ်လေး လုပ်မနေနဲ့၊ နာရီကြည့်ဦး၊ ခုနစ်နာရီခွဲတော့မယ်”

“ဟုတ်…သွားပြီ ဒေါ်လေး၊ စု…မမ လစ်ပြီ”

“ကောင်းကောင်းသွားနော် မမ”

“ဟဲ့…ဖြည်းဖြည်းဆင်း မမ၊ ချော်လဲမယ်”

ဒေါ်ခင်ခင်က ခြေသံတဖြောင်းဖြောင်းနှင့် ပြေးဆင်း



www.burmeseclassic.com

www.burmeseclassic.com



သွားသော တူမချော မမကို အော်ပြီး သတိပေးဖြစ်အောင်ပေးကာ ပြတင်းပေါက်မှ မခွာနိုင်သေး။

မမကို ဘယ်သူမှစိတ်မချ။ ပြေးကြည့်မှ ခွေမျိုးသားချင်းရယ်လို့ တူမလေးတစ်ယောက်သာ စစ်စစ်ပေါက်ပေါက် ကျန်ခဲ့တာမျိုး။ အစ်မဖြစ်သူ ဒေါ်တင်တင်ကလည်း တစ်ဦးတည်းသော သမီးလေး မမကိုမွေးပြီး လင်မယားနှစ်ယောက်စလုံး လှေလောကထဲက ရှေ့ဆင့်နောက်ဆင့် ထွက်ခွာသွားကြတော့ ဒေါ်ခင်ခင်မှာက သမီးတစ်ယောက်နဲ့ မုဆိုးမဘဝ။

မိဘမဲ့၍ မျက်စိသူငယ်ကျန်ရစ်သော တူမလေး မမကို ကိုယ်နဲ့အတူနေစေပြီး နယ်က မမတို့အိမ်လေးကို လူငှားတင်ပေးထားသည်။ ကိုယ့်မှာ သမီးတစ်ယောက် မွေးထားပေမယ့် နေစပ်သေချာသလောက် အလုကြိုက်သော စုဖွေးအတွက် မပူမပင်ရဘဲ ဒေါ်ခင်ခင် ပူရတာက ဝမ်းမနာသမီး တူမလေး မမအတွက်ဖြစ်သည်။

ကြည့်နေရင်းက တိုက်လှေကားမှ ပြေးထွက်လာသော မမကို မြင်လိုက်ရ၏။





"ပိုက်ဆံအိတ် သတိထားနော် မမ"

"ဟုတ်…ဒေါ်လေး"

"ပြေးမသွားနဲ့ဦး၊ ချော်လဲဦးမယ်"

"ဟုတ်…ဒေါ်လေး၊ မမကို ဆုတောင်းပေးဦး၊ အစစအရာရာ အဆင်ပြေပါစေလို့"

"အေးပါ၊ ဟဲ့…ရှေ့ကိုကြည့်ဦး"

"အမလေး"

"ဒုန်း"

"ဝုန်း"

ဒေါ်ခင်ခင် ပါးစပ်မပိတ်ခင် မမမှာ ရှေ့က ကျောက်တုံးကြီးကို ခလုတ်တိုက်ကာ အရှိန်မထိန်းနိုင်ဘဲ ဟပ်ထိုးပ်ာပ်ထိုး ဖြစ်သွားတာမို့ ဒေါ်ခင်ခင်နှင့် စုဖွေးမှာ ပြိုင်တူရင်ဘတ်ဖိရင်း မျက်လုံးပြိုင်တူ မှိတ်လိုက်ကြ၏။

"ဟဲ့…ဟဲ့"

"မှမ"

"ဘာမှမဖြစ်ပါဘူး၊ နည်းနည်းပါးပါး ထိသွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီနော်"

အော်ဟစ်သံတွေ ဆူညံသွားပေမယ့် မမတို့က အရှိန်ပြန်ထိန်းရင်း နောက်လှည့်ကာ လက်တပြပြလုပ်တုန်း။ မျက်စိအောက်က မမ ပျောက်သွားတဲ့အထိ စိတ်မချနိုင်စွာ လည်ပင်းရှည်အောင် မျှော်ကြည့်ရင်း ကျန်ရစ်၏။

'နာမည်က မမတင့်တယ်၊ သွားလာနေထိုင်မှုက ဘာမှမတင့်တယ်ပါလား' ဟု သက်ပြင်းရှိုက်ရင်း ညည်းတွားချင်တဲ့အထိ မမတင့်တယ်တို့က ရာဇဝင်နှင့် နမော်နမဲ့နိုင်လွန်းသူ။

• • •



အခန်း (၂)

"ပြော"

ခြံရဲ့ ဖုန်းထူးသံက ခပ်ထန်ထန်ဖြစ်နေသလောက် ခြံရဲ့မျက်နှာကလည်း ခပ်ထန်ထန်ဖြစ်နေမှာ မှန်းကြည့်စရာမလိုအောင် သေချာပြီးသား။ ခြံရဲ့ထံ ဖုန်းဆက်လာသူက ဘယ်အခါမှ ခြံရဲ့အတွက် ကြည်မွေ့စရာ တစ်ခုမှမပေးတတ်သော နေဆိုသည့် မိန်းမ။

"အဟား...ဟား...ဟား...အဆံကလည်းကွာ၊ နားဝင်ချိုစရာ မကောင်းလိုက်တာ၊ လူမှုဆက်ဆံရေးသင်တန်းလေး ဘာလေး နင့်အတွက် ဖွင့်ပေးဦးမှပဲ ခြံရဲ့၊ ကိုယ့်ထက် အသက်ကြီးဝါကြီး ပုဂ္ဂိုလ်တွေကို ဘယ်လိုဆက်ဆံရမလဲဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စမှ ပြောစရာမရှိရင် ငါ ဖုန်းချလိုက်မယ်"

"ဟဲ့…နေဦး၊ ဒီမှာ မာမီ နေမကောင်းဘူး"

ခြံရုံက ဒင်း မမြင်နိုင်မှန်းသိရက်နှင့် မျက်ခုံးတွေကို မလို လားကွာ ကုပ်ချီရင်း

"မာမီ နေမကောင်းတာ ငါ့လာပြောနေရသလား၊ နင် လူမှားနေပြီ၊ ဆရာဝန်ခေါ်ပေါ့"

"သိပါတယ်၊ ဆရာဝန်လည်း ခေါ်ပြီးပြီ၊ ရောဂါအနေ အရင်လည်း သိပြီးပြီ၊ မာမီက နင့်ကို ပြန်လာစေချင်တာ၊ အဲဒီ စိတ်ကြောင့်"

စိတ်ရှုပ်လာသလို ခြံရုံက လျှာမပါတဲ့ ဦးထုပ်ကို နဖူးစပ် အထိ ဆွဲချိုက်ဆောင်းရင်း ပေါင်ပေါ်တင်ထားသည့် ဝီဇာထုပ်တွေ၊ အာလူးကြော်တွေကို လူမရှိသော ဘေးခုံအလွတ်ဆီ နေရာချရင်း

"ဆော်ရီးပဲ၊ ငါ ပြန်လာဖို့ အစီအစဉ်မရှိလို့ အိမ်ပေါ် က ဆင်းခဲ့ကာ၊ မာမီကိုပြောလိုက်၊ ကိုယ့်အသက် ကိုယ့်ရှင်သန် မှုကို တန်ဖိုးထားပါလို့"

"ဘာလဲ၊ နင်က အပေးအယူလုပ်ဖို့အတွက် တမင်





ခါန်တင်းပြနေတာလား၊ မပြနဲ့"

"ဘာအပေးအယူလဲ"

"လူကြီးတွေ အစီအစဉ်အတိုင်း မလိုက်နာနိုင်ဘူး၊ နင့်သဘောကျ စိစဉ်ရင်တော့ ပြန်လာမယ်၊ ဒါမျိုးလား၊ အဟွန်း… မျှော်လင့်မနေနဲ့၊ မာမီရော ဒက်ဒီရောက ဒီအစီအစဉ်ကို အထမြောက် အောင် ကြိုးစားမှာပဲ၊ ငါကလည်း သမီးအလိမ္မာအဖြစ် လူကြီးတွေ စီစဉ်သမျှ နာခံရမှာပဲ"

"ဒါပေါ့၊ နင် လိမ္မာပြတော့ ငါမိုက်တာပိုပေါ်လွင် သွားတာပေါ့၊ နင်က မီးလောင်ရာလေတိုက်ပေးတဲ့ မိန်းမပဲ၊ လုပ်ကြပေါ့၊ အားလုံးက ကိုယ့်အစီအစဉ်နဲ့ကိုယ်၊ တစ်ခုတော့ နင်သိအောင် ပြောလိုက်မယ်၊ နင့်မှာ လက်ထပ်စရာယောကျ်ား အဲဒီလောက်ရှားသလား…နေ"

တမင်ဒေါသထွက်အောင် ပြောလိုက်တဲ့စကားပေမယ့် ခြံရုံ ပြန်ကြားလိုက်တာ အလွန်မှန်းတီးဖွယ်ကောင်းသော ရယ်သံများသာ ဖြစ်ပြီး

"ငါက ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ခြံရံ''

''ဘာ''

ဒေါ်သက သူ့ထံ ပြန်မြှားဦးလှည့်သည်။

''ငါ လက်ထပ်ချင်တဲ့သူက ခေါင်းခေါက်ခွင့်၊ နားရွက်ဆွဲလိမ်ခွင့် ရှိရမယ်၊ လက်ညှိုးထိုးပြီး ဆရာမကြီးလုပ်ရင် ခေါင်းညိတ်နာခံတတ်ရမယ်၊ ဆိုချင်တာက ငါက နေလိုလို ကျင့်သုံးပြီး ငါ လက်ထပ်မယ့်သူက ကြယ်တာရာလို လူစားမျိုးကို လိုချင်တာ၊ လတ်တလော အဲဒီအရည်အချင်းတွေနဲ့ ပြည့်စုံနေတဲ့သူက နင်တစ်ယောက်ပဲရှိတော့''

''နင့်ပါးစပ်ကို ပိတ်ထားစမ်း နေ''

''အဟက်…မဆိုးပါဘူး၊ နင်နဲ့ငါကြား အေးစက်စက် အခြေအနေထက်စာရင် ပူလောင်နေတာက လူနှစ်ယောက်ကို ပိုအမှတ်တရဖြစ်စေတယ် ခြံရံရဲ့၊ လူတစ်ယောက်ကို သွေးပူအောင် လုပ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှ မဟုတ်တာ''

''အေး…နင်နဲ့ငါ လက်ထပ်ဖို့ဆိုတာလည်း ဘယ်တော့မှ မဖြစ်နိုင်တဲ့ကိစ္စပဲ နေ''

''ငါကလည်း မရတာမှ ပိုလိုချင်တယ် ခြံရံရ၊ ဒါပေမဲ့ ငါလိုချင်တဲ့အထဲမှာ လူပျော့တွေ ရေရွတ်နေကျ အချစ်တွေ၊ ရင်ခုန်သံတွေ မပါဘူး၊ ငါ့အတွက် နင်က တစ်သက်စာဘော်ဒီဂတ်''

''သွေးနာထင်ရောက်ပြီး လဲသေလိုက်တော့ နေ၊ လောကမှာ မျက်ကွယ်ပြုလို့မရတာ နင့်လို ဘဝင်ရူးတွေချည်းပဲ၊ ကမ္ဘာကြီးအေးချမ်းသလို ငါလည်း စိတ်ချမ်းသာမှာ မဟုတ်ဘူး၊ နင် လဲသေလိုက်တာ အကောင်းဆုံးပဲ''

စိတ်ပေါက်ပေါက်နှင့် ဖုန်းပိတ်ပစ်သည်။ မနက်ခင်းရဲ့ လတ်ဆတ်ခြင်းတွေ ခံစားနေသောစိတ်တွေက ဘယ်ဆီထွက်ပြေးသွားမှန်းမသိ။ ခြံရံ မမွေးခင်က အဖြစ်အပျက်တွေက သူ့အတွက်တော့ ဟိုးရှေးရှေးတုန်းကလို အစချီတဲ့ ပုံပြင်တစ်ပုဒ်။

ပုံပြင်ဆိုတာ မဖြစ်နိုင်တာတွေချည်း အစချီထားသော အရာတွေထဲမှာ သူနဲ့နေ လက်ထပ်ဆိုတာ စိတ်မောစွာ ပင့်သက်ရှိုက်တော့ အာရုံထဲ ဒက်ဒီနှင့်မာမီပုံရိပ်က ထင်းလာ၏။

''သားက မာမီ အသက်လေးဆယ်ပြည့်ခါနီးမှ ကံပေါ်တဲ့ကလေး၊ ဒါကြောင့် သားကို သည်းသည်းလှုပ် အချစ်တွေပို




www.burmeseclassic.com

အလိုတွေ လိုက်ခဲ့ရတာ၊ နာမည်တောင် ခြံရုံလို့ပေးခဲ့တာကြည့် တော့၊ အချစ်တွေ ထုံလွှမ်းခြံရံခဲ့လို့လေ''

ဒီလောက်ချစ်လာတဲ့ သား။ မျက်နှာတစ်ချက်အညို မခံဘဲ လိုတရ ဖြည့်ဆည်းပေးခဲ့တာ ဘဝတစ်လျှောက်လုံး ရှိခဲ့ပြီး မှ

''ဒီတစ်ကြိမ်တော့ သားသဘောကျ ခေါင်းမညိတ်နိုင် ဘူး ခြံရုံ၊ ဒက်ဒီတို့ ရည်ရွယ်ချက်က အစောကြီးကတည်းက ဥမကွဲ သိုက်မပျက်နေဖို့''

ဥမကွဲသိုက်မပျက်စေရအောင် သူတို့က ငှက်မျိုးငှက် နွယ်တွေမှ မဟုတ်တာ။

''ပြီးတော့ သားက အရာရာမှာ ကလေးဆန်လွန်းတယ်၊ ဒီတော့ သားအိမ်ထောင်ဖက်က လူကြီးဆန်ပြီး သားထက် ဝါသနာ အရ ကြီးတဲ့သူနဲ့မှ''

''ဒက်ဒီတို့ ပြောပုံနဲ့ဆိုရင် ကိုယ့်အထက် အသက် တစ်မနက်လောက်ကြီးရင်ပဲ ထိုင်ရှိခိုးရမယ့်ပုံ ပေါက်နေပြီ''

သူက ဂျစ်တစ်တစ်နှင့် အတိုက်အခံဝင်ပြောတော့





''နင် မကြားဖူးလို့ပပါ၊ မိန်းမရှိခိုး ဘုန်းတန်ခိုးတိုးတဲ့၊ နင်က ဗိုတောင်ရှိခိုးသင့်တယ်၊ ငါက နင့်ထက် တစ်မနက်ပဲ အသက်ကြီးတာမဟုတ်ဘူး။ နှစ်နှစ်တိတိ ကြီးတဲ့သူ''

''အသက်ကိုတော့ အားနာပါရဲ့၊ ဒါပေမဲ့ နင့်ကိုတော့ ရှိခိုးဖို့ထက် ကိုင်ပေါက်ပစ်ချင်တဲ့ ဝါသနာက အရိုးစွဲလာတာ ဟိုးငယ်ငယ်လေးကတည်းက''

''လုပ်ကြည့်ပေါ့၊ ငါက အပြိုင်ရန်မဖြစ်ပါဘူး၊ ရွယ်တူ တွေမှမဟုတ်တာ၊ ငယ်ငယ်တုန်းကလိုပဲပေါ့၊ နင့်ကို လက်ပိုက် မတ်တတ်ရပ်နိုင်းပြီး ကြိမ်လုံးနဲ့ဆော်မှာ၊ မော်…မာဗီ''

အပြုံးမပျက် ပြောတတ်တာတွေကြောင့် နေ့ကို သူ မေတ္တာထားမရတာ ဆန်းသလား။

''အို…အမေ့''

ယောင်ယမ်းသံနဲ့အတူ သနပ်ခါးနံ့က သူ့အနားသို့ရောက် လာ၏။ ခြံရုံက ကိုယ့်ခေါ်သနင့်ကိုယ် နယ်းလုံးရသူမို့ ပတ်ဝန်း ကျင်လည်း အာရုံမရောဘဲ မှန်ပြတင်းကနေ ငေးကာ ကားထွက်ခါစ ပြောင်းလဲသွားသော မြင်ကွင်းတွေဆီ မျက်လုံးတွေပို့ထားနေ၏

www.burmeseclassic.com



ဘေးခုံမှာ အိခနဲဝင်ထိုင်ခြင်းနှင့်အတူ

"ဖောင်း"

ခနဲ အသံကျယ်ကြီး။

"အယ်…သွားပါပြီ၊ စကတ်ကွဲပြီလား မသိဘူး၊ ကျစ်…ခုကွပါပဲ၊ ယူနီဖောင်းအသစ်ပါဆိုမှ၊ လဲစရာလည်းမပါ"

"ဟော့"

မမက ကိုယ့်ဘာသာကိုယ် ထလည်းမကြည့်ရဲ။ မှတ်တိုင်ရောက်ရင် အဆေးကြီးဆိုပေမယ့် စကတ်က ထဘီလို လှည့်ဝတ်လို့မရတာမို့ ဒီအကွဲကြီးနဲ့ ဘယ်လိုစခန်းသွားရမလဲ ဆိုတာတွေးပြီးပူထူနေဆဲ ဘေးက ခပ်ဆတ်ဆတ်ခေါ်သံနှင့် ပခုံးကို တွန်းတိုက်ပစ်တဲ့ အထိအတွေ့ကြောင့် ဖျတ်ခနဲလှည့် ကြည့်တော့ မလိုလားသောမျက်ဝန်းတစ်စုံနှင့် တန်းခနဲသွားတိုးသည်။

"မမကို ခေါ်တာလားဟင်"

"မင်း…ခဏမတ်တတ်ရပ်လိုက်"

"အို…ထလို့မရဘူးရှင့်၊ မမက ဟိုဟာ…"

"မင်း မတ်တတ်ရပ်လို့ ငါပြောနေတယ်နော်"





"ထလို့မရပါဘူးဆို"

"ငါ ထပ်မပြောဘူးနော်၊ ထမရပ်ရင် တွန်းချမှာ၊ မပြောဘူးဆိုနဲ့"

ရုပ်ကြီးက တာကယ့်အတည်စား။ ဆံပင်က ကုပ်ထောက်အရှည်ကို တမင်ပုံသွင်းထားသလားထင်ရအောင် ဖြောင့်သည်။ မျက်ခုံးထူခြင်း၊ အသားဖြူခြင်းမှာ ပါးသိုင်းမွေးစိမ်းစိမ်းတွေ အရိပ်ထင်နေသဖြင့် လူမိုက်ရုပ်ပေါက်ရသည့်အထဲ တီရှပ်လက်တိုအောက်က လက်မောင်းအစပ်များမှာ ဆေးမင်ကြောင်ရုပ်တွေကြောင့်

"ဟော့"

"ထပါ့မယ်၊ မမ ထပေးပါ့မယ်"

ရှက်စိတ် ကြောက်စိတ်တွေနဲ့ မမက မျက်လုံးစုံမှိတ်ကာ ထရပ်ပေးရင်း နောက်သို့ မရဲတရဲ မျက်နှာငဲ့အကြည့် ဘေးကလူလက်ထဲမှာ အိုးဆိုးရိုကာထုတ်တဲ့ ပီကာထုပ်တွေ၊ တိုးတိုး အာလူးကြော်ထုပ်တွေက လေမပြည့်သော အိတ်ပိန်ရှုံ့ရှုံ့များအဖြစ်။

"တောက်…သွားပါပြီကွာ"

"တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မမက ဖောင်းခဲ့မြည်ခြင်းရဲ့ တရားခံက ဒီမုန့်ထုပ်တွေမှ ဆိုတာသိ၍ စိတ်အေးလက်အေးဖြစ်ကာ နေရာမှာ ပြန်ထိုင်ပေမယ့် ထိုလူက ခေါ်သမျက်လုံး တဝင်းဝင်းက မမထံ ရောက်လာကာ

"ဘာတော်ပါသေးရဲ့လဲ"

"ရှင်"

"ငါအဆာပြေစားဖို့ကို မင်း အကျအနထိုင်ချတော့"

"တောင်းပန်ပါတယ်ရှင်၊ ကားထွက်နေတော့လေ၊ မမက နီးရာခုံ ဝင်ထိုင်လိုက်တာ၊ မကြည့်မိလို့ပါ"

"အေး…မင်းမကြည့်မိတာနဲ့ ငါက အငတ်ခံရတော့မယ် ပေါ့"

"ဟို…အဲဒီလိုသဘော မဟုတ်ပါဘူး၊ မမက ထပ် တောင်းပန်ပါတယ်၊ ရှင် အငတ်မခံချင်ရင် စားလိုက်လေ၊ ဘာမှပေ သွားတာမဟုတ်…"

"ဘာ"

ဖွတ်အော်သောအသံကြောင့် မမမှာ တုံ့ခနဲဖြစ်သွား ကာ…





"လန့်လိုက်တာ"

"လန့်လို့ အသက်ထွက်သွားလည်း အေးတာပဲ၊ မင်း ဖင်နဲ့ တက်ထိုင်ထားတာကို ငါက စားရမှလား၊ အဓိပ္ပာယ်မရှိ"

"ဖင်နဲ့ထိုင်ပေမယ့် စက္ကူတစ်ထပ် ခြားထားတာကို"

သူ့ကို ရည်ရွယ်ပြောတာမဟုတ်ပါ။ အမှန်ကို ခေါင်း ငုံ့ပြီး မပွင့်တပွင့် ရေရွတ်တာကို ကိုဒေါ်သက ကြားဖြစ်အောင် ကြားသွားကာ…

"မင်း ဘာပြောတယ်၊ စက္ကူခြားထားပေမယ့်… တောက်…ငါပြောလိုက်ရ မကောင်းပဲရှိတော့မယ်"

သူ့ယောက်သမျှ မျက်လုံးလေးဝိုင်း ဇက်ကလေးပုကာ နားထောင်နေပြီးမှ မျက်နှာကို ဟိုဘက်လှည့်တော့ နှုတ်ခမ်းတွေ လုံးနေအောင်စုရင်း…

"မကောင်းလည်း မပြောနဲ့ပေါ့၊ လူက လက်တစ်ဆစ်၊ ဒေါသက ပေတစ်ရာဆိုတာ ဒါမျိုး"

"မင်း"

နားနားကပ်ပြီး ကြိတ်မနိုင် ခဲမရလေသံနှင့် သွား[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေကာ ခပ်ကျိတ်ကျိတ်ခေါ်တော့…

"မမတောင်းယန်ပါတယ်၊ တကယ်တောင်းယန်တာပါ"

"မတောင်းယန်နဲ့၊ မင်း သေလောက်အောင် တောင်းယန်လည်း ငါ မကျေဘူး"

ခြံရုံက ပိပြားသွားပြီဖြစ်သော မုန့်ထုပ်တွေကို ကားပြတင်းပေါက်မှ အပြင်သို့လွှင့်ပစ်ရင်း

"နောက်တစ်ခါ မင်းကိုတွေ့ရင် လက်ပစ်ဗုံးဆောင်ထားမယ်၊ ဝင်ထိုင်တာနဲ့ တစ်ခါတည်း မပြန်လမ်းကြွသွားအောင်"

မကျေမနပ်နှင့် စွေစောင်းစောင်းကြည့်ပြီးပြောကာ နံမှာခေါင်းမှီရင်း ဦးထုပ်ကိုဆွဲချကာ အိပ်သွားသည့် ထိုလူကို ငေးရင်း မမ ဘာသံမှမထွက်ရဲတော့။ မကျေနပ်တာရှိလျှင် စိတ်က မထိန်းနိုင်ဘဲ နှုတ်ခမ်းများဆီ ရောက်ရောက်သွားတတ်တဲ့ အကျင့်ကြောင့် ပြဿနာတက်ခဲ့ရပေါင်းများပြီ။

ကိုယ်တိုင်က သတ္တိရှိရှိနှင့် နှုတ်လှန်ထိုးရဲသလားဆိုတော့လည်း မဟုတ်ပါ။ ဒါပေမဲ့ ပစိပ္ပစပ် ရှေ့ရှတ်တတ်သော အကျင့်ကြောင့်





"နင်က လေပုန်းမ"

စုထွေးက နာမည်ပေးရတဲ့အထိ မမအကျင့်က မွေးရာပါခဲ့တာဖြစ်သည်။ ဒါတောင် ဘေးကလူကို ကျေလည်းမကျေနပ်၊ ကြောက်ရင်းစွဲရှိရှိနှင့်ပင် လက်ပိုက်ကာ မလှုပ်မယှက် အိပ်လာသူအား ခိုးဝှက်ကြည့်ရင်း

"ဟွန်း…ဗုံးထောင်တော့လည်း သူပါ လွတ်မှာကျလို့၊ တစ်ခုံတည်း ထိုင်နေပါတယ်ဆိုမှ"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ခုံမှာထိုင်နေရတယ်ဆိုပြီး သက်သာတယ်မထင်နဲ့ ငါ့ကောင်ရေ၊ ဒီမှာ စာရင်းတွေနဲ့ ငွေအမောင့်(တ်)ကိုက် မကိုက် ပြန်စစ်နေရတာ၊ ခေါင်းတောင်မူးတယ်၊ မြေညီထပ်ဆိုင်ခန်းတွေ က ကွန်ပလိန်းလာတယ် ခြံရဲ့ စာချုပ်ကို သုံးနှစ်စာမလုပ်ဘဲ နှစ်နှစ်ထားပေးပါတဲ့၊ ပြီးတော့ Level 4 မှာ နိုင်ငံခြားသားက ရုံးခန်းဖွင့်ချင်တယ်တဲ့၊ သူက ဒေါ်လာနဲ့ချေပေးလို့ ရမလား တဲ့"

စားပွဲနောက် ဆုံလည်ခုံမှာ ထိုင်တာနဲ့ ကျော်စွာက စာရွက် ထပ်ကြီးတွေ၊ ဖိုင်တွဲတွေကို သူ့ရှေ့လာချပေးရင်း မေးစရာရှိတာ



www.burmeseclassic.com

www.burmeseclassic.com



တရစပ်မေးသည်။ ခြံရှံက ဗိုင်တွဲထဲရှိ ဆိုင်ခန်းတွေရဲ့ အငှားစာချု
တွေကို တစ်ချက်စစ်ကြည့်ရင်း

"မြေညီထပ်ဆိုင်ခန်းတွေအတွက် အဆင်ပြေအောင် ဖ
ကြည့်လုပ်ပေးလိုက်လေ၊ နှစ်နှစ်ဆိုလည်း နှစ်နှစ်ပေါ့၊ ရုံးခ
ငှားမယ့်လူက"

ကျော်စွာက ဗစ်ဇစ်တင်းကတ်တစ်ခု ချပေးရင်း

"ဂျာမန်လူမျိုးကွ၊ သူ့ရေတာက တက္ကသိုလ်ရိပ်သာလမ်
ထဲမှာ လုံးချင်းငှားထားတယ်၊ ဒီမှာက မြို့လယ်ခေါင်ကျလို့ ရုံးခ
ဖွင့်ချင်တာ"

ဗစ်ဇစ်တင်းကတ်ကို ခြံရှံက သာမန်ပဲ အကြည့်တစ်ချ
ရင်း

"ဒေါ်လာတွေ ဈေးကျနေတယ်ဆိုတော့ ဒေါ်လာနဲ့ ငွေ
တာမျိုးဆို အဆင်မပြေဘူး ကျော်စွာ၊ မြန်မာငွေနဲ့ပဲ ငှားမယ်
အကြောင်းပြန်လိုက်ပါ"

"အိုခေ"

"ဒါနဲ့ လူနေခန်းအလွတ်တွေ ရှိသေးတယ်မဟုတ်လား"





"အေး…လေးခန်းတောင် ရှိသေးတယ်လေ၊ မင်းနေ
မလား"

စားပွဲပြင်ကို လက်ချောင်းထိပ်နဲ့ တဒေါက်ဒေါက်ခေါက်
ရင်း သူက စဉ်းစားခန်းဝင်သည်။ ကျော်စွာကတော့ ငြိမ်ကျသွားတဲ့
သူ့ကိုကြည့်ရင်း

"မင်းနေမယ်ဆို ပိုတောင်ကောင်းသေး၊ ပြီးတော့ ဒီကွန်ဒို
ကြီးက မင်းအပိုင်မှန်း သူတို့သိတာပဲ မဟုတ်လား"

"ငါပိုင်လို့ ငါနေတာမှန်ပေမယ့် ဒီမှာဆို လမ်းကြောင်း
ပေါက်တာ လွယ်တယ်လေ"

ခြံရှံက ဆံလည်ခုံမှာ လျှော့ရဲရဲထိုင်ရင်း ပင့်သက်ရှိုက်
တာ

"မျက်ရည်စက်လက်နဲ့ မာမီ ရောက်လာရင် ငါ
ကျောခိုင်းနေနိုင်မှာမဟုတ်ဘူး"

"မင်း အခုနေတဲ့ နေရာကျတော့လည်း မြို့စွန်ကျပြီး
ခေါင်လွန်းသလားလို့၊ သွားရေးလာရေး ဝေးရတဲ့အထဲ ကားက
မရှိတော့…"



www.burmeseclassic.com

www.burmeseclassic.com



စကားစ ပြတ်သွားသလို အခန်းထဲ တိတ်ဆိတ်ခြင်းတွေ ကြီးစိုးသွားပြီးမှ

"မင်း ကားပြန်ယူရင်ရော"

"အစောကြီးကတည်းက မယူချင်လို့ ထားခဲ့တာ၊ အဲဒီကားက နေ ကားကုမ္ပဏီ စဦးစီးတဲ့နှစ်မှာ ငါ့ကို ပထမဆုံး လက်ဆောင်ပေးထားတဲ့ကား၊ ကျွတ်...ထားစမ်းပါကွာ၊ အဲဒီဘဝင် ရှုးနဲ့ လေတင်လေအောက်တောင် မထိုင်ချင်ဘူး၊ အရှုံးမိုင်းရုပ်စိတ်တွေ ကူးမှာစိုးလို့"

သူကပြောတော့ ကျော်စွာမှာ မရယ်နိုင် မပြုံးနိုင်ဘဲ ခေါင်းယမ်းရုံသာ တတ်နိုင်သည်။ ခြံရံက ထိုင်ရာမှထရပ်ပြီး ဆုံလည်ခုံနောက် လျှောက်သွားကာ လိုက်ကာကြိုးဆွဲဖွင့်တော့ မှန်ချပ်ကြီးတွေကတစ်ဆင့် ရန်ကုန်မြို့ရဲ့ မနက်ခင်းကို စီးမိုးမြင်နေရသည်။ ဂျင်းဘောင်းဘီအိတ်ထဲ လက်ဖျားထည့်ရုံ လက်နှိုက်ရင်း

"ဒီ ကွန်ဒိုတောင် ကိုကိုနဲ့ငါ ရှယ်ယာလုပ်ခဲ့တာမို့လို့၊ ဟိုမှာ ကိုကို အိမ်ထောင်ပြုတော့ ဒီမှာက အမြတ်အစွန်းဆိုတာ





လည်ပတ်နေပြီလေ၊ အဲဒါကြောင့် ကိုကို့ရှယ်ယာ ငါ ပြန်အမ်းနိုင်တာ"

"ကိုလရိပ်က မအမ်းပါနဲ့ပြောသားပဲ"

"မကောင်းဘူးလေကွာ၊ သူ့စိမ်းဖက်လာတာကိုး၊ ပြီးတော့ ကိုကိုက ဟိုမှာအခြေချဖို့ ပြင်ဆင်ပြီးသား"

"ကိုလရိပ်သာ အိမ်ထောင်မပြုရင် မင်း နေညိုလင်းရဲ့ စက်ကွင်းက လွတ်နိုင်တယ်နော်...ဟော့ကောင်"

"ကိုကိုက အဲဒီအရေးတွေ ကြိုမြင်လို့ သူကြိုက်တဲ့သူ ယူသွားတာနေမှာပေါ့"

"အေးကွာ...မင်းအဖြစ်ကလည်း တကယ့်ပြောင်းပြန်ကြီး၊ တခြားမိဘတွေများ ကိုယ့်သားနဲ့ မွေးစားသမီး နီးစပ်သွားမှာစိုးလို့ ကန့်ကွက်ကြ၊ ခွဲခြားကြနဲ့၊ မင်းကျမှ"

အသက်သုံးဆယ်ကျော်၊ အိမ်ထောင်သက် ဆယ်နှစ်မှာ သားသမီးမထွန်းကားသော ဦးမိုးညိုနှင့် ဒေါ်ထိပ်ထားတို့က ကလေး နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် မွေးစားခဲ့သည်။

သားကြီး လရိပ်လင်း၊ သမီးငယ် နေညိုလင်း။ မွေးစား



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက နှစ်ယောက်စလုံးဟာ အသက် ငါးနှစ်ကျော်နှင့် တစ်နှစ်မို့ အငွေစား အမြွေခံ ဒီနှစ်ယောက်အား အရွယ်ရောက် တာနှင့် မိသားစုတစ်ခု ထူထောင်ပေးရန် စိတ်ကူးများနှင့်…။

လူတွေ စိတ်ကူးထားသည်နှင့် လက်တွေ့ဘဝ ကွာခြားခဲ့ တာက နေညိုလင်း တစ်နှစ်ကျော်မှာပဲ ဒေါ်ထိပ်ထားမှာ ကိုယ်ဝန် ရှိလာသည်။ ထိပ်ထားစံအိမ်ရဲ့ တစ်ဦးတည်းသော မျိုးဆက်သစ် ခြံရှင်နှင့် အရွယ်မတိမ်းမယိမ်း နေညိုတို့က ငယ်သမိုင်းကြောင်း ကတည်းက မတည့်အတူနေ။

“နင်က ငါ့ထက် ငယ်တယ်၊ ငါ့မောင်လေး၊ ငါပြော တဲ့အတိုင်းလုပ်”

“တွေ့လား၊ ငါနိုင်းတာလုပ်ဆို၊ ငါလုပ်တဲ့အတိုင်း မလုပ်နဲ့ ခြံရှင်၊ ငါက နင့်ထက်အကြီး”

အာထားတွေ ပါဝါတွေပြကာ ခေါင်းခေါက်တာလည်း ရှိသည်။ နားခေါင်းဆွဲညှစ်တာလည်း ရှိသည်။ ကလေးမို့ အသား နာသည့်အခါ ရှူးရှူးဝါးဝါး ထငိုလျှင် ကိုကိုက ချော့ဖော်ရပြီး နေတို့က





“ယောက်ျားမဟုတ်တဲ့အတိုင်းပဲ၊ ဒါလေးနာတာကို၊ နင် သတ္တိမရှိဘူးလား”

သတ္တိပြတတ်တဲ့ အရွယ်ရောက်လာတော့ နေ ခေါင်း တစ်ချက်ခေါက်လျှင် ခြံရှင်က တွေ့ကရာနှင့်ကောက်ပေါက်သည်။ နေ ဗိုက်ခေါက်ဆွဲလိမ်လျှင် သူက လိမ်ဆွဲသောလက်အား သွားရာ ပေါ်အောင် ကိုက်သည်။ ထိုအခါကျတော့

“အကြီးကို အကြီးမှန်းမသိဘူး၊ နင်ရိုင်းတာ မာမီနဲ့ ပြန်တိုင်မယ်”

သားအရင်းနှင့် မွေးစားသူတွေကို တန်းတူချစ်တတ်သော မာမီနှင့် ဒက်ဒီက နေ့ကိုဆို နည်းနည်းတော့ ပိုလေသည်။ နေ ပြောတာအမှန်။ နေ လုပ်တာဆို မမှားလို့ ခံယူထားသည့် အထဲ

“ညီအစ်ကိုနှစ်ယောက်ကြားမှာ မိန်းကလေးက တစ်ယောက်တည်းပါတာ၊ သားကြီးက ညီမလေးဆိုပြီး ငဲ့ညှာ ရမယ်၊ သားငယ်က မမဆိုပြီး လေးစားရမယ်”

ဒီအစ်ကို ဒီမောင်ကို ညှာတာပါ၊ ထောက်ထားပါတော့ မပါသည့် တစ်ဖက်သတ် ဆုံးမစကား။ ပြန်တွေးကြည့်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သာယာနာပျော်ဖွယ် မရှိသော အတိတ်က အနိုင်ရလိုခြင်းများနှင့် ပြည့်နှက်နေခဲ့၏။ ကိုယ်စီအရွယ်ရောက်တော့ မာမီတို့ စီစဉ်ခဲ့တာ ကိုကိုနှင့်နေကို ဆိုပေမယ့် နိုင်ငံရပ်ခြားမှာ ကျောင်းတက်ရင်း အလုပ်တစ်ဖက်နှင့် ကိုကိုက ဟိုနိုင်ငံသူနှင့်ပင် လက်ထပ်ကာ

"သားကို ခွင့်လွှတ်ပါ"

အစချီသည့် စာတမ်းရှည်ကြီး ရောက်လာတော့ ဒက်ဒီနှင့် မာမီ စိတ်မကောင်းရုံမှတစ်ပါး ဘာမှမတတ်နိုင်ခဲ့။ မာနမင်းသမီး နေကတော့ တီကောင်ဆားပက်ခံရတာထက်ဆိုးသော တွန့်တွန့်လူးပုံမျိုးနှင့် မာနတွေ ရှက်ပြီး ဆတ်ဆတ်ခါနာတာကို သူ ကြည့်ပြီး ထိုစဉ်ကတည်းက ရယ်ပွဲဖွဲ့ခဲ့သည်။ သို့ပေမယ့် ထိုမြားဦးရဲ့ ရည်ရွယ်ရာက သူ ဖြစ်လာသည့်အခါ

"မင်း ဘရိတ်ဖက်စ် ဘာစားပြီးပြီလဲ ခြံရံ"

ကျော်စွာအသံကြောင့် အတိတ်နှင့် ပစ္စုပ္ပန် ကူးလူးနေသော စိတ်တွေ ဒီနေရာမှာပဲ တစ်ခန်းရပ်၏။

"မစားရသေးဘူး"





ပြန်ဖြေရင်း ဗိုက်ထဲဟာနေတာ အခုမှ သတိပြုမိသည်။ ဟိုတစ်ယောက်ကြောင့်လို့ တွေးမိတော့ ဖရိုဖရဲ ဒီဖိုင်းကြားထဲက မျက်ဝန်းတောက်တောက်၊ နှုတ်ခမ်းတွေ စုချွန်နေသော မျက်နှာတစ်ခုက အာရုံထဲ မဖိတ်ဘဲ ဝင်လာ၏။

"အဟွန်း"

ပန်းတွန့်ရယ်ကာ ဒီဘက်လှည့်ရပ်တော့ သူ့ကို မျက်လုံးအကြောင်သားနှင့် ကျော်စွာက မေးရင်း

"ဘာဖြစ်တာလဲ"

အကြောင်ကြောင် မေးသည်။ ခြံရံက ပြုံးရိပ်မသေသေးသော နှုတ်ခမ်းကို သွားနှင့်ဖွဖွကိုက်ရင်း

"အလကားပါ၊ လမ်းမှာတွေ့ခဲ့တဲ့ ချိုးထုပ်အကြောင်း တွေးမိလို့"

"ဟွန်း...မင်းချိုးထုပ်အကြောင်းကလည်း ရွံရွံရှာရှာနဲ့၊ ရွံ့တွတွ မပြောဘဲ ကြည်နူးသာယာနေတဲ့ရုပ်နဲ့၊ နေစမ်းပါဦး၊ မင်းတွေ့ခဲ့တဲ့ ချိုးထုပ်က တော်တော်မွှေးနေလို့လား"

"အေး...ဒီတစ်ခါတွေ့ရင် နမ်းကြည့်ပြီးမှ ပြောမယ်၊"



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လစ်မယ် ဟောကောင်၊ ငါ့အစာအိမ်က ကြာကြာပစ်ထားလို့ စိတ်ကောက်ချင်နေပြီကွ''

''အဲဒါကြောင့် စာရေးဆရာတစ်ယောက်က ရေးတာနေမယ်''

''ဘာရေးတာလဲ''

ကျော်စွာ့ပခုံးကိုဖက်ရင်း အခန်းထဲမှ ထွက်ကာ သူမေးတော့

''စိတ်ကောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေသည်တဲ့''

သူက ကျော်စွာပြောတာ နားထောင်ရင်း

''နမော်နမဲ့ဖြစ်တာကရော ဘာကိုထိခိုက်စေသလဲ ဟောကောင်''

သူမေးတော့ ကျော်စွာ အားတက်သရော ပြန်ဖြေတာက

''ငါလည်း မသိဘူးလေ''

တစ်ခါတစ်ရံ မသိခြင်းတွေက စိတ်ကူးတွေကို ပို





စင်စေသလား ခြွံရဲ့ မသိပါ။ ထိုကောင်မလေးက ဘယ်ကလဲ။ ဘယ်သူလဲဆိုတာလည်း ခြွံရဲ့ မသိလေသောအခါ မသိခြင်းတွေကြား သူ သတိရနေမီတာက ထူးဆန်းနေသလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ထူးဆန်းလိုက်တာ၊ ကြေးအိုးက တခြားကြေးအိုးတွေနဲ့ မတူဘူးနော်၊ အသားတွေ၊ အသည်းတွေရော၊ ပြီးတော့ ငုံးဥတွေလည်း အများကြီးပဲ၊ ကြက်ဥလည်း ပါသေးတယ်၊ ရှယ်မှ တကယ့်နှစ်ထပ်ကွမ်း ဇွတ်(ဒ်)ရှယ် မမသီဂီ"

ကြေးအိုးပန်းကန်လုံးကို မျက်စိနဲ့ မွှေနှောက်လှန်လှော ကြည့်ရုံ အားမရဘဲ မမက ကောင်တာနောက်မှားကို လည်ပင်းရှည်မျှော်ကာ လှမ်းအော်သည်။ ဗိုက်ဆံတွေကို အရွက်ကြီး သပ်သပ်၊ အကြွေသပ်သပ်ခွဲနေတဲ့ မမသီဂီက မကြည့်ဘဲ မေးဆတ်ကာ ဘာလဲဟု အသံတိတ်မေး၏။

ဦး ဦ ၁၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဟို…ဒီလို ရှယ်ကြေးအိုးမျိုး မမရော မှာစားလို့ရ လားလို့"

"အေး…သုံးပွဲစာပေးရင် ရမယ်"

"သုံးပွဲစာတောင်"

မျက်လုံးပြူးကာ အလန့်တကြား မေးပြီးမှ

"နေပါစေတော့၊ တန်လည်း မတန်ဘူး"

"အေး…မတန်ရင်လည်း မစားနဲ့ဟေ့၊ သွား…မြန်မြန် သွားပို့၊ စားပွဲနံပါတ်(၈)နော်၊ ဗီအိုင်ပီဝိုင်း မမ၊ သတိထားပြီး မြန်မြန်လှုပ်ရှား"

"သတိလည်းထားရဦးမယ်၊ မြန်မြန်ပါ လှုပ်ရှားရဦးမယ်၊ ဟွန့်…နိုင်းလည်း နိုင်းတတ်ပါ့ မမသီဂီရယ်"

မမက ထုံးစံအတိုင်း တစ်ယောက်တည်း နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ကာ ကြေးအိုးပန်းကန် တင်ထားသော ဗန်းကိုတော့ ဂရုတစိုက် သယ်လာခဲ့ပါသည်။ ဗီအိုင်ပီတွေအတွက် စားပွဲနံပါတ် (၈)နှင့် (၁)ဆိုတာ ခန်းမကျယ်ကြီး၏ ထောင့်နံ့ထိပ် တစ်ဖက်စီ မှာဖြစ်ပြီး အားမှာ မှန်ချပ်တွေကာထားသည့် ပြတင်းပေါက်တွေ





သာရှိသဖြင့် ရှပ်ရှပ်ထွေးထွေးရှိလှသော ကားလမ်းမနှင့် ကောင်းကင်ကြီးအား တကျယ်တပြောတွေ့နိုင်သည်။ တခြား စားပွဲဝိုင်းတွေနှင့် နေရာခြားသဖြင့် လွတ်လွတ်လပ်လပ် အေးအေး ရှာရှိ၏။

မမက ကြေးအိုးဗန်းလေးကို စားပွဲဝိုင်းတွေ လူတွေ ကြေ့ရှောင်ကာ သယ်လာရင်း လူနှစ်ယောက်ထိုင်နေသော စားပွဲ နံပါတ်ရှစ်သို့ရောက်မှ

"ဒီက ကြေးအိုးနဲ့ နန်းကြီးသုပ် မှာထားတာနော်၊ သုံးဆောင်ပါရှင်"

ရင်းနှီးနွေးထွေးသော သနပ်ခါးနံ့နှင့် ရူးရှပေမယ့် ချိုသြ သော အသံ။ ခြံရံက ကိုယ့်ရှေ့ရောက်လာသော အငွေ့တထောင်း ထောင်းထနေသည့် ကြေးအိုးမှာ အာရုံမရောက်တော့ဘဲ ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည်။ သေချာပါသည်။ ဒီမျက်နှာကို မှတ်မိတာ နှင့် သူမရဲ့ ဖရိုဖရဲသွင်ပြင်က အခုတော့ဖြင့် သူမ မဟုတ်သလို။

မှန့်ပန်းကန်တွေကို ဂရုစိုက်ချပေးပြီးမှ ဘေးဘီဆီ အာရုံ မရောက် ဗန်းလေးပိုက်ပြီး ပြန်ထွက်သွားဟန်ပြုမှ



www.burmeseclassic.com

www.burmeseclassic.com



"ငါမှာတာ ကြေးအိုးမဟုတ်ဘူး"

"ရှင်"

ဗန်းလေးပိုက်ပြီး ဖျတ်ခနဲ ဒီဘက်လှည့်ကြည့်တော့ ဆံပင်ရှည်ရှည်၊ ပိုင်းသိုင်းမွေးစစနှင့် ဒီလူရုပ်ကို စိတ်ထဲ ရင်းနှီးသလိုရှိပေမယ့် ငါမှားပြန်ပြီဆိုတဲ့အသိကြောင့် ထိုလူ ဘယ်သူဆိုတာ အမြေရှာမအားဘဲ

"ဟို…ဒါဆို ရှင်မှာတာ ဘာများလဲ၊ မမ စားပွဲမှားချတာလား၊ အိုး…ဟုတ်ပါဘူး၊ ဒါ စားပွဲနံပါတ်ရှစ်ပဲဥစ္စာ"

တစ်ယောက်က ကောင်တာဆီပဲ ချက်ချင်းပြန်ပြေးမေးတော့မည့် အထိတ်တလန့် မျက်ဝန်းတွေနှင့်ဖြစ်ပြီး ကျန်တစ်ယောက်က အေးစက်စက်အမူအရာနှင့် ကြေးအိုးယန်းကန် တောင်တွန်းထုတ်ပစ်လိုက်သေးသည်။ ကျော်စွာက ကြေးအိုးယန်းကန်ကို တစ်လှည့်၊ ခြံရှံမျက်နှာကိုတစ်လှည့်ကြည့်ရင်း

"မင်းမှာတာ ကြေးအိုး"

"အေး…ကြေးအိုးဆီချက်မှာတာ"

ခပ်တည်တည်နှင့် သူက ကြားဖြတ်ဝင်ပြောရင်း အု





ကြောင်ကြောင် သူမထံ မေးဆတ်ပြကာ

"ကဲ…မင်းလုပ်တာ လွဲလာပြီ၊ ဘယ်လိုဆက်ရှင်းမှာလဲ"

"ဘာကိုရှင်းရမှာလဲ မမက"

"ဟ…မင်းလွဲပြီး ယူလာတာလေ"

ခုံကို လက်ဝါးနဲ့ ဖြန်းခနဲပုတ်ပြီး ပြောတာကြောင့် မမ ကိုယ်လေး ဆတ်ခနဲ တုန်သွား၏။ ခြံရှံက ဒါကို အခွင့်ကောင်းယူကာ

"ဒီတစ်ပွဲစာ မင်း လျှော်လိုက်၊ ငါ့ကို ကြေးအိုးဆီချက်ပြန်မှာပေး"

"အို…မဖြစ်ပါဘူး"

သွက်သွက်လက်လက် မမက ငြင်းရင်း

"ဒါက နှစ်ပွဲစာကြီးတောင် ပေးရတဲ့ဥစ္စာ"

မပီမသ ရေရွတ်ပြီးမှ

"ဒါက လူကြီးမင်းကိုယ်တိုင် ငွေချေပြီး မှာထားတာပဲ၊ လွဲစရာမရှိပါဘူး၊ ဒီဆိုင်က ကိုယ်တိုင်မှာစနစ်ပဲဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



"ကက်စတမ်မာတွေဘက်က အမြဲမှန်တယ်ဆိုတာ မင်း မေ့သွားပြီလား"

ခြံရံက ခုံကိုကျောမှီပြီး အေးအေးဆွာမေးတော့ သူမက နားပန်းဆံကို စည်းထားတဲ့ ဆံပင်တွေ အိစက်လှုပ်သွားအောင် ခေါင်းညိတ်ပြရင်း

"ဟုတ်…မမ မမေ့ပါဘူး၊ ဒါပေမဲ့ ကက်စတမ်မာတွေ အမြဲတမ်းမှန်နေဖို့ မမတို့ အမြဲတမ်း မှားပေးနေရမှာတော့ တရားမျှ တမှုမရှိဘူး ထင်တာပဲ"

"ယော…မင်း စကားပြောရင် တမတည်း မ နေရအောင် မင်းက ငါ့ထက် အသက်ဘယ်လောက်ကြီးလို့လဲ"

"ဟော့ကောင်"

ဒီကောင် တစ်မျိုးပြီးတစ်မျိုး ရစ်နေတာ အကြောင်း တစ်ခုရှိပြီဆိုတာ သိပေမယ့် ကျော်စွာက ဒီတိုင်း ထိုင်ကြည့် မနေနိုင်။ ထို့ကြောင့် ဖွန့်ဖြေရန် ဝင်ဟန့်တော့ ခြံရံ့ ရှုံ့မှုန်ကုပ်ကုပ် အကြည့်က မင်း ဝင်မပါနဲ့လို့ ပြောနေသယောင်။

"အသက်ကြီးလို့ ပြောတာမဟုတ်ဘူးရှင်၊ ဟို…မခ





က"

"လာပြန်ပြီလား ဒီမမ"

ဒီတစ်ခါလည်း ပိတ်အော်တာမို့ မမမှာ နောက်သို့ ခြေတစ်လှမ်း ဆုတ်တဲ့အထိ လန့်ဖျပ်သွားပြီးမှ ဒီစာတ်လမ်း ဒီနေရာမှာ တစ်ခန်းမရပ်နိုင်မှန်း သိတာကြောင့် မျက်လုံးစုံမှိတ်ကာ

"မမနာမည်က မမတင့်တယ်မို့ပါ"

ခပ်သွက်သွက်ပြောချသည်။ ဒါတောင် ထိုလူညစ်က မကျေမလည် အကြည့်နှင့် မမတစ်ကိုယ်လုံး စုန်ချည်ဆန်ချည် ကြည့်ရင်း

"မမတင့်တယ်…ပေးလည်းပေးတတ်တဲ့ နာမည်"

ဂုဏ်ပြုတာလား၊ ကဲ့ရဲ့တာလား မသိပေမယ့် နှုတ်ခမ်းတွေ မဲ့ပစ်ပုံက နှစ်လိုခြင်းကင်း၏။

"ဟဲ့…ဒါဘာဖြစ်နေတာလဲ မမ၊ ဘာတွေလွဲပြန်ပြီလဲ"

"အယ်…မမသီဂီ"

မေးခွန်းနှင့်အတူ ရောက်လာတဲ့ မမသီဂီကြောင့် သူမက အားရဝမ်းသာဖြစ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"စားပွဲနံပါတ်ရှစ်က ကြေးအိုးမှာထားတာပါ၊ ဟုတ်တယ်နော် မမသီဂီ"

"ဟုတ်တယ်လေ"

မမသီဂီက မမကို ဘေးဖယ်ကာ စားပွဲဝိုင်းနား ခါးညွှတ်အရိုအသေပေးရင်း

"ဘော့စ်"

"အဲ…ဘော့စ်"

မမ နှုတ်ခမ်းတွေဝိုင်းသွားအောင် အံ့သြခြင်းတွေ ထိန်းမနိုင်ခဲ့။

"ဘာအဆင်မပြေလို့လဲ ဘော့စ်၊ ဒါ ဘော့စ် သဘောကျတဲ့ စားဖိုမှူးလက်ရာပါ၊ လိုအပ်တာ ဘာရှိလို့လဲ မသိဘူးနော်"

သူက မမသီဂီကို လက်ကာပြရင်း မငြိမ်းချမ်းနိုင်တဲ့ အကြည့်တွေက မမထံပါး တဝဲလည်လည်နှင့်။

"မလိုအပ်ပါဘူး၊ ဒါပေမဲ့ ဒီမှာထိုင်ပြီးမှ စားချင်တာ ကြေးအိုးဆီချက် ဖြစ်သွားတယ်"

"ရပါတယ် ဘော့စ်ရဲ့၊ သီဂီ ပြန်လဲပေးပါ့မယ်"





"ဒီတိုင်းတော့ မလဲပါနဲ့၊ ကျွန်တော့်ကို မသိတဲ့သူကို သိသွားအောင် မိတ်ဆက်တဲ့အနေနဲ့ သူ့ကို ဒီကြေးအိုးတိုက်ပြီး မှတ်ထားနိုင်းပေါ့၊ နောက်တစ်ခါ ရှိရှိသေသေ ဆက်ဆံတတ်အောင်"

ကြည့်စမ်း…ခြေချင်းချိတ်ပြီး မျက်တောင်ဖျားတွေ ခင်းချကာ မထီတရီပြောပုံက တကယ့်အထက်စီးက။ မမသီဂီကတော့ ဟုတ်ကဲ့ချင်း ခလုတ်တိုက်အောင် ခေါင်းညိတ်နာခံရင်း

"ရော့…ဒီကြေးအိုး ညည်း ဝိုင်သွားပြီ၊ ဘော့စ်…ဒါက မမတင့်တယ်ပါ၊ ဆိုင်ကို ဒီနေ့မှရောက်လာတဲ့ ဝန်ထမ်းအသစ်၊ မမ…ဒါက Green World ရှော့ပင်း(န်)မောလ်ရဲ့ဘော့စ် ဦးခြိရုံတဲ့၊ နင် မှတ်ထားနော်၊ နောက်တစ်ခါ ဒါမျိုး ပြဿနာ မတက်စေနဲ့၊ ကြားလား"

"ဟုတ်…မမသီဂီ"

အသိအမှတ်ပြုရပေမယ့် ဒီဘက်ပြန်အလှည့်မှာ သူ ကြားအောင် ရေရွတ်တဲ့စကားကို ခြိရုံက ကြားဖြစ်အောင် ကြားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း…များမှာပေါ့၊ ဘော့စ်က သူဌေးနဲ့မှမတူတာ"

သူလိုကြားသော ကျော်စွာက ပြုံးစေ့စေ့နှင့် နန်းကြီး သုပ်ကို အဆက်မပြတ်စားရင်း ရယ်ချင်တာ ဖုံးဖိထားပုံပေါ်သည်။ ခြံရံကတော့ တီရှပ်လည်ကပ်၊ ဂျင်းပင်(န်)ဝတ်ထားသည့် ကိုယ့်ကိုယ်ကို ငုံ့ကြည့်ရင်း

သူဌေးနဲ့တူအောင် သူ ဘာလုပ်ရမလဲ။

• • •

## အခန်း (၅)

"အဲဒီတော့ နင် ဘာဆက်လုပ်လဲ"

"ဘာဆက်လုပ်ရမလဲဟဲ့၊ သူဌေးရဲ့ ပွဲတော်ကျကို ငါ တောင်းကောင်းအုပ်တာပေါ့၊ အဲဒါကြောင့် ဒေါ်လေးထည့်ပေးတဲ့ ထမင်းတောင် အရာမယွင်းတာ ကြည့်ပါလား"

"ဒီတစ်ခါ နင်များတာ အများကောင်းပေါ့"

"ဒါပေါ့…မိုးမာန်ရဲ့၊ အဲဒီလို အများမျိုး ထပ်များရင် တောင် မမတို့က များပျော်တယ်"

"အစီပွားယ်မရှိတာ မမရာ"

ထုံးစံအတိုင်း မိုးမာန်က မျက်ခုံးတန်းတွေ ကွေးချိုး



ဇိုး:မို:၁၇၆၂

www.burmeseclassic.com

www.burmeseclassic.com



ရေရွတ်တော့ မမက လျှာတစ်လစ်ထုတ်ပြီး ငြိမ်သွားသား။ ဒါပေမဲ့ အကျင့်ပါနေတဲ့ နှုတ်ခမ်းတွေက လှုပ်လှုပ်ရွရွနှင့်

"လာပါဦးမယ် ဆုံးမစကား၊ သူ့ကိုယ်သူ လူတတ်ကြီး လုပ်ပြီးတော့"

ပစ်ပစ်ရွတ်၏။ မိုးမာန်က သူမအကြောင်း သိပြီးသား မို့

"ဘာမှ မကြားတကြား ပြောမနေနဲ့၊ ကြေးအိုးသောက် ရဖို့ နင်က ခဏခဏ မှားရမယ်ဆိုတာတော့ အဓိပ္ပာယ်ကို မရှိတာ"

"ဟဲ့…သူကြေးအိုးက ရိုးရိုးမဟုတ်ဘူးဆို၊ ရှယ် နှစ်ထပ် ကွမ်းကြေးအိုး"

"အေး…ဘာပဲဖြစ်ဖြစ်ဟာ၊ ငါဝယ်တိုက်မယ်၊ ကဲ… မရဘူးလား"

"မရပါဘူး"

ရင်ဘတ်များအထိ ကျနေသော နှစ်ဖက်ခွဲစည်းထားသည့် ဆံပင်ပျော့ပျော့တွေ ဝဲသွားအောင်ခါရင်း

"နင့်အမေကြီး မကြည်ဖြူတဲ့ဟာဆို ငါ မစားဘူး

မိုး : မိုး : ၀၁၆ပ



ဟွန်း…အပင်းအဆိပ်တွေ ဖြစ်မှာစိုးလို့"

"ဟယ်…မမရယ် ဘယ်လိုပြောလိုက်တာလဲ၊ မိုးမာန် က စေတနာနဲ့ပြောတာကို"

"နင် မသိပါဘူး စုထွေးရာ၊ ဟွန့်…သူ့အမေကြီးက"

မကြားအောင်ပြောပေမယ့် တိုက်ခန်းကျဉ်းကျဉ်းလေးရဲ့ မီးဖိုချောင်ထဲ အတူတကွရှိနေတဲ့အဖြစ်က တစ်ယောက် ပင့်သက် ရှိုက်တာတောင် ကျန်တစ်ယောက်က အတိုင်းသား ကြားနေရင်ဲ့ အခြေအနေ။ မိုးမာန်က လေးထောင့်ထမင်းစားပွဲမှာ ထိုင်နေပြီး သူတို့ညီအစ်မနှစ်ယောက်က ဘာစင်မှာ ထမင်းချိုင့်တွေ ဆေးနေ တာမို့ စုထွေးက တံတောင်နှင့်လှမ်းတွတ်ကာ သတိပေးပေမယ့်

"သူ့သား ရန်ကုန်မှာ အလုပ်လာလုပ်တာတောင် ငါ့ကို ထောက်ပံ့နိုးနိုး ကျွေးမွေးနိုးနိုးနဲ့ ဖြစ်နေတာဟဲ့၊ အဲဒါမျိုးဆို ငါကလည်း အလွန်မုန်းတာ၊ တကယ်"

စုထွေးကို လှည့်ပြောရင်း ဆေးပြီးသား ထမင်းချိုင့်တွေကို အဝတ်ခြောက်နဲ့သုတ်ကာ

"ငါက စားရမဲ့သောက်ရမဲ့ ကျနေတာပဲ"

မိုး : မိုး : ၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ…မမရယ်"

"အားနာမနေနဲ့ စုတွေး"

ထမင်းစားပွဲမှ ထိုင်ရာမထ လှမ်းပြောတဲ့ မိုးမာန်ကြောင့် စုတွေးက ဒီဘက်လှည့်ရပ်ရင်း

"မမအကြောင်း မိုးမာန်က သိထားတဲ့သူမို့ပေါ့"

"သူနဲ့အမေက အခုမှမဟုတ်ဘူး၊ ဟိုးငယ်ငယ်ကတည်းက ဆုပ်နေတွာလေ"

"ဟမ်…ဘာလဲ ဆုပ်နေတွာ"

ရှင်းနေရာက ရှုပ်သွားတာကြောင့် စုတွေးက မမကို လှည့်မေးသည်။ မမက သုတ်လက်စ ချိုင့်ကိုထိပ်ရင်းက

"မတည့်အတူနေလေ၊ ဆုပ်နေတွာရဲ့ စီးရီးသစ်"

"ဪ"

စုတွေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း သဘောပေါက်သွားပုံရသည်။

"တကယ် အဲဒီလိုဖြစ်ရတာ နင် တရားခံ မိုးမာန်"

"ဟွန်း…ဖြစ်ရပြန်ပြီ"





"မဟုတ်လို့လား၊ နင့်အမေလုပ်ပေးတဲ့ မုန့်တွေ နင်က ငါ့လာကျွေး၊ ငါက စားမိပြီး သူ့အမေတွေ့တဲ့အခါ အန်တီ လက်ရာ သိပ်ကောင်းတာပဲဆိုပြီး ချီးကျူးမိတော့ သူက တခြားလူတွေကို သဘောမကျဘဲ သူ့သား ငါ့ကြောင့် မိုက်မဝတာတဲ့ဟေ့၊ တကယ် ဝါပဲ၊ ပြောလည်းပြောတတ်တဲ့ ပါးစပ်"

မုန့်ပြောရင်း ဒေါသတွေထွက်၊ မာန်တွေပါလာကာ အင်္ကျီ လက်ကို ခေါက်တင်ရင်း မကျေမချမ်း ဖြစ်နေသေးသည်။ ဟုတ်တော့လည်း ဟုတ်သည်။ သားကိုချစ်လွန်းတဲ့ အမေနှင့် ဆတ်ဆတ်ကြဲ နမော်နမဲ့ မိန်းကလေးကြားမှာ သူက တရားခံ။

ငယ်တုန်းက မုန့်ပြဿနာနှင့် စခဲ့ကြသည့် အမေနဲ့ သူမ ကြားမှာ အရွယ်ရောက်တော့ အပြစ်မြင်စရာက တစ်မျိုးဖြစ်လာ ခဲ့သည်။

"မျက်စိထဲမြင်သမျှ ဘာမှအချိုးမပြေတာ သားမာန်၊ ကြည့်စမ်း…မိန်းကလေးဆိုလို့ ဆံပင်ပခုံးကျော်တာပဲရှိတယ်၊ စက်ဘီးတလွှားလွှား ရှပ်အင်္ကျီတဖားဖားနဲ့ ထဘီက တိုသေး"

"မမက သနပ်ခါးတော့ လိမ်းပါတယ် အမေရ"



www.burmeseclassic.com

www.burmeseclassic.com



"အေး…ညီညီညာညာ လှလှပပမှ မဟုတ်တာ၊ သနပ်ခါးကို လက်ဝါးနဲ့သုတ်ပြီး ပါးပေါ် ဖတ်ခနဲတင်ထားတာ မျိုး၊ အဆိုးဆုံးက နမော်နမဲ့နိုင်တာပဲ၊ စက်ဘီးစီးရင် စက်ဘီးနဲ့ ဝင်တိုက် မိတယ်၊ လမ်းလျှောက်ရင် ဈေးဗန်းတက်နင်းမိတာနဲ့၊ တိုက်စရာမရှိ ကိုယ့်ခြေထောက်ချင်း ခလုတ်တိုက်ပြီး ခွေးချေးပုံ ဟပ်ထိုးလဲတဲ့ သူမျိုး၊ ဒီတော့ အမေ ရှင်းရှင်းပဲ ပြောထားမယ်၊ ဒီကလေးမနဲ့ သားမာန်နဲ့ကို ရိုးရိုးခင်တာလည်း မကြိုက်ဘူး၊ ဆန်းဆန်းခင်မှာ လည်း သဘောမကျဘူး၊ ပတ်သက်ခဲ့သမျှ ဒီနေ့ပဲ အကုန်အစ ဖျောက်"

ကြိမ်းဝါးတာ ဆူပူတာ မိုးမာန်ကိုဆိုပေမယ့် ကျဉ်း မြောင်းလှသော နယ်မြို့လေးရဲ့ သတင်းပို့ဆောင်ချက်က အင်တာ နက်ထက် မြန်သည်။ မမက သူ့တွေ့တာနှင့် မျက်စောင်းချို ခါးထောက်ရင်း

"နင် ငါ့အနား မကပ်စမ်းပါနဲ့"

"မမ နင် ဘာဖြစ်…"

"ငါ ဘာဖြစ်လဲ နင့်ကိုယ်နင် အသိဆုံးနေမှာပေါ့၊ ဒီမှာ





သူများသားသမီးကို မှိုချိုးမျှစ်ချိုးပြောတတ်တဲ့ နင့်အမေကို ပြောလိုက်၊ သူ့သား နင့်ကို စိတ်ကူးထဲမပြောနဲ့၊ အိမ်သာတက် ရင်းတောင် မတွေးဘူး၊ ထွက်ချင်တဲ့အီး ပြန်ချုပ်သွားမှာစိုးလို့၊ သဘောပေါက်"

နှုတ်ခမ်းတွေ အစွမ်းကုန်ထော်အောင် ရန်တွေ့ပြီး ထဘီ မကာ သူ့ရှေ့က တဆောင့်ဆောင့်ဖြတ်အသွား

"အမေ့"

လမ်းပေါ်ပစ်ချခံထားရတဲ့ ဖရဲသီးခွံကို တက်နင်းပြီး ပိုင်းခနဲ လဲကျပုံရတဲ့အဖြစ်ကြောင့်

"ခုန်း…ခလွမ်း…ဂလုံ"

ဆက်တိုက်ထွက်လာတဲ့ အသံတွေကြောင့် အတိတ်ထဲ က မိုးမာန် ရုန်းထွက်တော့

"မမ ဘာဖြစ်တာလဲ"

"နင် မမြင်ဘူးလား၊ ချိုင့်တွေ လက်နဲ့တိုက်မိပြီး ပြုတ်ကျ ကုန်တာ၊ ဟွန့်…နင့်အမေကြီး ငါ့ဆီ မေတ္တာတွေပို့နေသလား မသိဘူး၊ နင် ဒီရောက်နေမှန်း သိလို့နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေ လုံးနေအောင်ပြောရင်း သူ့ကို မျက်စောင်းပါ လှမ်းရွယ်သည်။ မိုးမာန်က ဒါကို သဘောတကျရယ်ရင်း တစ်နေရာစီလွင့်သွားတဲ့ စတီးချိုင့်တွေကို လိုက်ကောက်ပေးဖြစ်သည်။ မမကတော့ ထုံးစံအတိုင်း တစ်ဖက်လှမကြားအောင် ပစိပစိရေရွတ်တုန်း။ သူကလည်း ဒါကိုကြည့်ရင်း ရင်ခုန်တုန်း။ အမေကတော့ ဒီလိုမြင်ကွင်း မြင်ယောင်ရင်တော့ ရင်ဘတ်စည်တီးတွေဖြစ်ကာ မိုးမာန်နားရွက်ကို လာဆွဲရင်း

"နင်တော့ တစ်သက်လုံး ဒင်း ဖရိုဖရဲဖြစ်သမျှ လိုက်ကောက်ရမယ့်အကောင်"

ရင်ထုမနာ ပြောလေမလား။ သူကတော့ ဘာပဲဖြစ်ဖြစ် ချစ်သောမျက်စိနဲ့ ကြည့်သောအခါ ချစ်စရာတွေသာ မြင်နေရတာ သူ့အလွန်လား။



## အခန်း (၆)

နားခေါင်းထဲ ပြင်းပြင်းရှရှ ဝင်ရောက်လာသော ရနံ့အီအီ။ ဒီရနံ့ကို ခြံရဲ့ ရင်းနှီးသည်။ ရင်းနှီးသလောက် မလိုလားခြင်းများစွာနှင့် နားခေါင်းရှုံ့ပေမယ့် အောက်ဆီဂျင်ထဲ ရောနှောပါလာသမျှသူ လက်ခံရသည်သာ။

"ဝိုး...အိပ်ခန်းကလည်း ကဖျစ်ကညစ်ပါလား"

ဒီအသံ။ ခြံရဲ့ လေးလံလွန်းတဲ့ မျက်ခွံကို အတင်းဖွင့်ကြည့်သည်။ မြင်နေကျ မျက်နှာကျက်က မီးပန်းဆိုင်းကြီးကို အရင်တွေ့ရသည်။ သို့ပေမယ့် နားထဲမှာ မစိမ်းသော ချာမြင့်အိနဝ်သံ။

"အဟွန်း...မာမီသာမြင်ရင် မျက်ရည်လည်ရွဲဖြစ်တော့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ခြံရုံစံအိမ်ကြီးရဲ့ တစ်ဦးတည်းသောမျိုးဆက်က ဒီလို ခပ်စုတ်စုတ်တိုက်ခန်းထဲ…"

"နေ့"

လှုးလဲထပြီး ခြံရုံက အလန့်တကြား ထခေါ်သည်။ နေက သူတစ်ပါးလန့်တိုင်း သဘောကျတတ်တဲ့ ပုံစံမျိုးနဲ့ ပခုံးတွန့်ရယ်ကာ

"မှတ်မိသားပဲ"

"နင် ငါ့အခန်းထဲကို ဘယ်လိုလုပ်ပြီး"

"ရော်…နင်တော့ နေထိုင်မှုပုံစံ ပြောင်းလိုက်တာနဲ့ မှတ်ဉာဏ်တွေပါ ပျောက်ကုန်တာလား ခြံရုံ၊ ဒီတိုက်ခန်းကို ကန့်ထရိုက်ယူပြီး ဆောက်ခဲ့တဲ့အထဲမှာ ငါက အဓိကစီစဉ် ကြီးကြပ်သူလေ"

မပြောင်းလဲခြင်းများစွာတို့ထဲမှာ နေက အရင်အတိုင်း သူ့ကိုယ်သူ ယုံကြည်မှုလွန်ကဲဆဲ။

"လွန်ကဲတာတွေ ဘဝင်မြင့်တာတွေလို့ မင်း ခေါင်းစဉ်တပ်စရာမလိုဘူး ခြံရုံ၊ ဒါတွေက ရှိသင့်တာထက်ပိုတဲ့ နေ့အရည်





အချင်း၊ တကယ်ဆို ဒက်ဒီ မျှော်လင့်ခဲ့တာက မင်းနဲ့လရိပ်ကို ဆိုပေမယ့်"

"လိုတာထက် ပိုသွားတဲ့အရာတိုင်းမှာ ဆိုက်ဒ်အဖက်ထ်ဆိုတာ ရှိတာပဲ ဒက်ဒီ"

နေနဲ့ပတ်သက်ပြီး သားအဖတွေ ဆွေးနွေးပွဲထိုင်တိုင်း အမြင်ချင်း ဘယ်တော့မှ တစ်ထပ်တည်းမကျခဲ့။

"မင်းပြောတာ ဒက်ဒီ မငြင်းပါဘူး၊ ဒါကြောင့် လိုတာထက် ပိုတော်နေတဲ့ သမီးနဲ့ လိုတာထက် ပိုလျော့နေတဲ့ မင်းကို ဒက်ဒီတို့ လက်ထပ်စေချင်တာပေါ့"

ဒက်ဒီ့စကားတွေက သူ့ဒေါသမာနကို နိုးဆွခဲ့သလို ရှိပေမယ့် ခြံရုံက ထိုအရာတွေထက် ပိုအရေးကြီးတာက မလိုချင်တာကို ငြင်းဆန်ခွင့်ဆိုလျှင်…။

"ထတော့၊ အပျင်းထူမနေနဲ့ ခြံရုံ၊ ဒီတိုက်ခန်းတွေထဲက ရောင်းမထွက်တဲ့ အခန်းတိုင်းရဲ့သော့ ငါ့လက်ထဲမှာရှိတယ်"

"အဲဒီလို ပိုင်စိုးပိုင်နင်းတာတွေကြောင့် ငါ နင့်ကို မကြိုက်တာ နေ"



www.burmeseclassic.com

www.burmeseclassic.com



ညဝတ်အိပ်ထားတဲ့ စွပ်ကျယ်ကို ခါးစပ်ဆီမှ လှန်ချွတ်သည်။ နေက ဖြူဝင်းစိုနေသော ခြံရဲ့ ရင်ဘတ်တွေဆီ မျှော်ခန့် အကြည့်ရောက်ပြီးမှ နံရံကို ပခုံးစွန်းနှင့် အကျအနမှီကာ လက်ပိုက်ပြီး ကြည့်နေတာ စိမ်ပြေနပြေ။ ခြံရဲ့က ထိုအကြည့်ရူးတွေကို မကြိုက် သလို မျက်ခုံးအတွန့်ချိုးကာ မျက်နှာလွှဲပစ်ရင်း

"အဲဒါမျိုးကြည့်တာလည်း..."

"မကြိုက်လည်း ကြည့်မှာပဲ၊ ငါလုပ်သမျှ ငါကြိုက် ဖို့ အရေးကြီးတယ်"

"လောကကြီးနဲ့ သဟဇာတဖြစ်ဦးမယ့် ဒဿနပဲ"

မဲ့ပြုံးနှင့် ခပ်ရွဲ့ရွဲ့ပြောပြီး ခြံရဲ့က ရေချိုးခန်းထဲဝင် သွားသည်။ နေက ခုတင်မရှိဘဲ ပါကေးပေါ် ဒီအတိုင်း အတုံး လိုက်ချထားတဲ့ ရေမြှုပ်မွေ့ရာကြီးပေါ် ဝင်ထိုင်ရင်း ကျန်ရစ်သူ အပြုံးများနဲ့။ သူမနဲ့ခြံရဲ့က ငယ်ရာဇဝင်ရှိခဲ့သည့်အတိုင်း မသင့် မြတ်ခြင်းတွေက အရွယ်ရောက်တဲ့အထိ မပြောင်းလဲခဲ့။

"နင်တို့နှစ်ယောက်က နှစ်နိုင်ငံ စစ်မျက်နှာဖွင့်ထား တာကျနေတာပဲ၊ မောင်နှမတွေကို၊ သူစိမ်းတွေမှမဟုတ်တာ"



"မောင်နှမ မတော်ပါဘူး"

"သူနဲ့ညီက သူစိမ်း"

သုံးယောက်ထဲမှာ အကြီးဆုံး လရိပ်စကားကို ဖယ်ရှား ရင်း အဲဒီလို ပြုံင်တူငြင်းရင်း အငြိုးကြီးမျက်လုံးကိုယ်စီနှင့် အသံ တိတ် စစ်ခင်းပြီးမှ ခြံရဲ့က

"ကိုကိုနဲ့ ညီနဲ့ကမှ တကယ့်ညီအစ်ကို"

ပြောတိုင်း နေ့ရင်ထဲမှာ ထူးခြားပြီး နာကျင်ခြင်းဆိုတာ ရှိခဲ့။ ထိုစဉ်ကတည်းက နေဟာ ခြံရဲ့နှင့်သွေးသားမတော်စပ် ချင်တာ ဘာကြောင့်လဲလို့ တစ်ကိုယ်တည်း မေးမိတိုင်း အဖြေ ရှိဘဲ ပြုံးမိတာအခါခါ။

"နင်က နည်းနည်းတော့ သည်းခံမှပေါ့ နေရာ၊ ခြံရဲ့ ဆိုတာက ဒက်ဒီ၊ မာမီတို့ရဲ့ တကယ့်သွေးအစစ်၊ ငါတို့က..."

"စစ်တိုင်း အချစ်ပိုရမယ်လို့ နင့်ကို ဘယ်သူပြောလဲ ကိုကို"

အကြားတင့်တယ်အောင် ကိုကိုလို့ ခေါ်တတ်ပေမယ့် နင်နဲ့ ငါကတော့ နှုတ်ကျိုးအောင် သုံးနှုန်းတတ်စမြဲ။




www.burmeseclassic.com

www.burmeseclassic.com



"ပိုချစ်လည်း နေက ဝမ်းနည်းတာမျိုး မဖြစ်တာ သေချ
တယ်၊ ဒါပေမဲ့ သူက သားအရင်းမို့ ဦးစားပေးရမယ့် စိတ်မျိုး
ငါ ဒီနေ့အထိ မွေးမရသေးဘူး၊ ငါ့ဆက်ဆံရေးမှာ လိုတိုးပိုလျော့
မရှိဘူး ကိုကို"

အားလုံးနဲ့ ခေါင်းငုံ့နားခံတတ်သော ကိုကိုက ကျစ်
စုတ်သတ်ကာ

"နင်နဲ့တော့ ခက်တာပဲ နေ"

ညည်းတွားရုံမှတစ်ပါး ကိုကိုလည်း နေ့ကိုမနိုင်ခဲ့
လက်ထပ်ပေးဖို့ ရည်ရွယ်တုန်းကလည်း ပျော့ညံ့သော ကိုကို
အင်းမလှုပ် အဲမလှုပ်။ နေကသာ ဦးဆောင်ပြီး

"ဒက်ဒီသားကို မေးကြည့်ဦး၊ ရည်းစားတွေ ဘာတွေ
ရှိနေပြီလားဆိုတာ၊ နေနဲ့လက်ထပ်ရမှာကို ကြက်ကြီးလည်လ
ထားသလိုပဲ"

စကားလမ်းကြောင်း ဖွင့်ပေးတော့ တစ်စခန်းထတာ
ခြံရုံ။

"လည်လိမ်တာထက် ဆိုးမှာ ဒက်ဒီ၊ ချိုးထုပ်ကော





တာပဲ၊ ဘယ်သူက ပျော်မှာလဲ၊ ပိုဆိုးတာက ချိုးထုပ်မှန်းသိသိ
နဲ့ လွှင့်ပစ်လို့မှမရတာ"

"ခြံရုံ…နင့်ပါးစပ်ပိတ်ထားနော်"

လက်ထဲ အသင့်ရှိသော ဖုန်းနှင့် ပိတ်ပေါက်မယ်ရွယ်
သော့ မာမီကပင် ကြားဝင်ကာ

"ကလေး ကလေးလိုနေစမ်း ခြံရုံ"

ကဲ…အခုတော့ ဒီကလေးက သိပ်မကြာခင် ကိုယ့်ခင်ပွန်း
လောင်းဖြစ်လာမယ့်သူတဲ့။ သူကတော့ လက်မထပ်ချင်၍ အိမ်ကနေ
ဘာပစ္စည်းမှမယူဘဲ တစ်ကိုယ်တော် ရှက်လွှင့်သွားတဲ့အပြင်

"ငါက မိန်းမပဲယူချင်တာ၊ ကိုယ့်ကို ဆရာလုပ်ပြီး
လက်ညှိုးထိုးခိုင်းနေမယ့်သူဆို လုံးဝ စိတ်မဝင်စားဘူး၊ ပိုဆိုး တာက
ချိုးဘတ်ထဲ ထည့်လို့မှမရတာဘဲ၊ ရင်နှန့်သံမပါမယ့် အတူတူ
အပါစေတော့၊ ငှက်ပျောတုံးဖက်ရတာမှ နွေးနွေးထွေးထွေး ရှိဦး
မယ်"

နေ့ကို ခိုင်းနှိုင်းသွားတာ ငှက်ပျောတုံးလောက် မနွေး
သွားဘူးဆိုတဲ့သဘော။ မာမီကတော့ ဒီစကားကြားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



"သမီး စိတ်ထဲထားမနေနဲ့၊ ခြံရံက အဲဒီလိုပြောလို့
ရမှ နေသာထိုင်သာ ရှိတာလေ၊ သူက သမီးကို သံယောဇဉ်ရှိ
သားပါ"

နေကတော့ ကိုယ့်ခံယူချက်နဲ့ကိုယ်ပင်။ သူ မချစ်
သံယောဇဉ်မရှိတာတွေကို စိတ်ဝင်တစား လေ့လာနေဖို့မ
လူဆိုတာ ကိုယ်ဆန္ဒနှင့်ကိုယ် ရပ်တည်တာ အကောင်းဆုံးမို့
သံယောဇဉ်ရှိနေရင် ဒီလက်ထပ်ပွဲကို ဆင်နွှဲလို့ရပါသည်။

"ဟား...နင် မပြန်သေးဘူးလား၊ ဘာလာလုပ်
မသိဘူး၊ ကျစ်"

ဆံပင်ရှည်တွေကို ခေါင်းလျှော်လာဟန်တူသည
တဘက်နှင့် ခြောက်အောင်သုတ်၊ ဒရိုင်ယာကို ပလပ်ထိုး
အခြောက်ခံနေတာကို နေက ကြည့်ကောင်းကောင်းနှင့် ကြ
သည်။ ခြံရံက ဆက်ပြောလည်း ထူးလာမှာမဟုတ်တာ သိ
သား။ ထို့ကြောင့် ဥပေက္ခာပြုကာ ဗီရိုဖွင့်ပြီး တီရှပ်အနက်
ကာကီရောင်ဘောင်းဘီရှည်ကို ထုတ်ပြီးမှ

"ဟွန်း...မှားမှာပေါ့၊ ဘော့စ်က သူ့ဒွေးနဲ့မှ မတူတ

မှတ်ချက်ပေးသော နှုတ်ခမ်းလုံးလုံးနှင့် ဆံပင်နှစ်ဖက်
ညှပ်ထားသော ဟိုတစ်ယောက်ကို သတိရတော့ လူက အလို
ပြုံးချင်သွား၏။ ကျော်စွာကတော့ အားပေးသား။

"ပြောတဲ့သူ အပြစ်မဟုတ်ဘူး ခြံရံ၊ မင်းဟာက
တကယ်လည်းဟုတ်တာပဲ၊ ဝတ်တော့ တီရှပ်နဲ့ ဂျင်း၊ လက်ဆွဲအိတ်
...လုံးနဲ့၊ ဒီကြားထဲ ဆံပင်ကရှည်တော့ ဘော့စ်နဲ့မတူဘဲ
...သတ်သမားနဲ့ တူတယ်လို့ ဆက်မပြောသွားတာ
...ကောင်း"

အတော်အားတက်ဖွယ်ကောင်းသော ချီးမွမ်းချက်ပင်။

"အဟွန်း"

ခြံရံက ပန်းတွန့်ကာ အသံထွက်အောင် ရယ်ပြီးမှ
...ထားသော တီရှပ်ကို ပြန်ထည့်သည်။ ရုပ်အင်္ကျီအထပ်ထဲမှ
...က်ရောင် ဆော်တာရှပ်တစ်ထည်ထုတ်ပြီး ဒီဘက်ပြန်လှည့် တော့
...အား မမိုတ်မသုန် စိုက်ကြည့်နေသော နေ့မျက်ဝန်း တွေနှင့်
...ညှိတည့်တိုးသည်။ အမြဲခေတ်လွန်နေတဲ့ နေဟာ မရမ်းစေ့ရောင်
...နှုတ်ခမ်းတိုက ဒူးအထက်ထိရောက်ပြီး ဂါဝန်ပေါ်မှ ချိုင်းအောက်ထိသာ



www.burmeseclassic.com

www.burmeseclassic.com



အရှည်ရှိသော ဂျာကင်က အဖြူခွတ်ခွတ်။ ဒူးနားအထိရှည်တဲ

လည်ရှည်ခေါက်မြင့်ဖိနပ်က အညိုရင့်ကို နားချွဲတို့လို့တဲ့လောင်း

ခါးကျော်တဲ့ ဆံပင်အလိပ်အကောက်တွေက နီညိုရင့်ရင့်

ရုတ်တရက်ကြည့်လျှင် ကမ္ဘာမှားလာသူလို။

"နင် ဘာကိစ္စမှမရှိရင် ပြန်တော့ နေ၊ ငါ အပြင်ထွက်

တော့မှာ"

ခြိမ့်ရုံက အားသွင်းထားတဲ့ ဖုန်းကိုဖြုတ်။ လက်(ပ်)တော

နှင့် ပိုက်ဆံအိတ်ကို လက်ဆွဲအိတ်အသေးထဲ ထည့်ကာ လျှော်ပြ

သား ဆံပင်ရှည်တွေက လက်ငါးချောင်းနှင့် ထိုးဖွရုံဖြင့် ခေါင်းပြ

ခြင်းအဆင့်က ပြီးစီးလေသည်။ သူမရှေ့တင် အင်္ကျီ ဘောင်းဘ

လဲခြင်းက ပြီးသွားတာမို့ ခြိမ့်ရုံက အိတ်ဆွဲပြီး အပြင်ထွက်ဟ

ပြင်တော့မှ

"ပြောစရာရှိလို့လာတာ ခြိမ့်ရုံ၊ အောက်က ကားပေါ်မှ

မာဒီ ပါလာတယ်"

"ဘာ"

ဒီတစ်ခွန်းသာ ပြောနိုင်ပြီး ခြိမ့်ရုံက အိမ်သော့ကို အလ





လိုခတ်ကာ အောက်ထပ်ဆီ အလျှင်စလို ပြေးဆင်းနေတော့ နေက

သူ့အင်္ကျီလက်မောင်းစကို လှမ်းဆွဲထားရင်း

"ဖြည်းဖြည်းပေါ့၊ နင် မတွေ့ချင်လို့ အိမ်က ခွဲဆင်း

သာပြီးမှ"

"ငါ မတွေ့ချင်တဲ့သူက မာဒီ မဟုတ်ဘူး နေ"

အံကြိတ်ကာ လှည့်ပြောပစ်သည်။ အချေအတင်တွေ

ပြောချင်ပေမယ့် ပြောဖြစ်အောင် ဖန်တီးသူကရှိတာမို့။ နေက

တော့ နားဆွဲတွေ ခါယမ်းသွားအောင် ခေါင်းမော့ကာ ဟက်

ဟက်ပက်ပက်ရယ်ရင်း

"နင် မတွေ့ချင်တဲ့သူကို တစ်သက်လုံး ရှောင်နေလို့မရ

ဘူးဆိုတာ နင် သဘောမပေါက်သေးပဲကိုး ခြိမ့်ရုံရဲ့၊ နေပါ နင့်စိတ်

ကြိုက်၊ ဒါပေမဲ့ ဒက်ဒီက လက်ထပ်ဖို့ရက် သတ်မှတ်ပေးတော့မှာ

တဲ့"

"ငါက ဆောရီးပါဆို"

"နင် ငြင်းခွင့်မရှိအောင် စီစဉ်မှာတဲ့၊ ဒါပေမဲ့ နင် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ငါက လူတစ်ယောက်ကို ကြိုးနဲ့တုပ်ပြီးမှ အပိုင်မသိမ်းချင်လို့ ကြိုးရှည်ရှည်နဲ့လွှန်ထားတာ''

ဩော်···သူ လွတ်လပ်နေတဲ့အဖြစ်က သူတော်လို့ မဟုတ်ဘဲ သူမ လွတ်မြောက်ခွင့်ပေးထားလို့သာ။ တက်တစ်ချက် ခပ်ပြင်းပြင်းခေါက်တော့ သူမက မျက်ခုံး ဆတ်ခနဲပင့်ပြကာ အပြုံးနှင့် လှေကားမှ ဦးအောင်ဆင်းသည်။ သူမနှင့်အတူ ပြေးဆင်းရင်း ဆွဲဆောင့်ဖို့လည်း မသင့်တော်။ နောက်ပါးမှ ပြေးကန်ပစ်ဖို့လည်း မလျော်ကန်တာမို့ ခြံရုံမှာ မဆိုင်တာတွေ နားထောင်ပြီး အံကြိတ် နေရတဲ့ဘဝ။

♦ ♦ ♦



## အခန်း (၇)

''ကဲ···ဖြစ်ပြီမဟုတ်လား၊ နှင် အဲဒါ မဆိုင်တာကို အနံ့ရှူချင်တဲ့အကျိုး''

''ဟယ်···မဆိုင်တာမဟုတ်ပါဘူး၊ ဒီလိုပဲ ကိုယ်ကြိုက် တဲ့ရေမွှေးဆို အနံ့ခံကြည့်တာပဲကိုး''

''ဆိုင်တယ်လို့ သတ်မှတ်လည်း လျော်တော့ မမ၊ ဟိုမှာ မန်နေဂျာက ငါ့ကို အနီရောင်မျက်မှန်ကြီးတပ်ပြီး ရှုံ့နေပြီ''

ရေမွှေးအရောင်းဝန်ထမ်း အေးချစ်က တိုးတိုးကပ်ပြော သည်။ မမက အေးချစ်ပခုံးကျော်ကြည့်ရင်း မန်နေဂျာ ဒေါ်သီသီ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ဝင်းဝင်းတောက် အကြည့်တွေကြောင့် ဖျတ်ခနဲ ဇက်လေးပုကာ

"အခုချက်ချင်းကြီး လျော်ဖို့ကျတော့ ခြောက်သောင်းခွဲကြီးတောင်၊ ငါ့မှာ ဘယ်ရှိမလဲ အေးချစ်ရဲ့"

"မရှိရင် မကြည့်နဲ့လေ"

အေးချစ်နောက် ရုတ်တရက် ရောက်လာတဲ့ ဒေါ်သီသီကြောင့် မမက မျက်နှာချိုသွေးရင်း

"မမသိ"

"ကဲ…အချိန်မရှိဘူးအော့၊ လျော်စရာရှိတာလျော်၊ အေးချစ်…ပြီးရင် အဲဒီနားက ဖန်ပုလင်းအကွဲတွေ တစ်ခါတည်းရှင်း၊ ရေမွှေးဆိုတာ တစ်တို့နှစ်တို့မှ မွှေးတာ၊ အခု တစ်ပုလင်းလုံး မှောက်ကျသွားတော့ အမွှေးလွန်ပြီး ခေါင်းတွေတောင်ကိုက်တယ်၊ အေးချစ်…ညည်းလည်း ဒီအဖြစ်ကို သင်ခန်းစာယူ၊ နောက်တစ်ခါ မဝယ်နိုင်ကဲ့သူဆို ထုတ်မပြနဲ့"

"မဝယ်နိုင်လို့ မဟုတ်ပါဘူး မမသီ၊ ဒီတစ်ခါ လခထုတ်ရင် ဝယ်ဖို့စိတ်ကူးနဲ့ အနံ့အရင်ခံကြည့်တာပါ"

"ဟဲ့…မမ"





လက်ကုတ်ပြီး သတိပေးချိန်တောင် မရ။ မမတင့်တယ်တို့ လုပ်ချတာ အဲဒီလို။

"အမလေး…မကြားဖူးပါဘူးအေ၊ လကုန်ဝယ်ဖို့ အနံ့အရင်ရှူကြည့်တာတဲ့"

"ဟုတ်တယ်လေ၊ ပြီးတော့ ရေမွှေးပုလင်းကျကွဲတာမမကြောင့်မှ မဟုတ်တာ"

"အလိုတော်၊ ညည်းလက်ထဲကိုင်ပြီး ညည်းကြောင့်ကျကွဲတာ၊ ဒါ ညည်း တရားခံမဟုတ်ဘူးလား"

ဒေါ်သီသီက အရွယ်နှင့်မလိုက်အောင် ကောက်ကွေးထားတဲ့ ဆံပင်တခါခါ၊ အနီရဲရဲ နှုတ်ခမ်းနီတို့နှင့် ဟန်မူပိုကာ ရင်ဘတ်တွေ ဘာတွေ တီးကုန်၏။ မမက အဲဒီလို ရန်တွေ့ခံရမယ်မှန်း သိသိကြီးနှင့်ပင်

"မမလက်ထဲ ကိုင်ထားတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ မမသိရဲ့လူက ဝင်တိုက်သွားတာ၊ စုထွေးရော အေးချစ်ရော ပြီးတော့ မမသီပါ မြင်ရက်သားနဲ့"

ခြံရုံလည်း မြင်ပါသည်။ နေ့လယ်စာစားရန် စက်လှေ



www.burmeseclassic.com

www.burmeseclassic.com



ကားက ဆင်းလာတုန်းမို့ ဒီရေမွေးဆိုင်ကို ရှင်းလင်းစွာမြင်ရတာက လှေကားခြေရင်းတည့်တည့်မှာ ဖွင့်ထားၡပါ။ ကောင်တာမှာ စိမ်းစိမ်း ရောင် ရုပ်အင်္ကျီပွပွ၊ ဂျင်း(န်)ဘောင်းဘီနှင့်။ သူမကို နောက်ကျောက ကြည့်တာနှင့် သိသာစေတာ နားပန်းဆံ ဆံပင်နှစ်ဖက်ကြောင့်။ ရေမွေးပုလင်း၏ ဖန်အဖုံးကိုဖွင့်ပြီး အားပါးတရ အနံ့ရှူကြည့်နေတုန်း ဆိုင်ထဲမှ ကောင်လေးက သူမပခုံးကို ဖြတ်တိုက် ပြေးထွက်သွား ခြင်းပါ။

"အေး…မြင်တယ်၊ ဒါပေမဲ့ ငါ့မောင်က ညည်းထက် အပြစ်လျော့တယ်၊ ပုလင်းက ညည်းလက်ထဲမှာ၊ လျှော်… အခု ချက်ချင်း၊ မလျှော်ရင် ငါ လုံခြုံရေးခေါ်မှာနော်"

"ရှောပင်း(န်)မောလ်တစ်ခုတည်းမှာ အလုပ်လုပ်ကြတာပဲ မမသိရဲ့၊ အခုတော့ အဆင်မပြေဘူး၊ ဟို…စုထွေးတို့ မနက်ကျ မှပဲ"

"အို…မရဘူး၊ အခုပဲ"

"ကဲ…မရရင်လည်း နေပါတော့ စုထွေးရယ်၊ ငါ ဆွဲကြိုး ဖြုတ်ထားပေးခဲ့မယ်၊ အဲဒီလိုဆို အဆင်ပြေမလား မမသီ"





မမက ပြောလည်းပြော ဆွဲကြိုးကို ကော်လံအပြင်ဘက် ဆွဲထုတ်ကာ ဖြုတ်ရင်း

"အလုပ်က စောစောမဆင်းရရင် ကောင်းမှာ၊ အခုတော့ စောစောဆင်းမိပြီး…ဟွန်း…ကြည့်ချင်ဦးဟဲ့ ဒီမျက်လုံး၊ ရှည်ချင် ဦးဟဲ့ ဒီခြေထောက်"

နှုတ်ခမ်းလှုပ်ရုံ ရေရွတ်ကာ ခြေထောက်ချင်း ဖျတ်ခနဲ ပွတ်ကိုက်လိုက်တာမို့ ဘေးက ကြည့်နေရတဲ့ စုထွေးမှာ စိတ်မချမ်း သာပါ။ ဒါပေမဲ့ ဘာမှလည်းမတတ်နိုင်ဘဲ မမ ဆွဲကြိုးဖြုတ် ပေးတာကိုပဲ လက်ပိုက်ကြည့်နေရတဲ့ဘဝ။ ဒေါ်သီသီက လက်ခုပ် ထဲရောက်လာသော ဆွဲကြိုးကို ဆကြည့်ရင်း

"ညည်းဆွဲကြိုးက အစစ်တော့ ဟုတ်ပါတယ်နော် မမ တင့်တယ်"

"ဟုတ်"

မမက ခေါင်းညိတ်ဖြေပေမယ့် စုထွေးက ဒီအထိတော့ အစော်ကားမခံနိုင်တော့။

"မသီသီက ရွှေအတုအစစ်တောင် မခွဲတတ်ဘူးထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အလွယ်ကူဆုံးနည်းက "ပါးစပ်ထဲငုံကြည့်" ဘာနဲ့မှမရှုရင် ရွှေပဲ၊ သြော်…ပြီးတော့ မမဆွဲကြိုးက ငါးမူးသားရှိတယ်၊ အလေး ချိန်မမှန်းတတ်ရင် ဒီမောလ်ထဲက ရွှေဆိုင်မှာ သွားချိန်ကြည့်ပြီး၊ စုတွေးတို့ပြန်ယူလို့ တစ်မူးတစ်ပဲလျှော့ရင် မသိသိ လျှော်ခြင်ထား"

"အမလေး…ဒေါ်စုတွေး၊ ညည်းက လူကို ခြိမ်းလား ခြောက်လားနဲ့၊ ဟွန်း…ဒီဆွဲကြိုးတစ်ကုံး ငါ့ဆီထားပြီး ရေမွှေး ပုလင်းဖိုး ဘယ်တော့ချေမှာလဲ၊ အဲဒါပါ ပြောခဲ့"

လို့ဆိုတော့ စုတွေးမှာ မျက်လုံးကလယ်ကလယ်နဲ့ အသ် တိတ်ကျကာ မမကို တိုင်ပင်သလို လှည့်ကြည့်သည်။ မမက ရင်ဘတ်လေး မောက်တက်အောင် ပင့်သက်ရှိုက်ရင်း

"နောက်ဖြန် လာလျှော်ပေးပါ့မယ် မမသီ"

"ဟဲ့…နင်"

"ငါ့လက်စွပ် ရောင်းမှာပေါ့"

"လာပါ စုတွေးရာ၊ သြော်…နေဦး"

လှည့်ထွက်ရန် ဟန်ပြင်ပြီးမှ မမက ပုလင်းကွဲတွေ ကြည့်ပြီး နေသည့်နေရာမှာ ပုဆစ်တုပ်ထိုင်ချရင်း





"အေးချစ်…ရေမွှေးဘူးခွံပေး၊ ငါ ဒီပုလင်းကွဲလေးတွေ ကောက်ထည့်သွားမလို့"

"နင်ကတော့ မမရယ်၊ တကယ်စံပဲ"

စုတွေးက ညည်းညူရင်း ကူကောက်ပေးရှာသည်။ မမက အစ်စစီဖြစ်သွားတဲ့ ဖန်ကွဲစတွေကို တယုတယ စက္ကူဘူးခွံထဲ ကောက်ထည့်ရင်း

"ခြောက်သောင်းခွဲတန် ပုလင်းကွဲတွေ"

ရွှေတ်နေပုံက ပတ်ဝန်းကျင်တစ်ခုလုံး မွှေးလျှာနေသည့် ဟန်။ သူ့မတို့အနားက ခြံရံတို့ ဖြတ်လျှောက်လာတော့ ကျော်စွာက ခေါင်းငုံကြည့်ရင်း…

"အဲဒါပဲကွ၊ စားစရာမရှိ 'လျှော်စရာရှိဆိုတာ၊ မင်းရဲ့ ဗရိုဖရဲလေးလေ၊ သူ့အနေနဲ့ဆို နမြောစရာကြီးကွ၊ သူ့လာစာကဲ ရှစ်သောင်းထဲရတာကို၊ အေးလေ…ရှစ်သောင်းရတဲ့သူက ခြောက်သောင်းခွဲတန်မှ ကြိုက်တာကိုး"

"မသီသီရဲ့မောင်ဆိုတာ ဟိုထောင့်စားပွဲမှာ အင်တာနက် သုံးနေတဲ့ ကောင်လေးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စွာ ပြောနေတာက တခြား။ ခြိမ့်ရဲ့မေးတာသိပ်သ
မို့ ခေါင်းတစ်ခုလုံး ချာချာလည်အောင် လှည့်ရှာပြီးမှ

"အေး...ဟုတ်တယ်၊ အဲ...မင်း ဘာလုပ်မလို့လဲ ခြိမ့်ရဲ့"

"ငါ့အတွက် ထုံးစံအတိုင်း ကြေးအိုးမှာပြီး စားပွဲနံပါတ်
ရှစ်မှာ သွားစောင့်"

ပခုံးပုတ်တိုက်သလိုနှင့် လူကိုဆောင့်တွန်းပစ်တာ
ကောင်တာများ ရောက်သွားတဲ့အထိ။ ကျော်စွာ လှည့်ကြည့်တော့
ခြိမ့်ရဲ့က ကောင်လေးဘေးနားရှိ နံလွှတ်မှာဝင်ထိုင်ရင်း ဘာတွေ
မေးမြန်းပြောဆိုလဲ မကြားရ။

"ကိုကျော်စွာကြီး"

ဒီဘက်က ခေါ်သံကြားမှ လှည့်ကြည့်ရင်း ကမန်းကတန်း
ပြုံးပြကာ

"ထုံးစံအတိုင်း ကြေးအိုး၊ ကြက်ကြော်တစ်ခြမ်းနဲ့
ကျွန်တော့်အတွက် မလေးရှားထမင်းကြော်"

မှာစရာရှိတာမှာ၊ ငွေရှင်းပြီး ဒီဘက်လှည့်ကြည့်တော့
ခြိမ့်ရဲ့က စားပွဲနံပါတ်ရှစ်မှာ အရင်ရောက်နှင့်ပြီးသား။ ကြိုဖူးသ





ဘယောင်မျိုးများစွာထဲ ဒီတစ်ခါ သူ့ အသိချင်ဆုံးက

"ဒီကောင် ဘာလုပ်နေတာလဲ"

♦ ♦ ♦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဟား…မင်း ဘာတွေလုပ်နေတာလဲ"

"တိုက်မိသွားရင် ဆောရီး၊ ဒီမှာ ခါးပိုက်နှိုက်သွားမှာစိုးလို့ပါ"

တောင်းပန်ရင်း နောက်လှည့်ပြေရှင်းတော့မှ မမျက်လုံးတွေ ဝိုင်းစက်ဖြစ်သွားကာ…

"အယ်…ရှင်"

"ကျွီ"

ဝမ်းသာအားရ လက်ညှိုးထိုးပြီး လှည့်အခေါ် လက်တစ်ဖက်က ဘေးလွယ်အိတ်ထဲ နှိုက်ထားဆဲမို့ အကိုင်အတွယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိသော သူမက ကားဘရိတ်အုပ်ခြင်းနှင့်အတူ ရှေ့သို့ ငိုက်ဆ… သွား၏။

"ကျစ်…ဟာ…ဟိတ်"

မျက်စိရှေ့တွင် တခြားတစ်ယောက်ပခုံးပေါ် မျက်နှာအ… တော့မတတ် ဖြစ်သွားတာမို့ ခြံရုံက သူမလက်မောင်းတစ်ဖက်… လှမ်းဆွဲမှ

"အဲဒီကားက ဘယ်လိုမောင်းနေမှန်း မသိဘူး၊ ကျေး… ရှင်ထိန်းထားပေးလို့"

"ရတယ်၊ မင်းသာ ရှေ့မှာရပ်ပြီး ငြိမ်ငြိမ်နေ"

သူက မျက်လုံးကြီးဖွေကြည့်ပြီးပြောကာ မျက်တော… တွေ ဖိကပ်အောင်မှိတ်ချပြီး အကြည့်လွှဲတော့ ယောက်ျားတစ်… မျက်စောင်းထိုးတတ်ပါလားလို့ ထင်သွားရတဲ့အထိ။ အစောပိုင်း… သူ ကိုယ့်နောက်ပါလာမှန်းမသိဘဲ မမက အိတ်ထဲပြန်ရလာ… ဆွဲကြိုးကို သေချာထည့်နေတာကိုး။

ရုံးဆင်း ရုံး တက်ချိန်ဆို လူတွေ ထပ်စီထားသည်… ထင်ရအောင် ညပ်သိပ်နေသည့် ကားထဲမှာမို့ မမက ရှေ့…

…တ်အထုတ်အသိမ်းလုပ်တိုင်း သူ့ဗိုက်တွေ သူ့ရင်ဘတ်တွေကို …အောင်နှင့် တွန်းမိတိုက်မိနေမှာ အမှန်။ အခုတော့ မတ်တတ် …ရာနေရာ အတည်တကျရပြီမို့

"ဒီမှာ"

မမက ပခုံးချင်းတိုက်ခေါ်သည်။ သူက ငုံ့ကြည့်တော့

"ဘာလဲ"

"ရှင် တက္ကစီငှားနေတာ မဟုတ်ဘူးလား"

သူ့မျက်နှာပေါ် အရိပ်တချို့ ဖြတ်သွားတာမြင်မှ မမ …ပျာသလဲ ဖြစ်သွားတာ သူ စိတ်ဆိုးသွားမှာစိုး၍ပါ။

"မဟုတ်ရင်လည်း ပြီးတာပါပဲ၊ ရှင့်ကို တက္ကစီဂိတ် …မှာတွေ့တာနဲ့၊ ဂိတ်ဆုံးအထိ စီးမှာမဟုတ်လား"

"အင်း"

"အဲဒါဆို ဝမ်းသာစရာ ပြောပြမယ်"

"ငါ ထီပေါက်လို့လား"

"မဟုတ်ပါဘူး"

"ဒါဆို ငါ ကားတစ်စီး ကံစမ်းမဲပေါက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါလည်း မဟုတ်ဘူး၊ ဟို…ဝမ်းသာစရာက မမ အကြောင်း”

“မင်းအကြောင်း”

သူက နားမလည်သလို ခေါင်းငုံ့မေးတော့ သူ့မျက်နှာကို နီးနီးလေး မြင်ရသည်။ ကုပ်ထောက်ဆံပင်ပျော့တွေကို နဖူးစပ်ဆီမှ အားလုံးလှန်ဖြီးကာ သားရေကွင်းနှင့် စုစည်းထားသည်။ ထူသော မျက်ခုံးအောက်က စူးသောမျက်ဝန်းတွေ၊ နှာတံရှိုးမြင့်မြင့်နှင့် နားထင်စပ်တစ်လျှောက် တရိပ်ရိပ်ကျဆင်းနေသော ပါးသိုင်းမွေးစိမ်းစိမ်းတွေကိုကြည့်ပြီး မမ စကားဆက်ရန်မေ့သွား၏။

သူကတော့ မမ တစ်ကိုယ်လုံးမြဲကြည့်တာ ကဲ့ရဲ့လိုဟန် အပြည့်နှင့်ဖြစ်ပြီး ဟွန့်ခနဲ အသံပေး၍ မဲ့ပြုံးတော့လည်း ကြည့်ကောင်းကောင်းနှင့် မမက ငေးနေတာပါပဲ။

“ဒီမှာ…သူများအကြောင်းတွေ ထိုင်နားထောင်၊ ဝမ်းသာစရာရှိ ပျော်ပျော်နေ့အော်၊ ဝမ်းနည်းစရာရှိ မျက်ရည်လေး စမ်းစမ်းနဲ့ ဖြစ်ရအောင် ငါမပေါ်ဘူး”





“ရှင့်ကိုလည်း လူပေါ်ကြီးလို့ မသတ်မှတ်ပါဘူး”

“မင်း”

‘ပြောပြန်ပြီလား’ ဆိုတဲ့အကြည့်နဲ့ သူက အံကြိတ်ရင်း လုံးပြူးကြည့်ပြမှ မမက ကိုယ့်ပါးစပ်ကိုယ် လက်ချောင်းတွေနဲ့ ပိတ်ထားသည်။ ခြံရှံက မသက်မသာနှင့် သက်ပြင်းချရင်း ကားပြတင်းပေါက်ဆီ မျက်နှာပြန်မူ၏။ ဒီတော့မှ မမက ဘေးတစောင်းမြင်နေရသည့် သူ့မျက်နှာကို မရဲတရဲကြည့်ရင်း

“မမ တောင်းပန်ပါတယ်”

“တော်ပါပြီ၊ ထပ်ပြောရင် ထပ်ဆိုးမယ်”

“မမ အပျော်လွန်သွားလို့”

ခေါင်းငုံ့ပြီး တိုးသဲ့သဲ့ပြောသံကို ကြားဖြစ်အောင် ကြားသည်။ နားက အကျင့်ပါသွားသလား။ သူမရဲ့ ပွစိစိရေရွတ်သံ ယဉ်ကျယ်သလား။ သူ မခွဲခြားတတ်ပါ။ သို့ပေမယ့်

“ရေမွှေးပုလင်းအတွက် အလျော်မပေးရတဲ့အပြင် မမ အရမ်းလိုချင်တဲ့ ရေမွှေးပါ ရလာလို့ပါ”

ဒါတွေအားလုံး ဘယ်က ဘယ်လိုဖြစ်လာမှန်းမသိပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ဒီနေ့ မမ ကံကောင်းနေတာတော့ မနက်ကမှသိသည်။

"မမတင့်တယ်…ဒီ…ဒီမှာဗျ"

ကိုယ့်နာမည်ခေါ်တာတော့သိသည်။ အသံကိုမသိ။ သို့ပေမယ့် လှည့်ကြည့်တော့

"ဟင်…နှင်…နှင်၊ မနေ့က ငါ့ကိုဝင်တိုက်သွားတာ၊ ခေါ်သီသီရဲ့မောင်လေး"

"ဟုတ်ပါတယ်ဗျာ၊ ခေါ်လိုက်ရတာ"

"အောင်မာ…နှင့်ကို ဘယ်သူခေါ်ခိုင်းလို့လဲ၊ ဟွန်း… အားအားယားယား၊ နှင်နဲ့ ဆယ်ပေအကွာတောင် မနေချင်ဘူး၊ ကံဆိုးလွန်းလို့"

နောက်ဆက်တွဲစကားအား မမက မျက်နှာလွှဲကာ တိုးတိုး ဆိုပေမယ့်

"အခု ကံမဆိုးတော့ပါဘူးဗျာ"

"ဘာ"

နားယန်းဆံနှစ်ဖက် ယမ်းခနဲခါအောင် မျက်နှာလှည့်အော် တာကြောင့် ကောင်လေးက လန့်သွားပုံရကာ နောက်သို့ ခြေနှစ်





ခမ်းလောက် ဆုတ်သွား၏။ မမက မနေ့ကတည်းက တေးထား သော မကျေနပ်ခြင်းတွေ စုထည့်ကာ အားပါးတရ မျက်စောင်း ထိုးရင်း

"နင်မို့ပြောရက်တယ်၊ မနေ့က နင် လုပ်လိုက်လို့ ငါ့ လက်စွပ် ရောင်းရတော့မယ် သိလား၊ အဲဒါ ကံမဆိုးလို့ ငါ ကံကောင်းတာလား"

ခေါ်နဲ့မောနဲ့ လက်စွပ်မောင်းကွင်းလေး စွပ်ထားသော လက်ငါးချောင်းကို မြင်သာအောင် ကားပြရင်း မမက ပြောသည်။ ကားမှတ်တိုင်မှာ လူတွေက တစေ့တစောင်း အကဲခတ်နေတာမို့ ကောင်လေးမှ ရှက်ရယ် ရယ်ပြရင်း

"အစ်မလက်စွပ် ရောင်းစရာမလိုတော့ပါဘူး"

"ဘာ"

"ဖြည်းဖြည်းအော်ပါဗျာ"

"မအော်နိုင်ပါဘူး၊ ရေမွှေးပုလင်း ခြောက်သောင်းခွဲ အကြောင်းပြပြီး နင်တို့က ငါးမူးသား ငါ့ဆွဲကြိုးကို ဘတ်မလို့ ပေါင်းကြံတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ…ပြောရင်း အမှုက ပိုကြီးလာပြန်ပြီ၊ မဟုတ်ပါဘူး မမတင့်တယ်ရာ၊ ဒီမှာ အစ်မဆွဲကြိုး"

မျက်စိရှေ့ ပြန်ရောက်လာတဲ့ ဆွဲကြိုးကို မမက ဝမ်းသာအားရငေးရင်း ဖျတ်ခနဲ ဆွဲယူသည်။

"ဒါက အစ်မကြိုက်တဲ့ ရေမွှေး"

"အယ်…အသစ်ကြီး"

တအံ့တသြတွေ ဖြစ်နေသော မမကို ကောင်လေးက ဘုရှိုးရှိုးကာ

"ဟုတ်တယ်၊ ခြောက်သောင်းခွဲလည်း လျှော်စရာ မလိုတော့ဘူး"

"ဟယ်…တကယ်"

"တကယ်ပေါ့ဗျ၊ ဒါလေးပြောဖို့အရေး အစောကြီးကလာစောင့်နေရတာ၊ ဟွန်း…မက်လောက်စရာ ရထားလို့ပေါ့၊ ကဲ…ကျွန်တော်လစ်ပြီ"

"ဟဲ့…နေပါဦး"

မမက မိရာလှမ်းဆွဲတော့ ကောင်လေး ကော်လံကို ဆွဲမိ





သွားသည်။ ကောင်လေးက ယက်ကန်ယက်ကန်နှင့် ပါလာကာ

"ဘာလဲဗျာ"

"ဟို…ဒါတွေက နင့်အစ်မ စိတ်ကောင်းဝင်သွားတာလား၊ ဒါမှမဟုတ် နင်က…"

"အစ်မတွေးတာတွေ တစ်ခုမှမဟုတ်ဘူး၊ အစ်မကို ကူညီချင်နေတဲ့လူက ဖန်ဆင်းပေးလိုက်တာတဲ့"

"ကူညီချင်တဲ့လူက ဖန်ဆင်းပေးလိုက်တာ"

သံယောင်လိုက်ပြီး ရေရွတ်ခြင်းနောက်မှာ အံ့သြစိတ်က သတိမ်းကျင်ကို မေ့သွားစေ၏။ ဆွဲထားသောလက် အားလျော့သွားတာနှင့် ကောင်လေးက

"လစ်ပြီဗျို့"

အော်ကာ မမနဲ့ဝေးရာသို့။

"ကွို"

"အမေ့"

ဆောင့်ခနဲ အုပ်သော ဘရိတ်ကြောင့် မမ ယိုင်ပြိုသွားတာက ဘေးမှလူဆီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မင်း ဘယ်လိုဖြစ်နေတာလဲ"

ဒေါသနှင့် ဝိတ်ယောက်တာ အမှုမထားဘဲ ကားမှန်တွေမှ အပြင်ဘက်ဆီကြည့်ကာ

"အိမ်ရောက်တော့မှာပဲ"

"မတ်တတ်စီးရင်း အိပ်ငိုက်လာသလား မင်း"

"အယ်…မငိုက်ပါဘူး"

"ဟွန်း…မငိုက်ပေလို့ပဲ၊ ဟိုဘက်တိုးလိုက် ဒီဘက်တိုးလိုက်နဲ့၊ သီချင်းထဲက အတိုင်းပဲ"

"လိုင်းကားစီးကြတဲ့သူချင်း ဒီလောက်တော့ သည်းခံမှပေါ့"

"မင်းက သည်းခံချင်စရာကို မကောင်းတာ"

"အဲဒါကြောင့် ရှင်ကလည်း သူဌေးနဲ့ကို မတူတာ"

"ဘာ"

မမက မကြားတကြားပြောရင်း ကားထိုးရပ်သော မှတ်တိုင်မှာ သူ့ရှေ့က တိုးဝှေ့ကာ အရင်ဆင်းသည်။ မြေပြင်ကို ခြေချမိတာနဲ့ ရှပ်အင်္ကျီအဖျားစကို ဆွဲဆန့်ရင်း





"ပြောတော့လည်း မကြိုက်ဘူး၊ ရှောပင်း(န်)မောလ်ရော ကွန်ဒိုခန်းတွေ ပိုင်တယ်ပြောပြီး ကားလေးတောင် ငှားမစီးဘူး၊ ပြီးတော့ လူကို ဘာဘာညာညာက ဟောက်သေး"

"မမတင့်တယ်"

"ရှင်"

မမက နောက်ပါးမှ ခေါ်သောအသံကြောင့် ဇက်ပုကာ ရှင်ခနဲ ထူးရင်း ဖြည်းဖြည်းချင်း လှည့်ကြည့်တော့ သူ့ကို ဒေါသ ထွက်နေဟန်နှင့် ခါးထောက်ကြည့်နေတာ လမ်းမီးတိုင်အောက် မှာ ထင်ထင်ရှားရှား။

"ငါ သူဌေးနဲ့တူအောင် မင်းကို သက်သေပြရမလား"

မြရုံက ခရမ်းရင့်ရောင် ရှပ်အင်္ကျီကိုယ်ကျပ်ကို လက်တွေခေါက်တင်ထားကာ ခရမ်းရင့်ပေါ် အဖြူရောင်လိုင်းတွန့် ဖော်ထားသည့် စကတ်ကားကားလေးနှင့် ခြေစုံရပ်နေသော သူမကို တည့်တည့်စိုက်ကြည့်ပြီး မေးသည်။

"ဘာနဲ့သက်သေပြမှာလဲဟင်"

"မင်းကို အလုပ်ကရပ်နားဖို့ တစ်ချက်လွှတ်အမိန့် ထုတ်ရ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ မနက်ဖြန် မင်း စောင့်ကြည့်လိုက်''

''အို…အဲဒီလို မလုပ်ပါနဲ့''

ချာခနဲ လှည့်ထွက်တဲ့ သူနောက်သို့ အူယားဖားယား

ပြေးလိုက်ရင်း

''အမေ့…အား…သေပါပြီ''

ဖြစ်ပြန်ပြီလို့ မြရုံက ဘောင်းဘီအိတ်ထဲ လက်နှိုက်ရင်း

လှည့်မကြည့်ဘဲ အတပ်သိသည်။ ညည်းတွားသံနောက်မှာ ထမင်း

ချိုင့်ထည့်ထားသော အိတ်က ကတ္တရာလမ်းနှင့် ပြေးဆောင့်သံပ

ကြားရတာကိုး။

''အား…လား…လား၊ ဒီမှာ ခြေမကွဲသွားပြီလား မသိ

ဘူး၊ အဲဒါ ရှင့်ကြောင့်''

လဲနေရင်းက စွပ်စွဲသည်။ မြရုံက ရယ်ချင်သည့် အစအ

ကို သိမ်းရင်း ဒီဘက်လှည့်တော့ သူမက မြေကြီးပေါ်မှ ကုန်းရုန်း

ထကာ

''ဒီလမ်းတွေက ဘယ်တော့မှ ညီညာတယ်မရှိဘူး။ အချိ

တမ်း ခလုတ်ကန်သင်းတွေနဲ့၊ တကယ်ပဲ''

ခြေတစ်ချက်ပစ်ဆောင့်ကာ မြေပြင်ကို ရန်တွေ့ပြီးမှ သူ

ဝိုး၊ မိုး၊ ၀၁၉ပ



အကြည့်ရောက်သော်လည်း ပြေလည်ခြင်းမရှိသော မျက်ဝန်းတွေ

က စူးရဲစွာ တောက်ပနေပြီးမှ

''ရှင် မမကို တကယ်ပဲ အလုပ်ထုတ်မှာလားဟင်''

''မင်း မယုံဘူးပေါ့''

ရှပ်အကျီအနီနှင့် အညိုကွက်၊ ကြက်ဥနှစ်ရောင်

ဘောင်းဘီပွပွထဲ လက်ထည့်ပြီး မေးပုံက တကယ်လုပ်မည့်ရုပ်ကြီး

နှင့်။ မမက နာကျင်နေသော ခြေထောက်ကို တော့နင်းတော့နင်းဖြင့်

သူ့အနား လျှောက်သွားကာ

''မမ အလုပ်တစ်ခုမှ တစ်လပြည့်အောင် မလုပ်ဖူးဘူး''

''သြော်…မင်း အရမ်းတော်နေလို့ ဖြစ်မှာပါ၊ မြန်မာ

နိုင်ငံမှာ မင်းအရည်အချင်းနဲ့ အံဝင်တဲ့ ကုမ္ပဏီမျိုး မရှိသေးလို့လည်း

ဖြစ်နိုင်တာပဲ''

''ရှင် မရွဲ့ပါနဲ့''

ပက်ခနဲ ရန်တွေ့ပြီးမှ မျက်နှာလွှဲကာ

''ယောက်ျားကြီးတန်မဲ့ ရွဲ့တတ်ချိတ်တတ်တာ လွန်ပါ

ရော''

ဝိုး၊ မိုး၊ ၀၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



"မင်း အဲဒီလို မကြားတကြား ပြောတတ်တဲ့ အကျင့် ကြောင့် ဖြစ်မယ်ကွ"

"ရှင်…နော်"

ဆတ်ခနဲ မျက်လွှာတွေ ပင့်တက်လာပြီးမှ ဒေါသတွေ ချက်ချင်းမျိုသိပ်လိုက်ပုံနှင့်

"တကယ်ပြောတာပါ၊ မမ ဒီအလုပ်မှာ ပျော်နေပြီး အဆင်လည်းပြေနေပြီဆိုတော့ မမကို အလုပ်မထုတ်ပါနဲ့နော်၊ ရှင် သူဌေးဆိုတာလည်း ယုံပါတယ်၊ ဘော့စ်လို့ ပြောင်းခေါ်ရမလား ဟင်၊ ခေါ်ဆိုရင်လည်း မမ ခေါ်ပါ့မယ်"

"မင်းက ချက်ချင်းကြီးပါလား"

ပန်းပေါ်တင်ထားသည့် အိတ်ကြီးကို လက်မနှင့် ထောက် ရင်း လှှာတစ်လစ်ထုတ်ပြောပုံက ရယ်ချင်စရာ။

"အင်းလေ…ငါစဉ်းစားပါ့မယ်"

"စဉ်းစားမယ် မလုပ်ပါနဲ့၊ ကတိပေးလိုက်ပါ ဘော့စ်၊ မမကို အလုပ်မထုတ်ပါဘူးလို့"

ချက်ချင်း အနားသို့ရောက်လာကာ သူ့အင်္ကျီစကို ဆွဲ၍ တောင်းဆိုပုံက တလေးတနက်။ ခြံရံက ရယ်ချင်စိတ်အား အောက်နှုတ်ခမ်းဖွဖွကိုက်ကာ ထိန်းရင်း

"အင်း…ဒါပေမဲ့ မင်း ဒီကြားထဲ အချိုးမပြေရင်တော့ ဒါကတိကို ဖျက်ရမှာနော်"

"မမ အချိုးပြေအောင် နေမယ်၊ ဘော့စ်သာ ကတိတည်ဖို့ ကြိုးစားထား"

သူမကပင် တပြန်စီးမှာကြားချက်တွေ ထုတ်ကာ

"တာ့တာ ဘော့စ်၊ မနက် ရုံးသွားမှ တွေ့ကြတာပေါ့"

နှုတ်ဆက်ပုံက ထောင့်မကျိုး။ နှုတ်ဖျားက ဘော့စ်ခေါ်ပြီး ဆက်ဆံရေးကျတော့ သူငယ်ချင်းလိုလို၊ မိတ်ဆွေလိုလိုနှင့်။ ခြံရံက ခေါင်းခပ်လေးလေးယမ်းရင်း တဖြည်းဖြည်းဝေးသွားတဲ့ သူမကျော ပြင်ကိုကြည့်ကာ သွားတွေပေါ်အောင် ရယ်မိတာ ဒါ ပထမဆုံး ဆိုလျှင်…။

အံမဝင် ခွင်မကျခြင်းတွေနဲ့ ရှေ့ဆက်ရန်အကြောင်းတွေ ရှိနေပါသေးလား။

♠ ♠ ♠




နိုးနိုး၁၁၆၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

“အကြောင်းတရားတွေကောင်းမှ အကျိုးတရားကောင်းတွေ ရှိလာမယ် သား၊ ဒါကို ဒက်ဒီမပြောလည်း သိမှာပါ”

ဖြိုးရဲ ဘာတစ်ခွန်းမှမပြော။ အိမ်ဆောက်ပစ္စည်းတွေ တင်သွင်းမှာယူကာ မြန်မာနိုင်ငံမှာ တစ်ဦးတည်းကိုယ်စားလှယ် ဖြန့်ချိသည့် ကုမ္ပဏီဖွင့်ထားတာမို့ ဒက်ဒီက မြန်မာနိုင်ငံမှာ မရှိတာများသည်။

“လူဆိုတာ အာရုံတွေပြားရင်း ဝေဝါးသွားတတ်တယ်၊ ဒါကြောင့် စီးပွားရေးကို အလေးထားနေတဲ့အချိန်မှာ မိသားစုကို အချိန်မပေးနိုင်လို့၊ မိန်းမကို ဂရုမစိုက်နိုင်လို့ဆိုတဲ့ ခေါင်းစဉ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရောဂါသည်းဖို့မစဉ်းစားနဲ့ ထိပ်ထား၊ အချစ်တွေ အလေးထား တွေက လူချင်းနီးပြီး ဘာမှမစွမ်းဆောင်နိုင်တာ ထက်စာရင် လူချ ဝေးပြီး မင်းတို့ မတောင့်မတနေရဖို့သာ အရေးအကြီးဆုံး''

ဒက်ဒီ ပြောသောစကားတွေအတိုင်း မာမီက တစ်သ မတိမ်း နာခံသည်။ မာမီ့အယူအဆကျတော့

''လူတစ်ယောက်ကို ချစ်မိရင် သူ့အတွက် အကောင်း ပါရမီဖြည့်ပေးဖို့ပဲ စဉ်းစား''

ဘယ်သူ့အယူအဆ မှန်သလဲ။ ခြံရုံ မသိပေမယ့် ထိုအ အဆနှစ်မျိုးစလုံး သူက မကြိုက်။ ကျင့်သုံးဖို့ဆိုတာ ဝေလာဝေးပ မောင်နှမသုံးယောက်ထဲမှာ ဒက်ဒီ့ခြေရာ နင်းနိုင်သူက နေ။

''လရိပ်က ပျော့ညံ့တယ်၊ ခြံရုံက ခေါင်းမာတယ်၊ နေ စိတ်ဓာတ်ပြင်းထန်တယ်၊ ဒက်ဒီနဲ့တူတယ်''

နူတ်မှ ဖွင့်ဟချီးကျူးရတဲ့အထိ နေက ဒက်ဒီ့ခြေ နင်းနိုင်ခဲ့သူ။ နိုင်ငံရပ်ခြားကို ရက်ဘယ်လောက်ကြာကြာ ဒက် ခြေဆန့်ပါစေ၊ နေက ဒီမှာရှိသော ကုမ္ပဏီအားလုံးကို နိုင်နင် စွာ ကိုင်တွယ်နိုင်ခဲ့သည်။ ထို့ကြောင့်လည်း ဤအရာများ





င်...။

''ဒက်ဒီ သားကိုပစ်ထားတာ မဟုတ်ဘူး ခြံရုံ၊ သွေး း စဉ်းစားချိန်ရအောင် အိမ်ကပေးထွက်လိုက်တာပဲရှိတယ်၊ ဝလမ်းကြောင်းတွေ ကမောက်ကမဖြစ်အောင် ဒက်ဒီ လုပ်ခွင့် ခဲ့တာမဟုတ်ဘူး''

''ကျွန်တော် ပျက်စီးရေးလမ်းကြောင်းပေါ် ရောက်နေ ဒက်ဒီ ဆိုချင်တာလား''

ခြံရုံက တည့်တည့်ပဲမေးသည်။ ဒီရုံးခန်းထဲ လေဆိပ်မှ ရိုက်လာခဲ့သည်ဆိုကတည်းက ဒက်ဒီ့မှာ သူ့ကို ချမှတ်ရန် ချဉ်းတွေ၊ အမိန့်တွေ တစ်ပါတည်းသယ်လာမည်ဆိုတာ သိပြီး ။ ကျော်စွာကတော့ ဒက်ဒီ မရောက်ခင်ကတည်းက

''ငါတော့လစ်ပြီ၊ တော်ကြာ အလိုတူအလိုပါဆိုပြီး ခတ်တာ ခံနေရမယ်''

ရှောင်ထွက်သွားပြီးသား။ ဒက်ဒီက ဆိုဖာမှာ ခပ်လျော ထိုင်နေရာမှ ခါးဆန့်ကာ မတ်မတ်ပြင်ထိုင်ရင်း

''အဲဒီလိုစွပ်စွဲလိုက်ရင် ဒက်ဒီနဲ့မင်း ရန်သူတွေဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့၊ ဒီမှာ…သား၊ ဒက်ဒီ တစ်သက်လုံး မိသားစုနဲ့ ဝေးအော
နေပြီး စီးပွားကျုံးရှာခဲ့တာ ဘာကြောင့်လို့ထင်လဲ''

ခြံရုံက မဖြေဘဲ ဒက်ဒီ့မျက်နှာကို ဒီတိုင်း စိုက်ကြည့်
သည်။ ဦးမိုးညိုက ခေါင်းမာခြင်း၊ လုပ်ချင်တာကို ဖြစ်အော
လုပ်၍ မလိုချင်တာကို ရအောင်ပုတ်ထုတ်နိုင်ခြင်း စသည့် အရေ
အသွေးတွေနှင့် လှုမ်းလှုမ်းတောက်နေသော သားမျက်နှာကို စူးစ
ကြည့်ကာ

''ဒက်ဒီရဲ့ ဂုဏ်နရေးရှင်းကို မတောင့်မတ ထားနိုင်
တစ်ချက်၊ ဒက်ဒီ ထူထောင်ခဲ့တဲ့ စီးပွားရေးအင်ပါယာကို တည်
ချင်တဲ့စိတ်က တစ်ချက်၊ အဲဒီဖောတွေနဲ့ ကြိုးစားခဲ့သမျှ မင်းလ
ထက်ကျမှ အပြုံလဲမခံနိုင်ဘူး သား၊ လရိပ်ကို ဒက်ဒီ အများ
အားထားခဲ့တယ်၊ ဖြစ်မလာဘူး၊ ဒါပေမဲ့ အခု ဒက်ဒီ အားထ
မယ့်လူက နေ ဖြစ်လာတယ်''

''နေ့ကို ကျွန်တော် အစ်မတစ်ယောက်လို သဘော
လို့ ရပါတယ်''

''ဒါပေမဲ့ နေက ဒက်ဒီတို့ရဲ့ သမီးအရင်းမဟုတ်





ဒါကြောင့် ဒီမိသားစုထဲက နေ့ကို ထွက်သွားခွင့်မပြုနိုင်သလို
သူစိမ်းတစ်ယောက်ကို နေခေါ်သွင်းလာမှာလည်း ဒက်ဒီ လက်သင့်
ခံနိုင်ဘူး၊ အတွက်ကြီးတယ်ပဲပြောပြော၊ မွေးစားသမီးကို နိုင်းစား
ချင်တယ်ပဲဆိုဆို ဒက်ဒီ့သားနဲ့ ဒက်ဒီ့အင်ပါယာကို သိပ်တော်
သိပ်ထက်တဲ့ နေ့လက်ထဲမှာပဲ အပ်ခဲ့ချင်တယ်''

''ကျွန်တော် ကလေးမဟုတ်ဘူး ဒက်ဒီ၊ နေ သိပ်တော်
သိပ်ထက်တာကို လက်ခံပေမယ့် နေ့ကို ကိုးကွယ်ရလောက်တဲ့အထိ
အထင်ကြီးလို့မရဘူး၊ ပိုဆိုးတာက ဒါ ကုမ္ပဏီလွှဲ ပြောင်းရေးမဟုတ်
ဘူး ဒက်ဒီ၊ နှလုံးသားချင်းလဲလှယ်ပြီး လက်ချင်းတွဲသွားရမယ့်
ဘဝခရီးမှာ ကျွန်တော် ကိုင်ဆောင်ရမယ့် နှလုံးသားက…''

ခြံရုံက ပန်းစုံတွန့်ကာ စပျစ်သီးတစ်လုံးခြွေ၍ ပါးစပ်
ထဲ ပစ်ထည့်ရင်း

''ငွေစော်နံနေရင် အဓိပ္ပာယ်မရှိဘူးပေါ့ ဒက်ဒီ''

''ကောင်းပြီလေ''

ဦးမိုးညိုက ထိုင်ရာမှထရပ်တော့ နောက်ပါးမှာ အသင့်
ရပ်စောင့်နေသူက ကုတ်အင်္ကျီ အသင့်ဝတ်ရန် ပြင်ဆင်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ကုတ်ကို လက်လျှိုအသင့်ဝတ်ရင်းက

"သဘောထားကိုယ်စီ ရှင်းရှင်းလင်းလင်း သိပြီးပြီပဲ၊ ကြိုးစားပေါ့"

ဒက်ဒီက သူ့ပခုံးကို တစ်ချက်ဖျစ်ညှစ်ရင်း

"မိဘတို့ရဲ့ စိမ်ပိုင်ခွင့်တွေကို ဒက်ဒီ ခဏမေ့ထားမယ်၊ ဒက်ဒီတို့က မတူညီတဲ့လမ်းကြောင်းမှာ အပြိုင်ပြေးနေကြတဲ့ လူတွေလို သဘောထား၊ သားနဲ့ဒက်ဒီ ကိုယ့်ပန်းတိုင် ကိုယ်အရောက် ချီတက်ကြတာပေါ့၊ တစ်ခုတော့ရှိတယ် ခြံရဲ့"

"လက်ဦးမှုယူကြကြေးလား ဒက်ဒီ"

"သတ်(ထ်)ရိုက်(ဒ်)၊ မင်း အရင်အောင်မြင်တဲ့အခါ အရာရာ မင်းသဘောပေါ့ ခြံရဲ၊ အသနားမခံကြေး၊ ဒူးမထောက်ကြေး"

ကုတ်အင်္ကျီကြယ်သီးတွေကို အဆုံးထိတပ်ရင်း ဆွေးနွေးပွဲ ကိုပါ လက်စသိမ်းသည်။ မိဘရဲ့အမိန့်ကိုမသုံးဘဲ ဒက်ဒီက စီစဉ် မည့်ပွဲမှာ သူ ငြင်းဆန်ချင်ရင် ကောင်းမွန်သော သက်သေပြချက် တွေရှိရမယ့်သဘော။ သက်သေပြချက်မရှိဘဲ ငြင်းဆန်ခွင့်မရှိသော သူ့နေရဲ့ လက်ထပ်ပွဲအကြောင်းလို့ ဒက်ဒီက သွယ်ဝိုက်ကာ စိန်ခေါ်





သွားခဲ့ပြီ။

"ကျွန်တော် ကားပါကင်ထိ လိုက်ပို့မယ် ဒက်ဒီ"

"အေး…ပို့လေ၊ ဒါနဲ့သား၊ မင်း အခန်းပြောင်းလဲဖို့ စီစဉ်ဦး"

"ဘာဖြစ်လို့လဲ ဒက်ဒီ၊ မာမီက မကြိုက်လို့လား"

အခန်းထဲကထွက်ပြီး ဓာတ်လှေကားဆီသွားတဲ့ လမ်း ...င်လျှောက် ဒက်ဒီဘော်ဒီဂတ်တွေက ဘေးဘယ်ညာခြံရံလျှက်။ ...တ်လှေကားတံခါးကို ဖွင့်ပေးမည့်သူအသင့်နှင့်မို့ သူက ရိုးနေကျ ...င်ကွင်းမှာပဲ အစဉ်အလာမပျက် ပြုံးချင်ချင်ဖြစ်ရသည်။

"ဒက်ဒီကလည်း ဝိုဏ်းစတားလိုပဲ၊ ဒေါ်နယ်ထရမ့် ...င် ဒက်ဒီလောက် ဘော်ဒီဂတ်မများဘူး"

လို့ပြောဖူးတော့ ဒက်ဒီက သူ့ပခုံးကိုဖက်ရင်း

"ငါက စတီဂျော့(ဗ်)ကို အားကျတာကွ၊ သူ တီထွင် ...ူ ကမ္ဘာကျော်သွားတာမျိုး၊ တီထွင်မှုတိုင်းကလည်း လူတွေ ...င်ဖူးတွေ့ဖူးသမျှကို ချပြတာပေမယ့် သူ့ကျမှ ထူးခြားပြီး ...င်မြင်တာက လူတွေ တွေးသလို သူ မတွေးလို့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…လူတွေက ထိုင်ပြီးတွေးတယ်၊ သူက ကင်း

မြီးကောက်ထောင်ပြီး တွေးတာနေမှာပေါ့"

ခြိမ့်ရုံက ရွှတ်နောက်နောက် ပြောခဲ့ဖူးသည်။ Appleကုမ္ပဏ

ရဲ့ တကယ့်ဒီတ်ဒီတ်ကြဲ စတီးဂျော့(ဘ်)ကို သူလည်း လေးစားပ

သည်။ သူ ဖတ်ဖူးတဲ့ အတ္ထုပ္ပတ္တိထဲမှာဆို စတီးဂျော့(ဘ်)က လည်ကင

ဆွယ်တာလက်ရှည်နဲ့ ဂျင်း(န်)ကို စွဲမြဲစွာနှစ်သက်သူ။ အောင်မြင်

ကျော်ကြားခြင်းရဲ့ အမိုးအောက်မှာ စတီးဂျော့(ဘ်)က မပလွှားဘူး

ခြိမ့်ရုံက သတ်မှတ်သည်။ ထို့ကြောင့် ရိုရင်းစွဲထက် ပိုလေးစား

ဒက်ဒီ့ခြေရာနင်းသော တော်လွန်းထက်လွန်းသော နေည

လင်းတို့ကတော့ ဒီလိုမဟုတ်။

"စတီးဂျော့(ဘ်)နဲ့ မာရီဝက်လောက် စကားပြောခွင့်ရရ

လက်ရှိလုပ်နေတဲ့ လုပ်ငန်းတွေ နှစ်ဆလောက် အောင်မြင်အော

နေ လုပ်နိုင်တယ် ဒက်ဒီ"

မျက်နှာလေးမော့ပြီး အဲဒီလို ကြီးကြီးကျယ်ကျယ်

ပြောတတ်လွန်း၍ ခြိမ့်ရုံက နေညိုလင်းဆို ကြည့်မရ။ ထို့ကြော

စကားဝိုင်းမှ ဦးအောင်နုတ်ထွက်ကာ





"ဟွန်း…ပဲ့ကလည်း အဲဒါကြောင့် ပြောခွင့်ရတောင်

ပြောမှာမဟုတ်ဘူး"

"ဘာဖြစ်လို့"

"သူ့အကြံတွေ နင် ခိုးချမှာစိုးလို့"

မှန်တာပြောတော့ နေညိုလင်းတို့ ဆွေ့ဆွေ့ခုန်လေသည်။

အဲဒီကတည်းက ဒက်ဒီမှ နေညိုလင်းဘက်က။

"ခွေးနွေးတာချင်းတူတာတောင် ရှုယောင့်တွေက ကွဲပြား

သွားတာ"

ခြိမ့်ရုံကို ရှုံ့ချချင်ချင်။ အခုလည်း အခန်းပြောင်းဖို့ဆိုတာ

ဆင်ခြေဖုံးရပ်ကွက်မို့လား၊ သွားရေးလာရေး ဝေး၍လား မသေချာ

ပေမယ့် နေညိုလင်း ချွန်ထားတာ အသိသာကြီး။ တမင် စကား

လမ်းလွှဲပြီး မာမီ့ကို ခေါင်းစဉ်တပ်ပေးပေမယ့် ဒါ ဘယ်သူ့ဇာတ်လဲ

ဆိုတာ သူ သိပြီးသားပါ။

ဒက်ဒီက ဓာတ်လှေကားထဲမှ ကားပါကင်ဆီ ခြေချ

ရင်း

"မင်းမာမီကတော့ အနေအစား ဆင်းရဲမှာဆိုပြီး စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်နေရုံပါ၊ ဒါပေမဲ့ ဟိုဘက်တိုက်ခန်းရဲ့ သော့အပိုက နေ့လက်ထဲမှာရှိနေတော့ တော်ကြာ ပြိုင်ပွဲမစခင် သား ရှုံးသွားမှာစိုးလို့"

ဒက်ဒီက ခပ်ပြုံးပြုံးလှည့်ပြောပေမယ့် ခြံရုံက ခြေလှမ်းတုံ့သွားတဲ့အထိ မအီမလည် ဖြစ်ကျန်ခဲ့သည်။ နေ့မှာ တိုက်ခန်းသော့တစ်ချောင်း အပိုရှိတာနှင့် သူ ရှုံးနိုင်ခြေများနေပြီဆိုတော့ ဒက်ဒီတို့ သူ့ကို အငိုက်ဖမ်းရန် အစီအစဉ် ဘယ်လောက်ထိ ရောက်နေပြီလဲ။ ဒက်ဒီက အသင့်ဖွင့်ပေးသော ကားတံခါးထဲ ဝင်မထိုင်သေးဘဲ

"ဒီည မီသားစုဒင်နာ မင်းလာခဲ့ဦးနော်၊ ရှစ်နာရီစမှာ"

လှမ်းအော်တော့ သူ ခေါင်းပဲညိတ်ပြမိသည်။ ဒက်ဒီကား ထွက်သွားသည့်နောက် မီးနီနီလေးကို စိတ်မောစွာ ငေးနေတုန်းမှာပဲ

"လုပ်ကြပါဦးရှင်၊ မမ ပိုက်ဆံအိတ်လုသွားလို့၊ ဖမ်းပေးပါ ခါးပိုက်နှိုက်ကို"

အသံစူးစူး။

"မမ လိုက်မသွားနဲ့တော့၊ ကားပါကင်က အကျယ်ကြီး





ကို"

"ကျယ်ကျယ်၊ ငါ့လခ ပါသွားပြီဟဲ့"

"လူလည်းပြတ်တယ် မမရဲ့၊ ခါးပိုက်နှိုက်တဲ့ ဓားတွေဘာတွေပါရင်"

- အသံတွေ ကျွက်ကျွက်ညံနေတာ သူ ကြားရပေမယ့် သူ့ကိုတော့ သူမတို့တစ်တွေ မြင်ဟန်မတူ။ ကားပါကင်ရဲ့ အုတ်တိုင်အကွယ်မှာ သူက မှီရပ်နေခဲ့တာ ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုမယ့်...။

"အဟင့်...ဟီး...အီး...သွားပါပြီ၊ ငါ တစ်လလုံး ဘင်ပင်ယန်းယန်း လုပ်ထားတဲ့ လခလေး ဆုံးပါပြီ၊ ငါ့မသထာ ရေစာကို လုတဲ့သူခိုး၊ ဖင်မှာ သွေးစုနာအကြီးကြီးပေါက်ပြီး ထိုင်မရ ထမကောင်း ပေမ်းလျှောက်ရင် ကွပြီး အဖျားဝင် သေပါစေတော်"

သူမရဲ့ ကျိန်ဆဲသံကျယ်ကြီးနှင့်အတူ သူ့ရှိရာ မှောင်ရိပ်ဆီ တဖျတ်ဖျတ် ပြေးဝင်လာသော ခြေသံ။ ခြံရုံက အုတ်တိုင်အစွန်းမှ ခေါင်းပြူပြီးကြည့်တော့ သူမ လွယ်နေကျအိတ်ကိုပိုက်ပြီး ပြေးလာသူက သူ့ရှေ့တည့်တည့်မှာမို့



www.burmeseclassic.com

www.burmeseclassic.com



ခြံရုံက အုတ်တိုင်ကွယ်ကာ ခြေထိုးခံပေးလိုက်သည်။ အ ခနဲ အသံပေးပြီး ခါးပိုက်နှိုက်ကောင်က ဝမ်းလျားထိုး ပစ်လဲသွားတာတောင် အသံကျယ်ကျယ် မထွက်ရဲ။

"ဟေ့ကောင်…ထစမ်း"

"အာ…ဆ…ဆရာရယ်…ကျွန်တော်"

ကုပ်ပိုးက ဆွဲထူတော့ ခါးပိုက်နှိုက်မှာ သွေးပျက်သောမျက်နှာနှင့်။ ရုပ်ရှင်တွေထဲကလို ဗိုက်တင်ဆွဲရမလားလို့ အသင့်ပြင်ထားတဲ့ ခြံရုံက ခါးပိုက်နှိုက်မျက်နှာမြင်တာနဲ့ သွေးမရှိဘူးဆိုတာ အကဲခတ်နိုင်တာမို့

"မင်းက ငါ့ရှေ့ပေါင်း(န်)မောလ်ထဲမှာ အလစ်သုတ်ရဲတယ်ပေါ့ ဟုတ်လား"

ခါးထောက်ပြီး သူက လူမိုက်ရုပ်နဲ့မေးတာတောင် ခါးပိုက်နှိုက်က ခြံရုံအား ခြေဆုံးခေါင်းဆုံး ပြန်ကြည့်ရင်း

"ဒါ ဆရာ့ရှေ့ပေါင်း(န်)မောလ် ဟုတ်လား၊ အဟဲ…မနောက်ပါနဲ့ ဆရာရယ်၊ လူရည်သန့်တာမှန်ပေမယ့် ဒါကြီးတစ်ခုလုံးပိုင်တာ ဆရာဆိုတာတော့ မဖြစ်နိုင်ဘူး"





"ဟေ့ကောင်"

"ရော့…တစ်ဝက်ယူပါ ဆရာ၊ ကျွန်တော်တစ်ဝက်က စွန့်စားခလေး"

"ငါ နားရင်းဖြတ်အုပ်လိုက်မယ်"

ကမ်းပေးနေသော အိတ်ကို ဆတ်ခနဲဆွဲယူရင်း သူက ဘကယ်လုပ်မည့်ဟန်နှင့် လက်ရွယ်တော့ ခါးပိုက်နှိုက်ခမျာ မျက်လုံးမှိတ် ဇက်ပုသွားရှာ၏။ ရုပ်အဖြူကို ရင်ဘတ်ကြယ်သီးတွေဖြုတ်ထား တဲတောင်ဆစ်များထိ လက်ခေါက်ထားပြီး အနက်ရောင်စတိုင်ဘောင်းဘီနှင့် တွဲဝတ်ထားတဲ့သူကို ဒီရှေ့ပေါင်း(န်)မောလ်ကြီးပိုင်တာ ယုံပါဘူးတဲ့။ တိုင်နဲ့ခေါင်း ပစ်ဆောင့်ရင်း ဝါသနာပါရင် ငိုချင်းချသို့ရပြီ။

ခြံရုံက ခါးပိုက်နှိုက်ကို ဖုန်းမှ ကင်မရာနှင့် ဓာတ်ပုံရိုက်ရင်း

"ဟေ့ကောင်"

"ဗျာ…ဆရာ"

"မင်းကို ငါ တစ်ခုခိုင်းမယ်၊ အောင်မြင်ရင် မင်းသုံးဖို့အ



www.burmeseclassic.com

www.burmeseclassic.com



ငါပေးမယ်၊ ထွက်ပြေးရင်တော့ မင်းပုံ ငါ့ဖုန်းထဲမှာ ရှိနေပြီ၊ ငါ
လိုက်ဖမ်းမှာနော် ဟောကောင်"

"ဘာနိုင်းမှာလဲ ဆရာ"

"ဒီအိတ်ကို မင်းလုနဲ့တဲ့သူဆီ သွားပေး"

"ဗျာ"



# အခန်း (၁၀)

"ရှင်...ဘယ်လို"

"ပြန်စစ်ကြည့်ပါဦး ညီမ၊ ဒါပေမဲ့ အမှုတွေဘာတွေ
တော့ မလုပ်ပါနဲ့နော်၊ ညီမငွေ တစ်ပြားတစ်ချပ်တောင် မလျော့
စေရဘူး၊ အစ်ကို အာမခံတယ်"

မမမှာ ပါးပြင်တွေစိုရွှဲအောင် ငိုထားတဲ့ မျက်ရည်တွေ
ကို လက်ဖမိုးနှင့် ပွတ်တိုက်သုတ်ရင်း လူက ထပဲရယ်ရတော့
လို၊ ဝမ်းသာလုံးဆို့ပြီး ထပ်ငိုရတော့မလိုနှင့် ခါးပိုက်နှိုက်ဆိုတဲ့
သူကို မဝံ့မရဲ ငေးကြည့်နေတာအကြာကြီး။ ဘေးနားမှာ အာပေါက်
အောင် ချော့နေကြတဲ့ စုထွေးနှင့် အေးချစ်ကပါ ပိုက်ဆံအိတ်



www.burmeseclassic.com

www.burmeseclassic.com



လာပြန်ပေးသော ခါးပိုက်နှိုက်အား မျက်လုံးကျွတ်ထွက်မတတ် စိုက်ကြည့်ကြကာ

"အရင်စစ်ကြည့်မယ်၊ ပေး…အိတ်"

သတိဝင်လာတဲ့ စုထွေးက အိတ်ကိုဆွဲဖွင့်က လစာထုတ် လာသော ပိုက်ဆံတစ်ထပ်နှင့် ကျန်အကြွေတွေကို ရေတွက်ပြီး

"ဟဲ့…ရှစ်သောင်းလေးထောင် နှစ်ရာ့ငါးဆယ်၊ ဟုတ် လား"

မမက စုထွေးရွတ်ပြသော ပိုက်ဆံအား နှုတ်ခမ်းလှုပ် လိုက်ရွတ်ကာ

"ရှစ်သောင်းက လစာ၊ လေးထောင့်နှစ်ရာ့ငါးဆယ် အေး…ငါ မနက်က နှစ်ရာ့ငါးဆယ်ဖိုး မုန့်ဟင်းခါးစားလာတာ အစက လေးထောင့်ငါးရာရှိတာ"

"ဒါဆို မနက်က အိမ်ကနေ အလုပ်ကိုလာတဲ့ ကားခ ရော"

"မနက်က မိုးမာန် ငါ့ကိုလိုက်ပို့တာဟဲ့၊ ကား သက်သာတဲ့အပြင် ကုန်တိုက်များရောက်မှ ကော်ဖီတောင်တိုက်





သွားသေးတာ"

"အောင်မယ်…ရှင်က အချောင်စားရရင် အပျော်လွန် ဒိုင်းအပြည့်နဲ့"

"အချောင်ရတာမှ မပျော်ရင် အဲဒီလူ ဦးနှောက်ချောင် နေလို့ပဲ မှတ်ထား အေးချစ်ရဲ့"

"ဟယ်…တော်ကြစမ်းပါ"

ဘာတွေမှန်းမသိ၊ ပါးစပ်ထဲ တွေ့ရာလျှောက်ပြောနေ သည့် နှစ်ယောက်စလုံးကို စုထွေးကအော်ရင်း

"ရော့..နင့်အိတ်ပြန်ယူ"

"ဒါဆို အစ်ကို သွားလို့ရပြီပေါ့ နော်…ညီမ"

"ကြွ…ကြွ၊ နောက်တစ်ခါ အဲဒီလို အလစ်သုတ်တာ မြင်ရင် ခွင့်မလွှတ်ဘူးနော်၊ ဒီတစ်ခါတော့ ရှိစေတော့"

"ဟွန်း…ရှပ်ကိုက ကလီကမာနဲ့"

စုထွေးနှင့် အေးချစ်ရဲ့ နှိပ်ကွပ်မှုထဲ ခါးပိုက်နှိုက်လူက အေးမလည် ပြုံးပြကာ လှည့်ထွက်သွားသည်။ မမက အိတ်ကို ရင်ခွင်ထဲပိုက်ရင်း ထိုလူ့ကျောပြင်ကို ကြည့်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်…ဒီမှာ…ဟိုလူကြီး၊ ခဏ…ခဏနေဦး"

အသည်းအသန် လှမ်းခေါ်တော့ အေးချစ်က

"နင်က ခေါ်ပြီး ဘာလုပ်မလို့လဲ"

"ငတုံးမ အေးချစ်၊ ဝိသာခါက ပိုက်ဆံတွေပြန်ပေးရ ကျေးဇူးတင်ပြီး မုန့်ဖိုးပေးမလို့နေမှာပေါ့"

"ဟယ်…ပေးပါဘူး"

မမက အမြန်ထအော်တာမို့ အနားပြန်လျှောက်လာတဲ့ လူတောင် လန့်ဖျပ်သွားကာ

"တော်ပါပြီဗျာ၊ ဒီအုပ်စုနဲ့ ဒီဘဝ ဒီမျှပါပဲ"

ငိုသံပါကြီးနဲ့ ရေရွတ်ကာ ဆံပင်တွေ ရှုပ်ပွအောင် ဖွရင်း

"ကဲ…ဘာလဲ ပြော"

ဆောင့်ကြီးအောင့်ကြီး မေးလေသည်။ မမက ထိုလူ အား စေ့စေ့စပ်စပ်ကြည့်ရင်း

"ရှင် အမှန်အတိုင်း ဖြေရမယ်နော်"

"ဟုတ်…ဖြေပါ့မယ်"

"ဒီပိုက်ဆံအိတ်ကို စိတ်ကောင်းဝင်ပြီး ရှင် လာပြန်





ပေးတာတော့ မဟုတ်ဘူးမလား"

"ဟင့်အင်း…မဟုတ်ပါဘူး"

ဒီတော့မှ ကျန်နှစ်ယောက်ကလည်း အပြုံးအပြဲဒီဇိုင်းနှင့် စိတ်ဝင်စားခြင်းတွေပိုလာကာ ရေမှလူကို သဲကြီးမဲကြီး ရှိုးတော့ သည်။

"ဒါဆို ဘယ်သူ့ပယောဂနဲ့ ဒီအိတ်ကို လာပြန်ပေး ရတာလဲ"

အသိချင်ဆုံး မေးခွန်းပါ။ တစ်ကြိမ်မှ နှစ်ကြိမ်ဆိုတော့ ဒါ တိုက်ဆိုင်ခြင်းလို့ မမ ဖြေဖျောက်၍မရတော့။ ရေမှ အစစ် ဆေးခံနေသည့်လူကတော့ မမ မေးခွန်းကို သဘောကျသွားသလို ကွမ်းချိုးတွေတက်နေသော သွားတွေအားလုံးပေါ်အောင် ရယ်ပြီးမှ

"ညီမကို ကူညီချင်တဲ့သူက ဖန်ဆင်းပေးလိုက်တာတဲ့"

"ကူညီချင်တဲ့သူက ဖန်ဆင်းပေးတာ"

သံပြိုင်ရွတ်ဆိုခြင်းနောက်မှာ အဖြေရှာမျက်ဝန်းသုံးစုံ ဝိုင်းခနဲ စုစည်းမိ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဒါဆို သူက ဖန်ဆင်းရှင်လား"

"ငါတော့ အဲဒီလိုမထင်ဘူး၊ သူက ရဲတပ်ဖွဲ့ဝင်ထဲ ကလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

အတည်ပေါက်ကြီး မှတ်ချက်ဝင်ပေးတဲ့ စုထွေးစကား ကြောင့် လက်ဖက်သုပ်ခပ်ထားတဲ့ ဇွန်းက ပါးစပ်ထဲမရောက်ဘဲ ဟင်းခုလပ်တင် ရပ်တန့်သွား၏။

"ရှင်းစမ်းပါဦး၊ နင့်ရဲ့ထင်မြင်ချက်ကို"

မိုးမာန်က ကြက်သွန်ဖြူအတက်လေးတွေကို အခွံနွှာ နေးကာ မမလက်ဖဝါးထဲ ထည့်ပေးရင်း မေးသည်။ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး လခထုတ်ရက်မို့ ဆိုင်လေးတစ်ဆိုင်မှာ စုရုံး
ပြီး အောင်ပွဲခံနေခြင်းပါ။ အောင်ပွဲခံရခြင်းအကြောင်းအရင်းက မမ
ဒီအလုပ်မှာ တစ်လတိတိ တည်မြဲခြင်းအတွက်။

"ဟဲ့...သူ သဲလွန်စ ပေးထားကတည်းက နင် မရိပ်မိ
ဘူးလား မိုးမာန်ရယ်"

"သြော်...ခက်ပြီ"

မိုးမာန်က ခပ်ရွှဲရွှဲအော်ရင်း

"ပြောပါဆိုမှ ညာဏ်ကြီးရှင်က အထာတွေကိုင်မ
ပြန်ပြီ"

"အထာကိုင်တာ မဟုတ်ပါဘူးဟဲ့၊ သူ့စကားထဲမှာ
ကူညီချင်တဲ့သူဆိုတော့ ကူညီပါရစေဆိုတဲ့ ရုံတပ်ဖွဲ့ဝင်တွေများ
လားလို့"

"ကဲ...တွေ့ပြီလား မမ"

ရေခွေးခွက်ကို မမရှေ့ချပေးရင်း မိုးမာန်က ပြောတော့
မမက ခွိခနဲကျိတ်ရယ်သည်။

"ဟဲ့...ဘာရယ်တာလဲ၊ ငါ့လည်းပြောဦး"





စုထွေးက ဒါကို အသည်းအသန်လိုက်မေး၏။

"ပြောရင်လည်း နင်က စိတ်ဆိုးဦးမယ်"

"မဆိုးဘူးဟာ၊ ပြော...မမ"

မမက ရယ်ချင်စိတ်ကို အောင့်ထားရတဲ့ မျက်နှာနီနီ နဲ့

"ငါ အမြဲတမ်း တလွဲတချော်ဖြစ်တာ နင့်ကြောင့်
ဖြစ်တာဟဲ့"

"ငါ့ကြောင့်"

"အေး...နင်က ဘာတွေးတွေး တလွဲတွေးလို့ ငါလည်း
ရောမြောလိုက်ပြီး လွဲတာတဲ့"

"မိုး...မာန်"

ရှေ့မှာရှိသော ရေနွေးအိုးကို စုထွေးက ဆောင့်ချပြီး
အော်တော့ မိုးမာန်က လက်ဖက်တစ်ဇွန်းခပ်ပြီး အာပြဲသော ထို
ပါးစပ်ထဲ ထိုးသွင်းပေးလိုက်၏။ ရုတ်တရက်မို့ ပလုံးပထွေးကြီး
ပါးရတဲ့ စုထွေးမှာ မိုးမာန်ကို မျက်စောင်းတရွယ်ရွယ်နှင့်

"အေး...ငါက မမနဲ့စကားဆုံတိုင်း နင်က သူ့အပေါ်
အနှံ့အတာခံကြောင်း၊ သူနဲ့နင်ဆို မမ တစ်သက်လုံး စိတ်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာရမယ့်အကြောင်း၊ နင့်အမေကို ထည့်မတွက်ဖို့အကြောင်းတွေ ငါ အာပေါက်မတတ် ရှင်းပြရ၊ ဒီတစ်ခါ နင် အဖြေတောင်းရင် ခေါင်းညိတ်ဖို့ တိုက်တွန်းရနဲ့၊ နင်က အခုတော့ ငါ့ကို ဒီလိုပြော တယ်ပေါ့ ဟုတ်လား''

''အေး…အေး၊ ဘွာတေးပါဟာ၊ နင် ငါ့အပေါ်ကြည် မှန်း ငါသိပါတယ်ဟာ၊ ပြောတာက အဟီး…စတာ၊ စတာ''

''စတာတွေ ဘာတွေ မလိုချင်ပါဘူး၊ နင်ပြောတာနဲ့ ငါ့မှာ အရှုံးလုံးလုံးကိုဖြစ်ရော''

''နဂိုကတည်းက မရှုံးတာကျနေတာပဲ''

မမက တိုးတိုးပြောတော့ စုထွေးမှာ ဆတ်ခနဲ မတ်တတ် ထရပ်ကာ

''တော်ပြီ…နင်တို့နဲ့ဆက်ထိုင်နေလည်း အလကားပဲ စေတနာကို နားမလည်တဲ့ဟာတွေ''

တားချိန် ဆွဲချိန်တောင် မရ။ ဆိုင်ထဲမှ တဆောင့်ဆောင့် ခြေသံပေး၍ ထွက်သွားလေပြီ။ မမမှာ စိတ်မပြောင့်နိုင်သလို စုထွေး သွားရာနောက် လည်ပင်းရှည်ကြည့်ရင်း





''စုထွေး တကယ်စိတ်ဆိုးသွားပြီလား မသိဘူးဟဲ့၊ ငါတို့ သည်း လိုက်ရအောင် မိုးမာန်၊ ဗိုက်ဆံရှင်းရအောင်၊ စားပွဲထိုးလေး ခေါ်လိုက်''

ချက်ချင်း ပိုက်ဆံအိတ်ဖွင့်နေသည့် မမလက်ကို မိုးမာန် က ဖိဆုပ်ထားရင်း

''စုထွေး စိတ်မဆိုးပါဘူး''

''ဟဲ့…စိတ်ဆိုးလို့ ထွက်သွားတာပေါ့၊ ကဲ…လွှတ် စမ်းပါ ဒီလက်ကြီး''

ရှန်းလွှက်ပစ်သည်။ ဒီတော့မှ မိုးမာန်က ရယ်ကျဲကျဲ လုပ်ရင်း ကုပ်ပိုးနားရှိ ဆံပင်တွေကို သပ်ချကာ

''ငါနဲ့စုထွေး တိုင်ပင်ထားပြီးသား''

''ဘယ်လို''

''ဟုတ်တယ်၊ ဒီနေ့ နင့်ကို လက်ဆောင်ပေးမလို့''

မိုးမာန်က ရှပ်အင်္ကျီအိတ်ထဲမှ ဘူးသေးသေးလေးကို ဆွဲထုတ်ရင်း စားပွဲပေါ်တင်လိုက်ရင်း

''ပြီးတော့ နင့်ဆီက အဖြေပါတောင်းမလို့''



www.burmeseclassic.com

www.burmeseclassic.com



"မိုးမာန်"

အလန့်တကြား မော့ကြည့်တော့ ပူဆွေးဖွတ်စိုနေသော မိုးမာန်ရဲ့ အရည်လဲ့မျက်ဝန်းတွေကို မမ တွေ့ရသည်။ ပြုံးရိပ်သမ်းနေတဲ့ နှုတ်ခမ်းတွေက အခါများစွာကလို တည်ငြိမ်ခြင်းမရှိဘဲ စိတ်လှုပ်ရှားခြင်းကြောင့် တဆတ်ဆတ်တုန်ယင်နေတာမျိုး။ မမက ရင်ခုန်စိတ်လှုပ်ရှားခြင်း အလျဉ်းကင်းမဲ့စွာ တစ်ဖက်သို့ ဖျတ်ခနဲ မျက်နှာပြန်လွှဲမိသည်။ သို့ပေမယ့် ချွေးစေးတို့ဖြင့် စေးထန်းအေ စက်နေသော မိုးမာန်လက်တစ်ဖက်က သူမ လက်ဖမိုးပေါ် လာ ရောက်အုပ်ကိုင်ရင်း

"တကယ်ပြောတာ မမ၊ ငါ နင့်ကို ချစ်နေခဲ့တာ ဟိုးအရ ကတည်းက"

"မိုးမာန်"

"နင်လည်း သိသိကြီးနဲ့ မမရာ၊ နင် ရန်ကုန်ပြောင် လာတော့လည်း နင်နဲ့အနီးဆုံးနေရာမှာ ငါခြေချခဲ့တာ၊ နင့်က စောင့်ရှောက်ချင်တာလည်း ပါတယ်၊ ပြီးတော့ ကိုယ့်ချစ်သူက မျက်စိအောက်မှာ အမြဲမြင်တွေ့နေချင်တာလည်း ပါတယ်"

နိုး၊ နိုး၊ ၈၁၆ပ



ဒါတွေကို အစောကြီးကတည်းက မမသိနှင့်ပြီးသား။ အမေမရှိတော့၍ နယ်ကအိမ်ကို လူငှားတင်၊ ရန်ကုန်မှာ တက္ကသိုလ် တက်ရန် ရောက်နေကတည်းက မိုးမာန်ဟာ မမရဲ့အရိပ်ပမာ၊ ဘယ်သွားသွား ဘာလုပ်လုပ် အနောက်ကိုလှည့်ကြည့်တိုင်း မိုးမာန် ရှိနေခဲ့သည်။ အကူအညီလိုတိုင်း နှုတ်မှ ဖွင့်ဟစရာမလိုဘဲ ဖြည့်ဆည်းတတ်တာကြောင့် သူမ အားရှိခဲ့ရသည်။ သို့ပေမယ့် ဒီအရာတိုင်းက ရင်ခုန်သံနှင့် မဆက်နွယ်။

ပတ်သက်ခဲ့သော အကြောင်းတရားတွေကြောင့် မိုးမာန် ကို သူမ ရင်းနှီးခဲ့ပေမယ့် အချစ်နှင့် သူစိမ်းဆန်လွန်းနေတာတော့ သချာသည်။ မမက ပင့်သက်တစ်ရှိုက်ကို အားအဖြစ် ရှိုက်သွင်း ရင်း

"မိုးမာန်"

"ငါ နင့်ကိုစိတ်မချတော့ဘူး မမ"

ပြောချင်တဲ့ စကားတွေဟာ မိုးမာန်ရဲ့ အချစ်ကိုငတ် မွတ်တောင့်တသော ရီဝေမျက်ဝန်းအောက်မှာ ကြွက်ပျောက် ငှက်ပျောက်။

နိုး၊ နိုး၊ ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



"အခု နင့်အခက်အခဲတိုင်း ဖြေရှင်းပေးနေတဲ့သူက ဘယ်သူလဲ၊ ဘာကြောင့်လဲ၊ နင် ပြဿနာတွေနဲ့ကြုံတိုင်း နင့်အနား သူ အရင်ရောက်ရောက်လာတတ်တာ ဘာဖြစ်လို့လဲ၊ အဖြေက ရှင်းရှင်းလေး မမ၊ သူ နင့်အနားမှာ အမြဲရှိနေလို့၊ နင့်ကို အမြဲ စောင့်ကြည့်နေလို့ပေါ့"

ခံစားချက်နှင့် တောက်ပနေသော မိုးမာန်မျက်နှာက ပြုံးတော့မည့်မိုးလို ချက်ချင်းအုံ့မှိုင်းသွားတာ တစ်ခဏချင်းမှာ။

"ဘာကြောင့် နင့်အနား ဒီလူ ငါ့ထက်အရင် ရှိနေ တာလဲ၊ အဲဒီအတွေးတွေက ငါ့ကို သွေးပျက်စေတယ် မမ၊ ငါက သူလောက် နင့်ကို မဖြည့်ဆည်းပေးနိုင်တာမှန်တယ်၊ ဒါပေမဲ့ ငါ့အချစ်တွေက နင့်အတွက် ဘာမဆို စွန့်လွှတ်စွန့်စားနိုင်တယ် ဆိုတာ"

"မိုးမာန်"

မမက ဒုတိယအကြိမ် ထပ်ခေါ်ပြီးမှ မိုးမာန်နှင့် မျက်နှာ ချင်းဆိုင်ကြည့်ရင်း

"ငါ အချစ်ကို နားမလည်သေးတာ တကယ်ပါ"



"မမ"

မိုးမာန်က အထိတ်တလန့် ထအော်သည်။ မယုံကြည်ခြင်းများစွာနှင့် သူ့မမျက်ဝန်းထဲက အချစ်ကိုရှာနေသော မိုးမာန်အား မမက ပြုံးပြုံးရင်း

"တကယ်ပြောတာ၊ အချစ်ဆိုတာ သူများတွေ ဘယ်လို အဓိပ္ပာယ်ဖွင့်လဲ ငါမသိဘူး၊ ငါသိတာက အချစ်ဆိုတာ နှလုံးသားရဲ့ ရှူးရှူးမိုက်မိုက် ခံစားချင်တဲ့ ရသတစ်မျိုးပဲ၊ ဒီနေ့အထိ ငါ့နှလုံးသားက လိမ္မာနေတုန်းမို့ နင်မျှော်လင့်ထားတဲ့ အချစ်မျိုး ငါ ပေးနိုင်တာ သေချာတယ် မိုးမာန်"

"နင့် ငါ့အမေကြောင့်များ..."

မမက ခေါင်းကိုသွက်သွက်ခါယမ်းရင်း သွားတန်းတွေ ပေါ်အောင် ဟက်ဟက်ပက်ပက် ရယ်ကာ

"တကယ် ရူးမိုက်ချင်လာရင် မိဘတွေ၊ အသိုင်းအဝိုင်းတွေ၊ ငွေကြေးစည်းစိမ်အာဏာတွေ အပေးကို လွှင့်သွားတဲ့ ရာဇဝင်တွေ နင်သိသားနဲ့ မိုးမာန်ရယ်၊ ရိုမီယိုနဲ့ ဂျူးလိယက်တို့ကိုပဲကြည့်လေ၊ အဟွန်း...ချစ်သူလက်တစ်ဖက် ဆုပ်ကိုင်




www.burmeseclassic.com

www.burmeseclassic.com



ခွင့်ရရင် တစ်ကမ္ဘာလုံးနဲ့ စစ်ခင်းဝံ့တဲ့သူတွေချည်းပဲ၊ နင့်အမေ တစ်ယောက်စာများ ငါက ပျင်းတောင်ပျင်းသေးတယ်ပေါ့''

မမက ပြောရင်း ခေါင်းမော့ကာ ရယ်ချပစ်လိုက်ကာ

''စိတ်ချ…သယ်ရင်း၊ အချစ်ကို ခံစားမိတဲ့အခါ အရင် ဆုံး အသိပေးမယ့်သူက နင် ဖြစ်စေရမယ်…အိုခေ''

ခပ်ပြုံးပြုံးလေးပြောရင်း

''အခုတော့ ငါ လစ်တော့မယ်၊ အရမ်းကြာနေရင် ဒေါ်လေး စိတ်ပူနေမယ်ဟ''

''အေးပါ၊ ငါ လိုက်ပို့ပါ့မယ်၊ ဒီမှာ နင့်အတွက် လက်ဆောင်လေး ယူသွားဦး''

မိုးမာန်က ဘူးလေးကို ဆွဲယူဖွင့်ပြတော့ ငွေမင်ရော လက်နေတဲ့ နာရီလေးက လေးထောင့်အိတ်ကလေးနှင့် မမ မျက်စပစ်ပြနေသယောင်။

''နင်လိုချင်တဲ့ D.M တံဆိပ်တော့ မဟုတ်ဘူးပေါ့ဟာ''

''ဒါလေးလည်း လှပါတယ်ဟဲ့၊ ကောင်စုတ်…ငါ့ နာရီတစ်လုံးနဲ့ လာဘ်ထိုးပြီး ရည်းစားစကားပြောတယ်ပေါ့လေ''





ဒေါသမပါဘဲ မမက ခါးထောက်လျက် ရန်တွေ့တော့ မိုးမာန်က ရယ်ကျဲကျဲနှင့်

''မဟုတ်ပါဘူးဟာ၊ အဟဲ…နင်ကလည်း''

''ထားပါတော့၊ နာရီမျက်နှာနဲ့ စိတ်မဆိုးတော့ဘူး၊ ဒါပေမဲ့ နောက်တစ်ခါဆိုရင်တော့ အာမမခံဘူးနော် မိုးမာန်၊ ငါ့ဒေါသက တစ်နှစ် နှစ်နှစ် သိမ်းထားပါ့မယ်လို့ ဂရန်တီရှိတာ မဟုတ်ဘူး''

''အေးပါဟာ၊ နင် စိတ်မမှန်မှန်း ငါ သိပါတယ်''

''ကောင်စုတ်''

ပေါ့ပေါ့ပါးပါး ရယ်မောသံတွေ လေထုထဲ ပျံ့နှံ့တက်သွား၏။ အချစ်နှင့် လွတ်လပ်ပေါ့ပါးခြင်းက သုံးနဲ့လေးလို အစဉ် ကျောခိုင်းနေတတ်သည်ဟု မမ ကြားဖူးပါသည်။ အချစ်က လူကို လေးလံစေသော အရာတစ်ခုဖြစ်ခဲ့ပေမယ်ဆိုရင်တောင် မမက ကိုယ်ချစ်ကို ရှာတွေ့တဲ့အခါ လေးလံခံနိုင်ရန် အသင့်ပြင်ထားသော နှလုံးသားတစ်ခုနှင့်။

တစ်သက်မှာ တစ်ခါရခဲ့သော ဘဝထဲ ရှုးမိုက်သော နှလုံးသားနှင့် အချစ်ပင်လယ်မှာ ရွက်လွှင့်ချင်မိပါသည်ဟုဆို



www.burmeseclassic.com

www.burmeseclassic.com



လျှင်...

မမတင့်တယ်က အချစ်ကို ကိုးကွယ်မည့်သူတဲ့လား။

• • •



## အခန်း (၁၂)

"ရော့"

နံရံကို ပခုံးစွန်းနဲ့မှီပြီး ကိုယ့်မျက်စိရှေ့ရောက်လာသော ကို ခြံရံက အရင်ကြည့်သည်။ ချောကလက်နှင့် ရွှေရောင် ထားသော ကတ်ထူစက္ကူ။ ခပ်တောင့်တောင့်က ဗလာစာအုပ် လောက်ရှိသည်။ အထူကျတော့ ခပ်ပါးပါး။

"ကျစ်"

ခပ်တိုးတိုး စုတ်သပ်ရင်း နံပါတ်နှင့်ခေါ်မည့် သော ဝဲ့ရဲ့အံဖုံးကို ဆောင့်ခဲ့ ပြန့်ပိတ်တော့ ဘေးနားမှရယ်သံ ကို ားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အိမ်ထဲတောင် မခေါ်တော့ဘူးလား ခြံရံ"

"အိမ်ထဲခေါ်တာ အပန်းမကြီးပေမယ့် နင့်ရှေ့မှာ သော နံ့ပါတ်ဖွင့်ရမှာ ကြောက်လို့"

နောက်ပါးမှ ကျော်စွာက သတိပေးသလို ခါးကို လှမ်းတို့တာတောင် သူက မသိဟန်ဆောင်ပြီး ဆက်ပြောသည်။

"အဲဒါကြောင့် နင့်မှာ သော့တူရှိတဲ့ အခန်းကနေ ဒီကို ပြောင်းလာတာ"

"အဟွန်း...အလိုမတူဘဲ နင့်ကို အပိုင်သိမ်းသွားမှာ စိုးလို့လား"

မဲ့ပြုံးတစ်ချက်နှင့်ပြောသော မျက်နှာကို ခံစားမနေ တော့ဘဲ ခြံရံက သူမလက်ထဲမှ ဖိတ်စာကို လှမ်းယူသည်။ စိတ်မပါသလို သုံးလွှာထပ် ဖိတ်စာအား လှန်ကြည့်ရင်း

"ဒိတ်က ရှေ့လကုန်မှပဲ"

"ဒက်ဒီက နမူနာမှာထားတာ၊ စင်ကာပူမိတ်တဲ့ ဒိတ်ကတော့ တိုးရင်တိုးမယ်၊ နောက်ဆုတ်ဖို့မရှိတဲ့"

လက်ပိုက်ကာ နံရံမှီထားပေမယ့် ကိုယ်ကို မတ်မတ်

နို : မို : ၈၇၆ ပ



ငြင်ရပ်ရင်း ပြောသည်။ ခြံရံက ထိုအမူအရာကိုပဲ မျက်လွှာ ချင့်ကြည့်ရင်း

"ဒါက နင် အပိုင်မသိမ်းဘူးဆိုတဲ့ သဘောပေါ့၊ ကျလည်း ကျလောက်ပါတယ် နေညိုလင်း၊ အဖေ အမေ အပိုင် ပေါင်းပြီး သားကို မရမကယူတာ၊ ဟွန်း...ဂုဏ်ပြုဖို့တောင် ကောင်းနေပြီ"

"ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုတာ မင်္ဂလာပါပဲလေ ခြံရံရဲ့၊ နေပါဦး...မသိလို့မေးပါရစေ၊ နင် ငါ့ကို ဘာကြောင့် ခါးခါး သီးသီး ငြင်းနေရတာလဲ"

နေက နံရံကို မှီမရပ်တော့ဘဲ မတ်မတ်ရပ်ကာ ခြံရံ ရင်ဘတ်ကို မှုမှုတွန်းတော့ အခန်းနဲ့ ခြံရံအကြား လူတစ်ကိုယ် လျှောက်လမ်းလေး ပေါ်လာ၏။ နေညိုလင်းက ထိုလမ်းပေါ် မော်ဒယ်လ်တွေ လျှောက်သည့်အတိုင်း ဟိုက်ဟီးလ်အမြင့်ကြီးနှင့် ခပ်မြူးမြူးလေး လျှောက်ပြပြီးမှ ခါးတစ်ဖက်ထောက်ကာ ဒီဘက် ပြန်လှည့်တော့ နှုတ်ခမ်းဖျားတွေက ပြုံးမယောင်နဲ့ တည်တင်း ထားပြီးမှ

နို : မို : ၈၇၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်အပြဲသား မျက်လုံးအပြူးသားနှင့် အံ့သြနေသ

ကျော်စွာထံ မေးဆတ်ပြကာ

"ဘယ်လိုလဲ၊ နေညိုလင်းက မလှလို့လား"

ကျော်စွာမှာ တံတွေးကို ခြောက်ကပ်နေသော လ

ချောင်းအတွင်း အမြန်မျိုချရင်း

"လှ…လှပါတယ်"

"ဒါနဲ့များ ရှင့်သူငယ်ချင်းက ဘာလို့ငြင်းနေရတာ

"ဟို…အဲဒါတော့"

"လှတိုင်း လက်ထပ်ရမယ်ဆိုရင် ရုပ်ပါမင်းသမီးတွေ

အပျိုဆိုတာ ရှိတော့မှာမဟုတ်ဘူး၊ အလှက အိမ်ထောင်တ

ထူထောင်ဖို့ အရေးကြီးတဲ့ အစိတ်အပိုင်းမဟုတ်ဘူး နေ"

"အင်း…ပြောပါဦး၊ အရေးကြီးတာ ဘာလဲ၊ နင် သိ

သမျှ"

အနီရဲရဲဂါဝန်တိုက ကြိုးတွေဘာတွေမပါဘဲ ရင်ဖြ

ဖြစ်ကာ ဒူးအထက်များအထိ ခပ်တိုတို။ ဖိနပ်ကျတော့ လည်

ဒေါက်မြင့်ကြီးတွေသာ စီးတတ်တာ နေညိုလင်းရဲ့ စတိုင်





တော့ မသိ။ အခုလည်း မေးချင်တာမေးတဲ့ မျက်ဝန်းတွေထဲမှာ လှောင်ပြောင်ရိပ်တွေ အပြည့်နဲ့မို့ လှလည်းလှသည်၊ ဒါပေမဲ့ ကြောက်စရာလည်း ကောင်းသည်ဆိုသော အမျိုးအစားထဲ ပါနေသလား မသိတော့။

မြို့ရှကတော့ စိတ်ပျက်ခြင်းတွေသာ မျက်နှာမှာ ထင်ဟပ်စေလျက်

"ငါ သိထားသမျှထဲမှာ အရေးအကြီးဆုံးက နင့်လို မိန်းမကို လက်မထပ်ဖြစ်ဖို့ပဲ"

"နင် ငြင်းဆန်လေလေ ငါက ပိုင်ဆိုင်ဖို့ ကြိုးစားချင်လေလေပဲ မြို့ရှ"

"ကြိုးစားပေါ့၊ နင့်အခွင့်အရေးနဲ့ နင်ပဲ၊ ဒါပေမဲ့ ငါကတော့ ဒီတစ်သက် နင်နဲ့ လက်ထပ်မှာမဟုတ်ဘူး၊ အဲဒါ သေချာတယ်"

မြို့ရှက လက်ထဲရောက်ပြီးသား ဖိတ်စာကို တစ်စစီဆုတ်ဖြဲပစ်ရင်း နီးရာအမှိုက်ပုံးဆီ ထည့်သည်။ လှပ်ရှားမှုတိုင်းနေက သွေးအေးစွာ လိုက်ကြည့်နေရပေမယ့် ရင်ထဲမှာ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ပရက်ရှာက ဘယ်လောက်အထိ တက်နေပြီလဲ ကိုယ်တိုင် ခန့်မှန်း၍မရ။

ယောက်ျားတစ်ယောက်က လက်မထပ်ချင်ပါဘူးလို့ အတန်တန် ငြင်းပယ်ခံနေရသည့် မိန်းမတစ်ယောက် ရင်ထဲမှာ ဘယ်သို့ရှိမည်နည်း။

"သားကို သမီးကြီး ထိန်းပေးမှရမယ်၊ ဒက်ဒီ တခြား မိန်းကလေးနဲ့ စိတ်မချဘူး နေညို၊ သားက မွေးကတည်းက သမီးလက်ပေါ်မှာပဲ ကြီးတဲ့သူ၊ သူ့မှာ အနိုင်လိုချင်စိတ်၊ အရွဲ့တိုက်ချင်စိတ်တွေ ကြီးမားကျယ်ပြန့်တဲ့သူ၊ ဒီလိုလူမျိုးရဲ့နောက်မှာ ဟုတ်ကဲ့လုပ်ပြီး ခေါင်းပဲညိတ်တတ်မယ့် ဇနီးမျိုးသာရှိခဲ့ရင် ခြံရဲ့ဘဝက ထင်ရာစိုင်းခွင့်ကို ပါမစ်ချပေးလိုက်တာမျိုး ဖြစ်သွားတော့မှာ"

ဒက်ဒီက သားဖြစ်သူ အနာဂတ်အား ပုစ္ဆာတစ်ပုဒ်လို ပုံသေနည်းတွေနှင့် စနစ်တကျ တွက်ချက်အဖြေရှာခဲ့ပေမယ့် မာမီက တော့ ဒီလိုမဟုတ်။ နေညိုပခုံးလေးကို ဖက်ရင်း

"မာမီက နေ့ကိုပဲချစ်တယ်၊ ဒီမိသားစုထဲ သမီးလေးလိုလည်း ချစ်တယ်၊ ချွေးမလေးလိုလည်း သဘောကျပြီးသား၊ ဒါကြောင့် လရိပ် စိတ်တိုင်းကျလုပ်သွားတာကို တစ်ခါတလေ ကျူးရှုးတင်သလို ဖြစ်မိသေးတာ"

"ဘယ်လိုထိပ်ထား၊ မင်းနယ်ကွာ"

ဒက်ဒီက မချိတင်ကဲ ဝင်မေးလျှင် မာမီက သူမကို ပိုတိုးဖက်ကာ

"ဟုတ်တယ်လေ၊ ကို စဉ်းစားကြည့်ပါလား၊ လရိပ် ဆင်တိုင်းကြဲခဲ့ပေမယ့် သူ့ဘဝနဲ့သူ သာယာနေတာကြားတော့ အိပ်ထားတဲ့ ဝမ်းသာရတယ်လေ၊ ပြီးတော့ သမီးကို သူညီ အတွက် တမင်ချန်ထားပေးသလို ဖြစ်သွားတာပေါ့၊ အဲဒါကို ကြည့်ကတည်းက သမီးနဲ့သားက တကယ့်ဖူးစာအစစ်အမှန်"

လူကြီးတွေ လိုလားသလောက် ခြံရဲ့ကတော့ တူးတူးခါးခါး ငြင်းဆန်ဆဲ။ နေညိုက ကိုယ့်မျက်စိရှေ့ရှိ ငယ်ကတည်းက စုပုပ်ကျိုတိုက်တတ်သော ကလေးရုပ်နှင့် အခု ဆံပင်ရှည်ကြီး ဘဝဲဝဲနှင့် လူဆိုးဒီဇိုင်းဖမ်းထားသော ခြံရဲ့ကိုကြည့်ရင်း အလို အလျောက် ပြုံးမိသည်။ ဒီအပြုံးကို မြင်သွားသည့် ရွှေမင်းသား






www.burmeseclassic.com

www.burmeseclassic.com



ကတော့ ရွှေစိတ်တော်ညို့သွားပုံရကာ

"ကလေးတစ်ယောက်ကို ပြုံးပြသလိုမျိုးလား၊ မပြ

ငါ ကလေးမဟုတ်တော့ဘူး"

ခပ်ပြတ်ပြတ်ပြောရင်း

"ငါတို့ ဆိုင်တစ်ဆိုင်လစ်မယ် ကျော်စွာ၊ ဘီယာ

ပါမှောပြီး ဒေါသတွေ လျှော့ရအောင်"

"ဟင်…အိမ်ထဲမဝင်တော့ဘူးလား"

"မခေါ်ချင်တဲ့သူပါ လိုက်ဝင်လာဦးမယ်"

ပြောတာတော့ ကျော်စွာကိုဖြစ်ပြီး ရည်ရွယ်သူက

လင်းမှန်း သိသာစေရန် တည့်တည့်ကြည့်ပြီး စိန်ခေါ်သ

ထိုနောက် ဆရာကြီးအထာတွေ လုပ်တတ်သော သူမပန်းတင်

တွန်းချိတ်ပါလာတဲ့အထိ ဖြတ်တိုက်ရင်း ခြံတံခါးဆီ သူ

အရင်လျှောက်ဝင်၏။ ဘယ်လိုရေစက်များ ပါလေသလား

ဒီမိန်းမအား ကြည့်မရတာ ဟိုးငယ်စဉ်ကတည်း

ကိုယ့်ကို ပြုံးပြလည်း အပြုံးလို့မမြင်ဘဲ ဘီလူးအစွယ်ဖြဲပြ

မြင်မိတာကြောင့်





"မင်းကလည်း ခြံရှုံရာ၊ အရမ်းပြတ်ပြတ်ကြီးဆိုတော့ အားနာစရာကြီး၊ ဘာပဲဖြစ်ဖြစ် သူက မိန်းကလေးဆိုတာလေး သတိထားပြီး…"

"အဲဒီလို သတိထားရင် ထားတဲ့လူပဲ ခံသွားရမယ်၊ သူက မိန်းမဆိုပေမယ့် ဘုရင်မပဲ ဖြစ်ချင်တာမျိုး"

"ဖြစ်ချင်တာ ဖြစ်ခွင့်ပေးလိုက်ပေါ့၊ သူလည်း စိတ်ချမ်းသာ၊ မင်းလည်း သက်သောင့်သက်သာရှိတာပေါ့ ငါ့ကောင်ရ"

သူက ငြိနွဲ့နွဲ့ရပ်သွားသော ခြံတံခါးအတွင်းမှ ထွက်ရင်း

"သဘာဝက သတ်မှတ်ပေးပြီးသား၊ မိန်းမဆိုတာ ယောကျ်ားတွေပေးလာတဲ့ ဝန်ထုပ်ဝန်ပိုးမှန်သမျှ တာဝန်ယူရမယ့်လူ"

"အင်း…မင်းဟာကလည်း"

"ဟုတ်ဘူးလား ငါပြောတာ၊ ငါတို့ ချစ်ခွင့်ယူတာနဲ့ အဲဒီအချစ်ရဲ့ နောက်ဆက်တွဲတွေကို ခံစားရတာ ဘယ်သူလဲ၊ ချစ်သူ လည်း ချစ်သူအလျောက် လက်ကလေးတွေ ပါးလေးတွေ အမွှေးခံ



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ''

''အေး…ဒါတော့ဟုတ်သား၊ ငါတို့က တစ်ခါနမ်းတိုင်းနှာခေါင်းပွန်းတယ်မှ မရှိတာ''

ဒါတော့ ကျော့်စွာက အားပါးတရ ထောက်ခံသည်။

''အိမ်ထောင်သည် ဘဝကျတော့ရော ငါတို့ပေးသနားကို ခံယူရင်း ပုခက်လွှဲသောလက်ပိုင်ရှင်တွေ ဘာတွေဖြစ်ကုန်တာ ကျေးဇူးသိတတ်တဲ့စိတ်ရှိရင် သူတို့က ငါတို့ကို ကျေးဇူးတောင်တင်ရဦးမှာ၊ သူတို့ကို ကမ္ဘာက အသိအမှတ်ပြုအောင် လုပ်ပေးတာ ငါတို့က''

''အေးနော်…မင်းပြောမှပဲ ကျားဘဝကို ဂုဏ်ယူချင်သလိုဖြစ်လာပြီ၊ ဒါနဲ့ ခြိရံ''

ကျော့်စွာက သူ့ပခုံးကိုလှမ်းဆွဲရင်း တချို့ပိတ်စပြုနေပြီဖြစ်သော ဆိုင်တွေကို ချာလပတ်လည်အောင် လိုက်ကြည့်ကာ

''ငါတို့ ကားပါကင်ကို ဆင်းရမှာမဟုတ်လား၊ ဘယ်လိုဖြစ်ပြီး ရှော့ပင်း(န်)မောလ်ထဲ ရောက်လာတာလဲ''

''ငါ တစ်ခုခုမှာစားမလို့''





ပြောရင်း ခြိရံ ခြေစုံရပ်တာက စားသောက်ခန်းမရှေ့မှာ။ ခန်းမတစ်ခုလုံး စားသုံးသူမရှိအောင် ရှင်းလင်းလျက်။ သို့ပေမယ့် ဝန်ထမ်းတွေကတော့ ခါးစည်းအင်္ကျီတွေ၊ ခေါင်းဆောင်းလေးတွေ ဆင်တူနှင့် မှန်ဆေးရည်တွေ ဖြန်းတဲ့သူဖြန်း၊ ရေမြှုပ်အကြီးစားနှင့် မှန်ပြတင်းပေါက်၊ မှန်စားပွဲခုံတွေ သုတ်တဲ့ သူနှင့် မြိုင်မြိုင်ဆိုင်ဆိုင်ကြားထဲမှာ သူမ။ အဝေးက ကြည့်တာတောင် ပါးစုံတွေ မို့နေအောင် ရယ်နေတာ သူမရဲ့အပျော်တွေကို သိသာစေသည်။

ရေမြှုပ်တုံးကြီးနှင့် မှန်တွေတိုက်ရင်း ဖွင့်ထားသော သီချင်းသံနည်းချက်နှင့်အညီ ခါးလှုပ်တင်ခါပြီးကတော့ စားသောက်ခန်းမထဲက ရယ်သံတွေက အပြင်စင်္ကြံဘက်အထိ ပြေးထွက်လာ၏။ သူမက ဒီလိုလည်း ရတာပဲလား။ ကိုယ့်ဘာသာကိုယ် တွေးပြီး စိတ်ထဲက ရယ်မိတာ အပြင်သို့ အသံထွက်သွားတဲ့အထိ။

''အဟွန်း''

''ဘာလဲဟ၊ မင်းက အူကြောင်ကြောင်နဲ့''

လက်မောင်းကို ပိတ်ထိုးရင်း ကျော့်စွာက ပြောသံကြောင့် သူ သတိဝင်သွားရကာ ငုံ့ကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



"ရှစ်နာရီထိုးနေပြီလေ၊ ဆိုင်ပိတ်ပြီပေါ့၊ မင်းစားချင်ရင် မုန့်ကြည်ဆေးသောက်ပြီး ရေမြှုပ်တုံး မြည်းလို့ရမယ်"

သူက ကျော်စွာပခုံးဖက်ပြီး လှည့်ထွက်ခဲ့တာတောင် နှုတ်ခမ်းမှာ အပြုံးက အတောသတ်မရဘဲ

လွတ်လပ်ပေါ့ပါးသော မမတင့်တယ်ကို ယောကျ်ား တစ်ယောက်ယောက်က ဝန်ထုပ်ဝန်ပိုး လွှဲပြောင်းပေးနိုင်ပါ့မလား။ အကယ်၍ လွှဲပြောင်းပေးချင်သူက ခြံရှ် ဖြစ်ခဲ့ပါက...။

သူ ခေါင်းမော့ပြီး အားပါးတရရယ်တော့ ကျော်စွာက အူတိအူကြောင် မော့ကြည့်ကာ

"ဒီကောင် မသောက်ခင်က မူးနေပြီ"

တစ်နေ့နေ့တော့ ကျော်စွာကို သူပြောပြရပါမည်။ မချစ်ခင်ကတည်းက မူးနေသူတစ်ယောက်အကြောင်း။

◆ ◆ ◆

ဖိုး : မိုး : ၈၁၆ပ

## အခန်း (၁၃)

"ကျစ်...ငါတော့ တကယ်ရူးချင်ပါပြီ၊ ဒီဖိနပ်နဲ့တော့"

မမက ခြေမပေါ်ကွင်းယှက်ထိုးထားပြီး ကျန်ခြေလေး ...င်းက ကြိုးတစ်ချောင်းတည်း သိမ်းထားတဲ့ လည်သာဖိနပ် ...ကိုချွတ်ကြည့်သည်။ ကြိုးပေါ် စိန်ပွင့်လေးတွေ စီထားတာ ... အညိုနုပေါ် အညိုရင့်ကြိုးကလေးရောက သူ့မစိတ်ကြိုက် ...ာင်မို့ ခုံထူပေမယ့် သဘောတကျ ဝယ်စီးခဲ့တာ။ အခုတော့ ...ခြင်ကပဲ ကွာချင်သလို၊ ခွာချင်သလို လှုပ်စိစိနှင့်။

"ဟွန်း...ဝယ်ထားတာဖြင့် တစ်လတောင် မပြည့် ...ဘူး၊ ဖိနပ်က မခံချင်တော့ဘူး၊ အဲဒါကြောင့် အလှမမက်

ဖိုး : မိုး : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ရှိုးရှိုးညှပ်လေး ဝယ်စီးတာမှ ဟုတ်တုတ်တုတ်၊ အလကား
ဖိနပ်စုတ်''

ခေါက်လေးကို ပြန်တည့်ပြီး ခြေထောက်ရှေ့ တရိုတသေ ချသည်။ လောလောဆယ်တော့ ဒီဖိနပ်ကို စိတ်ဆိုးလို့မဖြစ်သေး အိမ်ကိုရောက်ရန် နောက်တစ်ဆင့် ကားစီးရဦးမည်။ ဖိနပ်ပြတ် သွားလို့ ဗိုက်ဆံပါသော်လည်း ဝယ်စီးရန် ဖိနပ်ဆိုင်ဆိုတာ လည်း နတ္ထိ။ လက်မှနာရီကို ကြည့်လိုက်တော့ ကိုးနာရီထိုး ငါးမိနစ်။

"ဆိုင်သန့်ရှင်းရေးလုပ်ရမှာဆိုရင် နနနဲ့အတူပြန် အမေ နေမကောင်းတော့ ငါက စောပြန်မှဖြစ်မှာ''

စုထွေး လာပြောတုန်းက သူမက နနနှင့်အတူပြန် ကြိုရှယ်ပေမယ့်

"ကိုမင်းဇော် လာကြိုမှာ၊ ဘာဖြစ်လဲ မမရယ်၊ အား စရာ မလိုဘူးနော်၊ သူ လာကြိုရင် မုန့်တောင်အလကားစား ဦးမှာ''

ရည်းစားလာကြိုမယ့်အရေးထက် မုန့်အလကားစား





ည့်အရေးတွေးကာ ပျော်နေသည့် နနကိုကြည့်ရင်း သူမက အတူပြန်မည့် အစီအစဉ်ကို ဦးအောင်ဖျက်ခဲ့တာဖြစ်သည်။ သူများ ည်းစားတွေ ညသ ခရာသ်တွေ နားထောင်ပြီးတော့ အဖော် လုပ်လိုပါ။

မမက ကိုယ့်အတွေးနဲ့ကိုယ် ခြေလှမ်းနှစ်ဆပိုမြန်သည်။ များတစ်ဝိုက်က ဆိုင်ခန်းတွေချည်းဖြစ်ကာ လူနေအိမ်လည်း မရှိ။ ဆိုးတာက လမ်းမီးတွေလည်း မရှိတာကြောင့်

"ယော့...ဒီမှာ''

ရုတ်တရက် ကိုယ့်လမ်းရှေ့ပေါ်လာသော လူနှစ်ယောက် ကြောင့် မမ ခြေလှမ်းတုံ့သွားရသည်။ အနားမကပ်ခင်ကတည်းက လေအငွေ့မှာ အရက်နံ့က ထောင်းခနဲ။

"အဟဲ...ညီမလေး''

"အဖော်မရှိဘူးလား''

"ဘာပြောတယ်''

ခပ်တည်တည်နှင့် ဗိုက်ဟောက်တော့ အမူးသမား နှစ်ယောက်က မျက်နှာပျက်သွား၏။ မမက အမူးသမားဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



တော့ မကြောက်ပါ။ အမူးလွန်လေ ကောင်းလေ။ ကိုယ်တစ်ခု... တွန်းတာနဲ့ လဲတော့မည့် စတိုင်ရှိသော ထိုနှစ်ယောက်စလုံးအ... မမက စေ့ကြည့်ရင်း ချာလီထီးရှည်အား ပြောင်းပြန်ကိုင်သည်... လက်တစ်ဖက်က စတီးသုံးဆင့်ချိုင့်ကို မြင်သာအောင် ဆပြ...

"လမ်းဖယ်ပေးရင်ပေး၊ မပေးရင် ကျွန်မ အဆိုးမဆိုနဲ့... စတီးချိုင့်နဲ့ ဒီထီးရိုးက အနည်းဆုံးတော့ အကွဲပဲ၊ နှစ်ချက်ချုပ်မ... သုံးချက်လား၊ ကြိုက်ရာရွေး"

"အဲ...အဲဒီလိုတော့ မရက်စက်ပါနဲ့ ညီမရယ်"

"အဟီး...အစ်ကိုတို့ သောက်တာများသွားလို့၊ လ... စရိတ်ပြောင်သွားပြီ"

အမူးသမားနှစ်ယောက်က တစ်ယောက်မျက်... တစ်ယောက် ပြန်ကြည့်ပြီး

"ဟုတ်ဒယ်...ဟုတ်ဒယ်"

ထောက်ခံနေကြသေးသည်။ ပြီးမှ မမကို အသနားခံသ... ရုပ်မျိုးနဲ့

"အဲဒါ ငါးရာလောက် ချေးပါလား"

"လမ်းစရိတ်မရှိတော့လို့ပါ"

"ချေးရအောင် သိကြတဲ့သူတွေလည်းမဟုတ်ဘဲနဲ့၊ ဒီမှာ အလကားပေးလိုက်မယ်၊ နောက်ကျရတဲ့အထဲ ဒင်းတို့က တစ်မှောင့်"

"ကျေးဇူး...ကျေးဇူး"

တရုတ်လို လက်သီးဆုပ်ပေါ် လက်ဖဝါးတင်ပြီး အရို အသေပေးနေသေးသည်။ မမက ရှုစုအောင့်အောင့်နှင့် သော: လွယ်အိတ်ထဲက ပိုက်ဆံအိတ်ကိုနှိုက်ရင်း

"အရေးထဲ လူကို လန့်အောင် လုပ်နေသေးတယ်"

တီးတိုးရေရွတ် မဆုံးခင်မှာပင် နောက်က သိုင်းဖက် လိုက်တဲ့ အထိအတွေ့နှင့် လည်ပင်းနားမှာ အေးစက်စက်အရာ တစ်ခု။

"မင်းက စေတနာကောင်းသားပဲ"

"ရှင် ဘယ်သူလဲ"

"နာမည်မိတ်ဆက်လည်း မင်းသိမှာမဟုတ်ဘူး"

အရှေ့က အမူးသမားနှစ်ယောက်ကတော့ အမူးပြေ...



www.burmeseclassic.com

www.burmeseclassic.com



ပြယ်သွားဟန်ဖြင့် မမကို ပြုံးကြည့်ကာ

"ဓား…ဓားကြီးနဲ့"

အော်ပြီး နောက်ဆုတ်နောက်ဆုတ်နှင့် ထွက်ပြေးကြတာ မမဆီက လမ်းစရိတ်တောင်းရန်ပင် မမှတ်မိတော့သည့် အတိုင်း။

"မင်း ရှန်းကန်တာတွေမလုပ်နဲ့နော်၊ ငါက ဒီနေ့မှ ထောင်ကထွက်လာတာ၊ မင်းလည်ပင်းမှာ ထောက်ထားတာ သွားကြားထိုးတံ မဟုတ်ဘူး၊ သဘောပေါက်"

"ရှင် ဘာလိုချင်တာလဲ၊ ပစ္စည်းတွေ ရှိတာယူသွားပါ။ ဒါပေမဲ့ လူကိုတော့…"

"ပထမတော့ ပစ္စည်းပဲလိုချင်တာ"

မမလက်ဖဝါးတွေက ချွေးစေးတွေ စိုထန်းဆဲကြားက ချိုင့်ရဲ့ကိုင်းကို တင်းတင်းကျစ်ကျစ် ဆုပ်ကိုင်ထားမိသည်။ ပိုက်ဆံ အိတ်ရှာစဉ်က ထီးနှင့်ချိုင့်ကို လက်တစ်ဖက်တည်း စုကိုင်ထားတာ ရုတ်ခြည်း လှုပ်ရှားဖို့ဆိုတာတော့ မလွယ်။

"မင်းအနားကပ်ပြီး ဓားနဲ့ထောက်မှ"

ရှိခဲ့ အသံရှုသွင်းသံနှင့်အတူ မမလည်တိုင်တစ်လျှောက်





လေမွှေးတွေက ဖျတ်ခနဲ ရိုက်ခတ်သွားပြီး

"သနပ်ခါးနံ့သင်းသင်းလေးက လူကိုပါ အပိုင်သိမ်း ချင်စိတ်ပေါက်သွား…"

မမက ကိုယ့်မေးဖျားအောက် ရောက်နေသည့် ဓားကိုင် လက်အား ဖျတ်ခနဲ ငုံ့ချ၍ အားကုန်ကိုက်ပစ်လိုက်တာဖြစ်သည်။

"အား"

အသည်းခိုက်မတတ် အော်သံနှင့် အချုပ်အနှောင်က လွတ်သွားသည်။ မြေကြီးပေါ်ကျသွားသည့် ဓားကို မမက ကန်း အကောက်

"မင်းကများ…ငါ့ကို"

သွားရာအကွင်းလိုက် လက်ကို သူ့လက်တစ်ဖက်ဖြင့် ကိုင်ထားရင်း မမဆီ ဒေါသတကြီး ပြေးဝင်လာတဲ့ ထိုလူအား ထီးရိုးနှင့်ယမ်းပစ်ရင်း မမက လွတ်ရာထွက်ပြေးသည်။ ထိုအခိုက် မှာပဲ ကားမီးရောင်က မမတို့ရှိရာသို့ ဖွေးခနဲ ထိုးကျလာတာမို့ မမက ဘာဘာညာညာ စဉ်းစားချိန်မရဘဲ နီးရာ ဆောက်လက်စ တိုက်နံရံဆီးကို ပြေးကပ်ကာ နံရံနှင့်ကျော တစ်သားတည်းကျ



www.burmeseclassic.com

www.burmeseclassic.com



အောင် ကပ်ထားမိ၏။

ကားမီးရောင်က လမ်းမဘက်ကကွေ့၍ ရောင်ပြန်ဟပ်သလား၊ မမတို့ဆီ ဦးတည်လာသလား မသိမသာ နားစွင့်ကြည့်နေဆဲမှာပဲ မမပုန်းရာနေရာသို့ တဖျတ်ဖျတ်လျှောက်လာသည့်ခြေသံ။

ဘုရား…ဘုရား…။ ဒါ တောင်ထွက်လူကြီး မမကိုရှာနေတာဖြစ်မည်။

မမလက်ထဲမှာ သူ့ရဲ့ဓားကြီး ပါလာသည်။ မမက ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း တစ်စထက်တစ်စ နီးကပ်လာသော ခြေသံကို စိတ်ထဲမှရေတွက်ကာ

"တောင်ထွက်တွေက သေမထူး နေမထူးတွေ"

ဒေါ်လေးစကားကို ကြားယောင်တော့ မျက်ဝန်းတွေမှိတ်ပြီး အသက်တဝရှုသွင်း၏။ လူဆိုတာ ကိုယ့်အသက်ကို ပိုချစ်တတ်တာ သဘာဝမို့။

"ဟိတ်"

"အင့်"

ဝိုး : ဝို : ၈၁၆ပ



တိုက်ဘေးနား ပေါ်လာသော အရိပ်အား မမက မျက်လုံးမှိတ်၍ ဓားနှင့်ထိုးချပြီးမှ

"အ…မင်း…မမတင့်တယ်"

ကိုယ့်နာမည်ခေါ်သံကြောင့် မှိတ်ထားသော မျက်လုံးကို့အား ပြန်အဖွင့်မှာပဲ နားထင်နှစ်ဖက်အား ဆယ်ပေါင်တူကြီးနှင့် ထုရိုက်ခံလိုက်ရတဲ့အတိုင်း မျက်လုံးတွေ ကြယ်တွေ လတွေပြီးပြက်သွားပြီးမှ

"ရှင်…ဘောစ်"

"ဟာ…ဟောကောင် ခြံရုံ"

အော်သံနှင့်အတူ တဖျတ်ဖျတ်ပြေးလာသော ခြေသံပိုင်ရှင်က ဘောစ်ရဲ့မန်နေဂျာ ကိုကျော်စွာ။ အဲဒီနောက်မှ မမက သွေးစွန်းနေသော ဓားကိုတစ်လှည့်၊ ဗိုက်ကဒဏ်ရာက ဖိထားဆဲကြားမှ သွေးတွေထွက်ဆဲ ခြံရုံကိုတစ်လှည့်ကြည့်ရင်း လွဲနေကျ ထုံးစံအတိုင်း ဓားကိုင်ထားရင်း သူမက ဦးအောင်သတိမေ့သွားခဲ့၏။

◆ ◆ ◆

ဝိုး : ဝို : ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"လူနာမိန်းကလေး သတိရလာပါပြီ ဒေါက်တာ"

နာ့စ်လေးက အခန်းတံခါးဟာရုံလေး ဟပြီး လှမ်းပြောတာနှင့် ငုတ်တုတ်ထိုင်နေသော ခြိမ့်ရဲက ခုတင်ပေါ် ဝုန်းခနဲ ပစ်လှဲသည်။

"ဟကောင်ရ…ဖြည်းဖြည်းလုပ်ပါကွ"

"ကိုမောင်းပဲ ပြောတော့ အသက်နဲ့အဝေးကြီးဆို"

"အေးပါ၊ အတွင်းကလီစာတွေ ဘာမှ…"

"ရှူး"

လှဲနေရာမှ ခြိမ့်ရဲက နှုတ်ခမ်းပေါ် လက်ညှိုးတင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးဗျ၊ တော်ကြာ ကြားသွားမှဖြင့်၊ ကိုမောင်း…ကျွန်တော်ပြောထားတဲ့အတိုင်းနော်"

"မင်းဟာကလည်းကွာ"

"လာညည်းမနေနဲ့၊ ကိုမောင်းပဲ သဘောတူထားပြီးတော့"

ဒေါက်တာအောင်မောင်းက ဆုံးဖြတ်ရခက်သလို မျက်ခုံးခပ်ရှုံ့ရှုံ့ကြားမှ ရယ်ချင်သည့် နှုတ်ခမ်းများက စေ့မရဘဲ

"မင်းရဲ့ မာတာပီတုတွေသိရင် ငါကျိုင်မှာ ဟာ့ကောင်"

"ကိုမောင်းနဲ့ နှာစ်မှ မပြောရင် ဘယ်သူမှမသိဘူး"

"အေး…မင်းက ဖွတ်ပဲ၊ ကျော်စွာ…မင်းကရော၊ ဘယ်လိုသဘောရလဲ"

ပုဂ္ဂလိကဆေးခန်းရဲ့ သီးသန့်ခန်းထဲရှိ ဆိုဖာမှာ အကျအနလှဲရင်း တီဗီချန်နယ်လ်တွေ တစ်လိုင်းပြီးတစ်လိုင်း ပြောင်းကြည့်နေတဲ့ ကျော်စွာက

"အဆင်ပြေရင်ပြီးရော ကိုမောင်း၊ မြို့ ဒီကောင် နားပူတာနဲ့ လက်ဖက်ခြောက်ခပ်ပြီး ရေနွေးကြမ်းတောင် သောက်လို့ရနေပြီ၊





နောက်မှ နောက်ဖေယားကြည့်ရှင်းကြတာပေါ့"

ကိုမောင်းမှာ နှစ်မဲတစ်မဲမို့ ဘာဆက်ပြောရမှန်းမသိဘဲ တတ်ထဲကိုင်ထားသော နားကြပ်ကို လည်ကုပ်ပေါ် ပြောင်းချိတ်ရင်း

"မင်းတို့ အဆင်ပြေတာတော့ ဟုတ်ပါပြီ၊ ချာတိတ်မ ာ အဆင်ရောပြေပါ့မလား"

"ကိုမောင်းသာ ကျွန်တော်ပြောတဲ့အတိုင်း မင်သေ ါလှေစေ၊ သူ့ဘက်က အေးဆေး"

"ခြိုရ်"

ဆိုဖာပေါ်လှဲနေရာမှ ကျော်စွာက လှုးလဲထကာ ခေါ တော့ သူက ခေါင်းထောင်ကြည့်ရင်း

"ဘာလဲ"

"မင်းကိုကြည့်ရတာ ငါ မသင်္ကာချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

ခြိုရ်က မှုန်ကုပ်ကုပ်နှင့် ပြန်မေး၏။

"မင်းကြည့်ရတာ လိုတာထက် ပိုတက်ကြွနေသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"လျှာမရှည်နဲ့"

တည်တင်းတင်းနှင့် ခြံရုံက ဝိတ်ယောက်ရင်း ခေါင်းအုံးပေါ် ပြန်လှဲချကာ ပတ်တီးစည်းထားသော ဗိုက်အား မြင်သာစေရန် တီရှပ်ကို ရင်ဘတ်အထိ ဆွဲလှန်ထားပြီး

"ဒီပုံစံကိုမြင်၊ ဒီနားလာရပ်၊ ဆိုဟမှာထိုင်ပြီး တီစီကြည့်နေတာ စိတ်ပူတဲ့ပုံနဲ့ အံမဝင်ဘူး"

"အံဝင်စရာလည်း မလိုပါဘူး၊ မင်းက စိတ်ပူရလောက်အောင် ဘာမှဖြစ်တာမှမဟုတ်တာ"

ရှုတွတွပြောပေမယ့် ကျော်စွာက ပြောရင်ပြောတဲ့ အတိုင်း အနားသို့လာရပ်သည်။ ဒီတော့မှ ခြံရုံက စိတ်ချလက်ချ ရှိသွားသည့်အတိုင်း ခုတင်ပေါ် ပြန်လှဲကာ ရင်ဘတ်ပေါ် လက်နှစ်ဖက်ယှက်တင်ရင်း

"ဆရာမ…ဟိုကောင်မလေးကို ခေါ်ခဲ့ပါတော့"

လှမ်းအမိန့်ပေးသည်။

"နော်ဆေး…ကိုယ် မှာထားတာ မမေ့နဲ့နော်၊ သတ္တုရှာန်လုပ်တာ ပီပါစေ"



မနေနိုင်မထိုင်နိုင် ခေါက်တာအောင်မောင်းက ဝင်မှာပြီးမှ

"ဆေးထိုးအပ်ကိုင်ပြီး လူ့အသက်ကယ်တဲ့လူက ဘဝတစ်ခုကို သတ်သလိုများ ဖြစ်နေမလားမသိဘူး ခြံရုံ၊ မင်း ငါ့ကိုအတိပေးထားတဲ့အတိုင်း ကောင်မလေး ထိခိုက်အောင် မလုပ်ဘူးဆိုတာ တကယ်နော်"

သေချာအောင် ထပ်မေးတော့ ခြံရုံက ပြုံးစိစိနှင့်

"တကယ်ပါ၊ ထိခိုက်ရင်လည်း သူတစ်ယောက်တည်း မဟုတ်ဘူး၊ နှစ်ယောက်စလုံး အတူတူ"

ထိုအခိုက် အခန်းတံခါးပွင့်လာပြီး နှာစ်တွဲထားသော မေတင့်တယ်ကို မြင်လိုက်ရတဲ့ခဏမှာ…

ရင်ခုန်သံဆိုတဲ့ အရိုင်းအစိုင်းကောင်က ရင်ခွင်လွှင်ပြင်မှာ ရေချွန်တီးဝိုင်းထောင်ထားသလို တဒုန်းဒုန်းတဒိုင်းဒိုင်း အသံတွေပေးရင်း…

တကယ်ဆို ငါတို့ကမှ ရေစက်ဆုံခဲ့တာ အမှန်။

♦ ♦ ♦





www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

"တကယ်ဆို မညာတာတမ်းပြောရရင် ဒါက ပူးလိမ်ကော့စ်ပါ"

"ရှင်"

အလန့်တကြား အာမေဋိတ်နှင့် မမကိုယ်လေး ဆတ်ခနဲ တောင့်မတ်သွားရသည်။ ရှေ့မှ ဆရာဝန်ကိုတစ်လှည့်၊ စုတ္တေးနှင့် ဒေါ်လေးကိုတစ်လှည့် ကြည့်ရင်း ဘာပြောလို့ ပြောရမှန်းမသိ။

"အထရာဆောင်းအပြေအရဆိုရင် ဒါ ဓားနဲ့ထိုးမိတာ သေချာတယ်ဗျ၊ ဒီလိုဒဏ်ရာမျိုးကို ဆေးခန်းမှာ ကျိတ်ကုသရုံ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ မပြီးဘူးလေ၊ ပုံမှန်အတိုင်းဆို ဒါ ရဲလက်လွှဲပေးရမှာပဲ၊ ဒီတော့ လူနာဘက်ကို မေးခွန်းလေးတွေ မေးပြီးတာနဲ့ ကျွန်တော်က ဆေးစာရေးပေးမယ်၊ ပြီး ဒီမြို့နယ်က တာဝန်ကျစခန်းမှူးနဲ့ အကြောင်းကြား…”

“ဒေါက်တာ”

အခန်းဝခေါ်သံကြောင့် ဆရာဝန်က လှည့်ပင်းရှည်ကြည် သလို မမတို့သုံးယောက်စလုံးလည်း ခေါင်းတွေ ချာခနဲ လှည့်ကြည် သည်။

“ကိုကျော်စွာ”

စုထွေးက ဝမ်းသာအားရ လှမ်းခေါ်၏။ ဘာပဲဖြစ်ဖြ ကိုကျော်စွာကို တွေ့ရသည့်အချိန်မှာ အသနားခံ၍ရမည်လားဆိုတဲ့ မျှော်လင့်ချက်နဲ့ပါ။ မမ ဖုန်းဆက်ခေါ်၍သာ ဒီကို ရောက်လာရတာ ညကြီးမင်းကြီး ပုဂ္ဂလိကဆေးခန်းအမည်ပြော၍ လိုက်လာပါ တုန်းက သားအမိနှစ်ယောက်စလုံး စိုးရိမ်တာ မမ ဘာများဖြစ်ပြီ လို့ပါ။

ဒီရောက်မှ လူများ၍ ဓားနဲ့ထိုးမိတာရော၊ ထိုးမိသူ



ကိုယ်တွေရဲ့ ဘော့စ်ဖြစ်တာရောကြောင့် ခေါင်းနပန်းကြီး၍မပြီး သေး။ အခု ဆရာဝန်ပြောပုံက မမကပဲ ရာဇဝတ်သားလိုလိုမို့…။

“လူနာ သတိရလာပြီခင်ဗျ၊ အဲဒါ ဒီက မမတင့်တယ်နဲ့ စကားခဏပြောချင်လို့တဲ့”

“နေဦးလေ၊ ကျွန်တော် စမ်းသပ်ပေးပါဦးမယ်၊ စိတ်ချရပြီ ဆိုမှ လူတွေနဲ့ စကားပြောခွင့်ပေးမှာ”

ဆရာဝန်က နားကြပ်ကိုင်ပြီး အရင်ထတော့ မမတို့ပါ အရပ်ရင်း အခန်းထဲကထွက်သည်။ ဒါတောင် သူ့လူနာခန်းထဲ လိုက်ဝင်ခွင့်မရဘဲ စကြံမှာပဲနေခဲ့ရကာ ဆရာဝန်က စမ်းသပ်ရန် အရင်ဝင်သွား၏။

“ကိုကျော်စွာ…ဟို ဘော့စ်အခြေအနေက အသက် အန္တရာယ် စိုးရိမ်ရတဲ့အထိများ ဖြစ်သွားတာလားဟင်”

“ဆရာဝန်တွေကတော့ လိုအပ်တဲ့စမ်းသပ်မှုတွေ တစ်ခု ပြီးတစ်ခု လုပ်နေကြတာပဲ၊ ယတိပြတ်ပြောဖို့အတွက်ကျတော့ အချိန်တစ်ခု စောင့်ရမှာဆိုတော့”

“ငါတော့ ညည်းညီမကိုသာ လုပ်ချင်တော့တာပဲ”




www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးကလည်း"

အဒေါ်က ကြိမ်းတော့ မမက မျက်နှာငယ်လေးနှင့်ငါ ပြောရင်း ချက်ချင်းခေါင်းငုံ့ကာ···

"မမလည်း တမင်လုပ်တာမှ မဟုတ်တာ"

"အဲဒီ နမော်နမဲ့အကျင့်တွေကို ဖျောက်ပါ၊ ဘာလုပ်လုပ် သေသေချာချာ တိတိကျကျလုပ်ပါဆိုပြီး ငါ အာပေါက်မတတ် ပြောခဲ့တာလေ"

"သေချာတိကျချိန်မှ မရတာလို့၊ မမက ဟိုလူကြီး မှတ်ပြီး··"

"တော်···တိတ်"

ဒေါ်လေးက ဝိတ်အော်တော့မှ မမမှာ ဖက်ကလေးပုန်း မျက်ရည်အဝဲသားနှင့်မို့ ကျော်စွာမှာ စိတ်တော့မကောင်းပေမယ့် ကိုယ်တင်ထားသည့်ဇာတ်က အရှိန်လျော့၍မဖြစ်သောကြောင့်··

"ဟို··အဲဒီလောက်လည်း စိုးရိမ်မနေပါနဲ့၊ ခြိမ်ရုံနဲ့တွေ ပြီး စကားခဏပြောလိုက်ပါဦး"

ကိုကျော်စွာရဲ့ နှစ်သိမ့်စကားအဆုံးမှာ အခန်းတံခါး





ဖွင့်ခနဲပွင့်လာပြီး··

"လူနာက ဒီထဲက မမတင့်တယ်ဆိုတဲ့သူနဲ့ စကားပြော ချင်တယ်တဲ့"

"ဟုတ်··မမ ဝင်ကွေ့··"

စကားမဆုံးခင် ဒေါက်တာက လက်ကာပြရင်း···

"လူနာကို စကားကြာကြာပြောခွင့် မပေးနိုင်ဘူး၊ ဆယ် ငါးမိနစ်ပဲ၊ ပြီးတော့ သူနဲ့ အဆင်ပြေအောင် ညှိနှိုင်းလိုက်ပါ၊ သူက အဆင်ပြေရင် အခုဖြစ်သမျှကို ကျေအေးပေးမယ်တဲ့"

"ဟယ်··တကယ်"

ထ,ခုန်တော့မတတ် မမက ဝမ်းသာသွားကာ စုတွေး သက်ကို လှမ်းကိုင်ပြီးတောင် ရယ်ပြလိုက်သေး။

"တစ်ခုတော့ မမတင့်တယ်အနေနဲ့ သိထားရမယ်"

"ဟုတ်ကဲ့ ပြောပါ ဆရာ"

"လူနာစိတ်ထဲ တကယ်ကျေနပ်နိုင်ပါမှ ဆေးစာမှာ ရိုးရိုး ထိခုက်မိတာလို့ ရေးပေးလို့ရမှာ"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



မမက ဒေါက်တာ့စကားကို အလေးအနက်နားထော
ရင်း ခေါင်းညိတ်ပြသည်။

"ဒါမှလည်း ကျွန်တော်တို့ဆေးခန်းက ရှင်းရှင်းလ
လင်း ရှိမှာလေ"

"ဒီတော့ လူနာကျေနပ်အောင် အတတ်နိုင်ဆုံး ညှိ
လိုက်ပါ၊ ဒါ နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် ပြောပြတာပါ
အမှုတစ်ခုဖြစ်တဲ့အခါ အချိန်ကုန်လူပင်ပန်းနဲ့ ဂုဏ်သိက္ခာပိုင်း အ
ထိခိုက်မှာ၊ ကျွန်တော်က ကိုယ်ချင်းစာလို့"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မတို့ နားလည်ပါတ
ကြိုးစားပါ့မယ်၊ ဆရာ့ကို ကျေးဇူးတင်ပါတယ်၊ ဟဲ့··မမ"

ဒေါ်လေးက ဆရာ့ကို ပြောနေရာမှ မမလက်မောင်း
ဖျတ်ခနဲလှမ်းရိုက်ရင်း···

"သူ ဘာပြောပြော ညည်းခေါင်းညိတ်ခဲ့၊ ကြားလား"

"ဟုတ်···ဒေါ်လေး"

◆ ◆ ◆



## အခန်း (၁၆)

"အဲဒါ ဒေါ်လေးကြောင့်"

"ဘာပြောတယ်"

"ဟုတ်တယ်လေ၊ ဒေါ်လေးပဲ သူ့ဘာပြောပြော ခေါင်း
ညိတ်ဆို"

မမက ခုတင်အောက် ခြေတစ်ဖက်ချကာ ကျန်ခြေ
တစ်ချောင်းကို ခုတင်ပေါ် ခပ်ကွေးကွေးတင်ထားတဲ့ပုံက စိတ်ပျက်
တာရော ကြိရာမရဖြစ်တာရော ထိုအသွင်ကို တစ်ခါတည်းတန်း
ပေါ်စေသည်။ မမရှေ့မှာ အသစ်စက်စက် လပ်ဂေ့(ချ်)ကြီးကို
အဖုံးဖွင့်လျက်သား။ ထိုလပ်ဂေ့(ချ်)ထဲသို့ စုထွေးက နာမည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



Brand တံဆိပ်ရိုက်နှိပ်ထားသော အိတ်ကြီးအိတ်ငယ် အသွယ်သွယ်ထဲမှ အဝတ်အစားအသစ်တွေကို ပြောင်းထည့်ပေးရင်း…

"နင်က နာအံ့ရှိသေးတယ်လို့ ထင်နေတာပေါ့၊ ဟုတ်လား မမ"

"ညည်းညီမ ရစ်စရာမရှိ ရှာကြံရစ်နေတာပါအေ၊ အခုနေ တခြားဘယ်သူမှ မက်ခွင့်မရတဲ့အိပ်မက်ကို သူ ရထားတာတောင်"

ဒေါ်လေးက နာမည်ကြီးအလှကုန်ပစ္စည်းတွေ၊ ရေမွှေးတွေနှင့် ဖန်စီမှာရီတွေပါသော ဘောက်(စ်)အသေးစားကို သေချာ ပိတ်ပေးရင်း ပြောပုံက မမပဲ လူကြီးလိုလို။

"ဒါပေမဲ့ သူ့အိမ်မှာ လိုက်နေဖို့ကျတော့"

"ဟဲ့…ဘာဖြစ်လဲ၊ သူ့အိမ်မှာ သူ တစ်ယောက်တည်းလား…ပြော၊ သူ့အဖေ အမေရော၊ သူနဲ့ လက်ထပ်ရမယ် မွေးစားအစ်မရော ရှိနေတာကို"

"အဲဒီ အစ်မကိုလည်း မမ မျက်နှာပူတယ်"

"ဘာပူစရာရှိလဲ၊ မောင်မြဲ့ရုံကမှ မလိုချင်တာ၊ ပြောသွားတာ ညည်း မကြားဘူးလား၊ နေရာတကာ ဆရာကြီးအထာ





နဲ့တဲ့"

"နင် သရုပ်ဆောင်ရမှာက ဘော့စ်စကားကို ခေါင်းညိတ် နာခံတဲ့၊ ဘော့ကို အရမ်းချစ်တဲ့ ချစ်သူအဖြစ်နော်"

"အဲဒီလို မလုပ်ချင်ဘူး"

"ဟဲ့"

သားအမိနှစ်ယောက်စလုံး ပြိုင်တူအော်ပြီး မျက်လုံးပြူး ကြည့်ကြတာတလည်း ပြိုင်တူ။ မမက နှုတ်ခမ်းချွန်ကာ…

"ဟန်ဆောင်ရည်းစားတဲ့၊ ဟွန့်…နေရင်းထိုင်ရင်း ငါက သိက္ခာကျတယ်၊ တစ်ခါမှ ရည်းစားမထားဖူးတဲ့သူကိုများ"

ရေရွတ်နေကျအတိုင်း ရွတ်မိတာ နှုတ်ခမ်းလှုပ်ရုံမျှသာ။ အဲဒီတုန်းကတော့ ပတ်တီးအထပ်ထပ်နှင့် သူ့ကို သနားတာရော၊ ခါက်တာက သူနှင့် အဆင်ပြေမှ ဒီကိစ္စက ကွင်းလုံးကျွတ်လွတ် မှာမို့သာ စဉ်းစားချိန်မရခဲ့တာပါ။

"ဒါ စားထိုးမှု၊ ရာဇဝတ်မှုဆိုတာ မင်း သိပါတယ်နော်၊ လူတစ်ယောက်နဲ့မင်း ရှန်းရင်းဆန်ခတ်ဖြစ်နေလို့ ငါတို့က ကူညီဖို့ လာတယ်၊ မင်းက ငါ့ကို ဓားနဲ့ထိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို…ရှင့်ကိုထိုးတာ မဟုတ်ပါဘူး"

"ဒါပေမဲ့ ငါ ဓားဒဏ်ရာနဲ့ ဆေးခန်းရောက်ခဲ့တာလေ"

"မမ လူမှားသွားတာပါ"

"ထားပါတော့၊ အားလုံးက အကြောင်းတိုက်ဆိုင်တယ်ပဲ ဒီတော့ ဒီတိုက်ဆိုင်မှုတစ်ခုနဲ့ မင်းလည်း လွတ်မြောက်ရမယ် ငါလည်း လွတ်မြောက်ဖို့ လမ်းတစ်ခုရှိမယ်"

"ရှင်ပါ လွတ်မြောက်မယ်"

အဲဒီတုန်းက မမမေးခဲ့တာ တကယ်အံ့သြတကြီးနဲ့ပါ။ သူက ဒဏ်ရာကြီးနှင့် လက်တစ်ဖက်အားပြုကာ ထထိုင်ရင်း…

"တကယ်ဆို မင်းနဲ့ငါက အခက်အခဲတစ်ခုတည်း အတူတူ ကျရောက်နေတဲ့ ဘဝတူချင်းပါ"

မမ သူ့အခက်အခဲကို စိတ်ဝင်စားခဲ့တာ တကယ်။ သူ့ရေကိုယ်ပါ အလွတ်ရုန်းကြံမည့်နည်းလမ်းဆိုတော့လည်း သဘောကျသွားတာ တကယ်နှင့်။ အခုတော့ မမက သူ့ရဲ့ ဟန်ဆောင်ရည်းစားပါတဲ့။

"ဒီမှာ…မမ"

"အင်…ဟင်"

ပေါင်ကို စုထွေးက လာပုတ်မှ အတိတ်ဆီ တစ်ပတ်ပြန်လျှောက်သော စိတ်တို့က ပစ္စုပ္ပန်ထံ ပြန်ရောက်လာ၏။

"နင်က သူ့ရဲ့ဟန်ဆောင်ရည်းစားဖြစ်ရမှာကို စိတ်ထဲ ခံသိုးမသန့်ဖြစ်နေတာလား"

မမက စုထွေးကို မျက်လွှာပင့်ကြည့်ရင်း မရဲတရဲ ခေါင်းညိတ်ပြသည်။ စုထွေးက ခေါင်းလေးအလစ်ကို ချောင်းသလိုမျိုးနှင့် တစ်ခန်းလုံး အကြည့်စေ့ပြီးမှ…

"မေမေ မရှိတုန်း ငါ ပြောပြမယ်"

"ဘာပြောပြမှာလဲ"

"ငါသာဆို တစ်နာရီအတွင်း တစ်ပြိုင်တည်း ရည်းစား ငါးယောက် ထားတဲ့အကြောင်း"

"ဟယ်…တကယ်"

စ,ကြားခါစက မမမှာ ပြူးတူးပြဲတဲဖြစ်သွားသလောက် စုထွေးမျက်နှာကို စေ့စေ့ကြည့်ရင်း…

"မဖြစ်နိုင်တာ၊ နင်နဲ့ငါ အမြဲရှိနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အင်တာနက်ဆိုင် သွားရင်ရော"

"ငါလည်း ပါတာပဲ၊ ငါက ဂိမ်းဆော့တယ်လေ၊ ဘာဖြစ်လဲ အဲဒါ"

"အေး..နင် ဂိမ်းဆော့တုန်း ငါ အင်တာနက်ကနေ ရည်းစားထားတာပေါ့ဟဲ့၊ အဲဒီလို အိစိကလီလုပ်ရတာ ဘယ်လောက် မိုက်တယ်ထင်လဲ"

"ဟွန်း..နာဘူးမ"

နာခေါင်းရှုံ့ရင်း မမက ရေရွတ်တော့ စုထွေးက မခံမရပ်နိုင်သလို မမ ပေါင်ကို ဆွဲလိမ်ရင်း..

"ပြောချင်တာက ဒီခေတ်မှာ ဒါက ဘာမှမဆန်းတော့ဘူးလို့၊ ပြီးတော့ နင်နဲ့ သော့စ်ကြားမှာ တချုပ်ရှိတာပဲ၊ နင် ထိခိုက်နစ်နာအောင် သူ ဘာမှမလုပ်ပါဘူးလို့"

"ဒါပေမဲ့ လက်တွေဘာတွေ သူက ကိုင်ခဲ့ရင်ရော"

"အဲ..ဒါကတော့"

"ဒါကတော့ လုပ်မနေနဲ့ မိန်းမတွေ၊ အပြင်မှာ မောင်ခြိမ့်ရောက်နေပြီ၊ ထွက်ခဲ့တော့"





ဒေါ်လေးက အခန်းဝမှာလာပြောပြီး လှစ်ခနဲပျောက်သွားသည်။ ဒီတော့မှ စုထွေးနှင့် မမပါ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ..

"ထွက်..ထွက်တော့ မမ၊ ငါ သေတ္တာကြီး သယ်ခဲ့မယ်"

မမက မှန်ထဲတွင် ထင်ဟပ်နေသော ကိုယ့်ပုံကိုယ်တစ်ချက် လှည့်ပတ်ကြည့်သည်။ အပြာရင့်ဂါဝန်က လက်ပြတ်၊ လည်ပင်းအဝိုင်းကို ဒူးဖုံးရုံသာသာရှိသည်။ ခါးအလှပေါ်စေရန် လက်သန်းလုံးလောက်ရှိသည့် အနီရောင်ခါးပတ် ပတ်လိုက်တော့ ခါးက သေးသွယ်သွားပြီး ရင်နှင့်တင်က ရှိခဲ့သည့်အချိုးအစားအတိုင်း ထင်ရှားစွာပေါ်လွင်လာ၏။ မမက ဆံပင်တွေကို အခါတိုင်းလို နှစ်ဖက်ခွဲမစည်းတော့ဘဲ ရှေ့ဆံမြိတ်အားလုံး လှန်သိမ်းကာ ယ်ထိပ်တည့်တည့်မှာ ဖဲပြားအကြီးစားနဲ့ ထိန်းညှပ်ထားတာမို့ တွေ့နေကျ မမတင့်တယ်နှင့် မတူတော့တာ အမှန်။

"ငါ..ငါ အဆင်မှ ပြေပါ့မလားဟယ်၊ ဟင်..စုထွေး"

စုထွေးက ပန်းလေးဖက်ပြီး အားပေးသည်။

"ဟန်ဆောင်တာလို့ သဘောမထားနဲ့၊ တကယ်လို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာသွင်းထား''

အိပ်ခန်းထဲကအထွက်မှာ ဧည့်ခန်းဆက်တီပေါ်ထိုင်ပြီး ဒေါ်လေးနဲ့ စကားပြောနေတဲ့ သူကတော့ ဘယ်အချိန်ကြည့်ကြည့် စိတ်အေးလက်အေးခြင်းတွေနှင့်။

''ကိုခြံရဲ့..သူ့ကို စုတွေး ဆင်ပေးထားတာ ကြည့်ပါဦး အဆင်ပြေရဲ့လား''

စုတွေးက လှမ်းမေးမှ သူ့အကြည့်က မမထံ ဆံစမှ ခြေဖျားအထိ အစုန်အဆန် စေ့စေ့ကြည့်သည်။ ထို့နောက် အားမရ သလို ထိုင်ရာမှထကာ အနားလျှောက်လာပြီး လူကို လှည့်ပတ် ကြည့်တော့ မမ နှုတ်ခမ်းတွေက ဘောင်ဘင်ခတ်သလို ဟိုဒီရွှဲချင် လာပြီ။

''လူကိုများ နွားပွဲစားတွေလို သေချာကြည့်ပြီးမှ အပြစ် အနာအဆာမရှိအောင် စစ်ဆေးပြီးမှ သူက ဝယ်မှကျနေတာပဲ''

စိတ်ထဲရှိတဲ့ စကားလုံးတွေက အမိန့်မရဘဲ နှုတ်ဖျားမှ ခုန်ပေါက်ထွက်ကျသွားပြီးသား။ သူ မမြင်နိုင်မှန်းသိသိကြီးနှင့် သူ ရှိရာကိုမှန်းပြီး မျက်စောင်းပါ ပိတ်ထိုးမိသေးတာ။ ခြံရဲ့ကတော့





တစ်ပတ်လည်အောင် အကဲခတ်ပြီးမှ မမရှေ့တည့်တည့် မတ်တတ် ရပ်ကာ လက်ပိုက်ရပ်ရင်း...

''အပြင်ပန်းကတော့ မဆိုးပါဘူး၊ ဒါပေမဲ့ မင်းမျက်နှာ အဲဒီလိုထားလို့တော့ မဖြစ်ဘူးနော်''

ပြောရင်း လက်ခုံနှင့် သူမ မေးဖျားကို ဆတ်ခနဲပင့်မော့ ဆတော့ မမမျက်နှာက သူ ဆွဲခေါ်ရာ မော့ခနဲပါသွား၏။

''မင်းအကြည့်တွေရော၊ နှုတ်ခမ်းတွေမှာပါ တကယ့် ရည်းစားတွေရဲ့အရိပ် ထင်နေရမှာ''

''အို..အဲဒီလောက်တော့ မသိဘူး၊ မမက ရည်းစား တစ်ခါမှ မထားခဲ့ဖူးဘူး''

''ဟုဲ..မမ''

စုတွေးက ခါးအနောက်ကို လှမ်းလိမ်ရင်း ဟန့်သည်။ မမက စုတွေးထံ ငဲ့ကြည့်ရင်း...

''တကယ် ငါမှ မထားဖူးတာ''

''အဲဒါ ပြဿနာမရှိပါဘူး၊ ငါ သင်ပေးလို့ရပါတယ်''

''ဟင်..ဘာသင်ပေးမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ပြန်မေးတာ အလန့်တကြားနှင့်။ ဒါကျတော့ ကြောက်တတ်သားပဲလို့ ခြိမ့်ရဲကတွေးရင်း ရယ်ချင်သွားကာ..

"မင်း မတတ်သေးသမျှ အားလုံးပေါ့"

သူမ လက်ဖျားကို လှမ်းဆွဲတော့ မမက ရှုတွန့်တွန့်နှင့်ရှန်းရင်းကန်ရင်းက ခြိမ့်ရဲ ဆွဲခေါ်ရာဆီ ပါလာသည်။ ခြိမ့်ရဲကဒေါ်လေးကို ခေါင်းညွတ်နှုတ်ဆက်ရင်း..

"အစစအရာရာအတွက် စိတ်ချဖို့ ကျွန်တော် ထပ်ကတိပေးပါတယ် ဒေါ်လေး"

"မောင်ခြိမ့်ရဲကို စိတ်ချပြီးသားပါ၊ ဒေါ်လေး စိတ်မချတာမမကို၊ ညည်း တလွဲတချော်တွေ ထပ်မလုပ်နဲ့တော့နော် မမကိုယ့်နမော်နမဲ့နိုင်ခဲ့လို့ ခုလိုဖြစ်ရတာ သင်ခန်းစာယူ..ကြားလား"

"ဟုတ်..ဒေါ်လေး"

မမက ခေါင်းညိတ်ရင်း စုထွေးထံ သံယောဇဉ်မပြတ်သလို လှည့်ကြည့်ပြီး...

"စုထွေး..မိုးမှာန်လာရင် ဟိုမှာရှိလေး ပြန်ပေးလိုက်နော်၊ ပြီးတော့ ငါ မှာတာတွေ မမေ့နဲ့ဦး"





"အေးပါ..နင် အလုပ်နဲ့ ခရီးသွားရတာလို့ ငါ ပြောပေးပါ့မယ်၊ သွားတော့..သွား"

စုထွေး လက်ထဲမှ အဝတ်သေတ္တာကို သူဒရိုင်ဘာကလက်လွှဲယူရင်း အရင်ဆင်းသွား၏။ မမကတော့ လှေကားရောက်တာနှင့် သူ ကိုင်ထားသော ကိုယ့်လက်ဖဝါးကို အတင်းရုန်းထွက်တော့

"ဟ..ဘာဖြစ်နေတာလဲ၊ မင်းနဲ့ ငါက သတ္တာန်လုပ်သရုပ်တူရမယ်လေ၊ နားမလည်ဘူးလား"

"အခုကတည်းက တူစရာမလိုပါဘူး၊ ရှင့်အိမ်မှ မရောက်သေးတာ၊ သူများကျတော့ သတ္တာန်လုပ်သရုပ်တူရမယ်လေးဘာလေးနဲ့"

မမဟေ လှေကားထစ်တွေကို သတိထားဆင်းရင်း သူ့ရှေ့တျော်တက်ကာ...

"သူကတော့ တူရှာလွန်းလို့၊ ဟွန်း..ဘယ်ရည်းစားတောင်လေးကများ သူ့ကောင်မလေးကို ဟိန်းဟောက်နေတာတွေ့ဖူးလို့လဲ၊ တကယ်ပါပဲ၊ မကြုံဖူးပေါင် ဝုဏ်ထူးဆောင်



www.burmeseclassic.com

www.burmeseclassic.com



တွေလေ"

တစ်ယောက်တည်း ပွစိပွစိရေရွတ်ရင်း လှေကားထ[illegible]
တွေကို အငြိုးတကြီး ဆောင့်နင်းနေတာတွေ့ရတော့ ခြံရှေ့မှာ မ[illegible]
ဘဲလည်း မနေနိုင်။ သူမကို နောက်ကျောကနေ တစိမ့်စိမ့်ငေးရင်[illegible]
ဘာပြောပြော ဘာလုပ်လုပ် အပြစ်မမြင်နိုင်ဘဲ ပြုံးချင်နေတာ[illegible]
ထူးတော့ထူးဆန်းသား။ ကြားဖူးတဲ့ သီချင်းစာသားတွေထဲကလို[illegible]

အပြစ်မမြင်တာ အချစ်တွေကြောင့်လား ဆိုတာမျိုးဖြစ်[illegible]
ပြီလား မသိပေမယ့် သေချာအောင် ကိုယ့်ကိုယ်ကို ဆန်းစစ်[illegible]
လိုနေပြီ။

♠ ♠ ♠

## အခန်း (၁၇)

"မာမီက မစစ်ဆေးသေးပါဘူး၊ ငါက စစ်ဆေးမှာ၊
[illegible] သဘောကျရင် မာမီက နေခွင့်ပေးလိုက်တဲ့၊ ဟုတ်တယ်နော်
[illegible]"

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းဆိုတာ ဒါမျိုးပဲ
[illegible]သား။ ကနုတ်တံပ် နီညိုရောင်ဆိုဖာကြီးပေါ်မှာ ခြံရှေ့မာမီက
[illegible]သွယ်လျလျ ခန္ဓာကိုယ်မှာ အညိုရင့်ပေါ် နီညိုပွင့်ကြီးတွေပါ
[illegible] မြန်မာဝတ်စုံနှင့်။ ဆံပင်တွေအားလုံးကို အပြောင်သိမ်းပြီး
[illegible]နောက်တွဲဆံထုံး ထုံးထားသဖြင့် မျက်နှာတစ်ခုလုံး ရှင်းလင်းနေ
[illegible]ကာ မျက်လုံးအရွေ့ နှုတ်ခမ်းအတွန့်ကအစ သိသာစေ၍လား



www.burmeseclassic.com

www.burmeseclassic.com



မသိ။

ဆိုဖာလက်ရန်းပေါ် ကန့်ကလျနှင့် တင်ပါးလွှဲထိုင်

ပေမယ့် မျက်ဝန်းတွေက အေးစက်သည်။ နွေးထွေးခြင်းမျ

နှုတ်ခမ်းတွေမှာ သရော်ဟန်နှင့် ပြုံးကြည့်နေတာက သူ့ရဲ့မွေး

အစ်မမှန်း တန်းခနဲသိသာစေ၏။ ခြံရုံက မမ လက်ဖဝါးတစ်

ကို ဆုပ်ကိုင်ထားရင်း··

"ဒက်ဒီရော··မာမီ၊ ဒီနေ့ ကျွန်တော်တို့ ရောက်မယ်

ပြောထားရက်နဲ့"

"အရေးကြီး အစည်းအဝေးရှိလို့ သွားတယ်သား

ညကျမှ ဒင်နာပါတီပေးမတဲ့"

သားဘက်ကို လှည့်ဖြေတော့ အပြုံးများစွာနှင့် ဖြ

မမဘက်ပြန်လှည့်တော့ ထိုအပြုံးတွေက ရေငွေ့လို ချက်ချင်းပျော

ကွယ်သွား၏။

"အထူးအဆန်းလုပ်လို့ ခြံရုံရယ်၊ ဒက်ဒီက ညှော်

လာတိုင်း အိမ်မှာထိုင်စောင့်ပြီး တွေ့နေကျမှ မဟုတ်တာ"

"ဟ··ဒါ ညှော်သည်မဟုတ်ဘူးလေ၊ ငါ လက်





မယ့် မနီးလောင်း၊ ပြီးတော့ ငါ့ချစ်သူ၊ ဒီမိသားစုဝင်ဖြစ်လာ

မယ့်သူ၊ သာမန်ဧည့်သည်တွေနဲ့ တစ်တန်းတည်းထားလို့ မရဘူး"

"အဟတ်··ဟတ်၊ တယ်ဆိုတဲ့စာပါလား၊ ချစ်သူ၊

မနီးလောင်းတဲ့"

နေက ဆိုဖာလက်ရန်းမှ မာမီ့ဘေးဝင်ထိုင်ကာ မာမီ့ပခုံး

ပေါ် ခေါင်းမှီချရင်း···

"နေ့ ကြားဖူးတာတော့ ချစ်သူဆိုတာ သုံးနှစ်သုံးမိုး

လေ့လာပြီးမှ ဖြစ်ကြရတာဆို မာမီ"

"ဒီခေတ်ကြီးမှာ လူချင်းမတွေ့ဘဲ ချစ်သူဖြစ်ကြတဲ့

နည်းတွေက အများကြီးလေ··သမီးရယ်၊ ခုမြင်ခုကြိုက်ပြီး လူချင်း

ချစ်ကြိုက်တာရှိသလို၊ ခုမြင်ခုတွေ့ပြီး နောက်ကွယ်က အရိုန်အဝါကို

ချစ်ကြတာလည်း ရှိတာပဲ"

ဒီစကားကို သားအမိချင်း မျက်လုံးချင်းဆုံပြောတာ

မဟုတ်။ မမထံ ဓါးထိုးထားက စေ့စေ့ကြည့်ပြီးပြောတာမျိုး။

ရင်ထဲ ဖျင်းခနဲဖြစ်သွားရတာ ဒေါသကြောင့်မဟုတ်ဘဲ မာန

ကြောင့်ပါ။ မမကပဲ ခြံရုံရဲ့စည်းစိမ်ဥစ္စာတွေကြောင့် ချစ်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



လိုလို။ မမက ခေါင်းငုံ့ထားရာမှ ဖျတ်ခနဲ မျက်နှာမော့တော့ နှုတ်ခမ်းဖျားမှာ ပြုံးရိပ်ထင်သည်။

"အန့်တီ ပြောတာတွေက ဖြစ်ကောင်းဖြစ်နိုင်ပါတယ် ဒါပေမဲ့ အဲဒီဖြစ်နိုင်တဲ့အထဲမှာ မမ မပါဘူး၊ မမက ကိုကို သာမ လူတစ်ယောက်အနေနဲ့ စသိပြီးချစ်ခဲ့တာပါ၊ အင်းပေါ့ လေ‥ကို စည်းစိမ်တွေ ပိုင်ဆိုင်မှုတွေအကြောင်း ခရေစေ့တွင်းကျသိပြီး ချစ်ပါတယ်လို့ ပြောလာရင်တော့ အန့်တီပြောတဲ့ မိန်းမစားမျိုး ဖြစ်မှာပေါ့"

အပြုံးတစ်ချက်နဲ့ ခေါင်းဆတ်ပြီး ပြောတဲ့အချိန်မှာ နေည လင်း မျက်နှာက အရောင်ရင့်တက်သွားသည်။ ပြီးမှ အပြုံးတစ်ချက် နှင့် ဆေးသားနီတွေကို တစ်ခါတည်း ဖြေချရင်း…

"မာမီ‥ဘာမေးဦးမလဲ သူ့ကို"

ဒေါ်ထိပ်ထားက ချိတ်ထားသောခြေကို ဖြုတ်ချပြီး မတ်တတ်ထရပ်ကာ…

"မေးစရာမရှိပါဘူး၊ သားပြောထားသလို ချစ်သူဆို တော့လည်း ချစ်သူပေါ့၊ အကဲခတ်ဆိုတော့လည်း အကဲခတ်ပေးရ





တာပေါ့၊ ဒါပေမဲ့ လက်ခံ၏ လက်မခံ၏ကတော့ မာမီတို့ရဲ့ ကိုယ်ပိုင် ဆုံးဖြတ်ချက်၊ အခုတော့ ကိုယ့်အိမ်လာတဲ့ဧည့်သည်ကို ဝတ္တရား ကျေပွန်တဲ့ အိမ်ရှင်အဖြစ် ဧည့်ခံပေးပါ့မယ်၊ ဒါပေမဲ့ တစ်ခုတော့ သတိပေးထားမယ် မမတင့်တယ်"

"ဟုတ်ကဲ့…ပြောပါ အန့်တီ"

"မာမီ မပြောနဲ့၊ နေ ပြောမယ်"

နေက ကြားဖြတ်ဝင်တားရင်း မာမီ့လက်ကို ချိတ်ကာ သူမထံ စူးစူးရှရှကြည့်သည်။ ပြီးမှ မကျေနပ်ခြင်းများစွာနှင့် မမကို စိုက်ကြည့်ရင်း‥

"ဧည့်သည်က အိမ်ရှင်အပေါ် ပြန်မစော်ကားမိစေ နဲ့ပေါ့"

မမက ချက်ချင်း ခေါင်းညိတ်နာခံရင်း…

"ဟုတ်…မမ တွေ့ဖူးတဲ့ အိမ်ရှင်တိုင်းကလည်း ယဉ် ကျေးပျူငှာမှုကို လက်ကိုင်ထားကြပါတယ် မနေညီလင်း"

"လာ‥မမ၊ နားရအောင်၊ ကို အခန်းထဲထိ လိုက်ပို့ပေး မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခြံရုံက သူမ လက်ဖဝါးကို ဆွဲခေါ်ရင်း အပေါ်ထပ် လှေကားဆီ အတူတက်လာ၏။ အားလုံး မြင်ကွင်းကွယ်သွားသော အခန်းထဲရောက်မှ…

"မင်းက မဆိုးဘူးပဲ"

သူ့ နှိုးမွမ်းခြင်းမှာ မမက သာယာမနေအားဘဲ ခုတင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချရင်း…

"ရှင် စိတ်မဆိုးပါဘူးနော်"

"ဘာကိုလဲ"

ခုတင်ခြေရင်းမှာ သီးသန့်ထားပေ့ဲ ဆိုဖာအဖြူတွဲကြီးပေါ် သူက ဝင်ထိုင်ရင်း မေးသည်။ မမက ခုတင်ပေါ်မှာထိုင်ရင်း ကိုယ်နေခဲ့သည့် ဟိုက်ခန်းတစ်ခန်းမက ကျယ်ဝန်းသော အိပ်ခန်း တီဗီအကြီးကြီး၊ မှန်တင်ခုံနှင့် ရေခဲသေတ္တာအသေးလေးတွေကို ဝေ့ကြည့်ရင်း..

"ရှင့်အမေနဲ့ ဟို မွေးစားအစ်မကို ပြောခဲ့တာ"

"ငါက မင်း ခေါင်းငုံ့ငြိမ်နေမှာတောင် စိုးရိမ်သေး၊ ဒါနဲ့ နေပါဦး"

ရေခဲသေတ္တာဆီ လျှောက်သွားကာ အထဲမှဆန်းကစ်ဘူး ကို ထုတ်ယူပြီး မမဆီ တစ်ဘူးပစ်ပေးသည်။ သူကိုယ်တိုင်က ချန်တစ်ဘူးဖောက်ကာ တစ်ရှုးထိုးမော့သောက်ပြီးမှ…

"မင်းပြောတော့ အခေါ်အဝေါ် မစဉ်းစားရသေးဘူးဆို"

မမက မျက်နှာကို ရေနွေးပူနှင့် အပက်ခံရသလို နွေးခနဲ ဖြစ်သွားပြီးမှ ခုတင်ဆီမှ ပြတင်းပေါက်ဆီ လျှောက်သွားရင်း…

"ဒီလိုပါပဲ၊ အရေးကြုံတော့လည်း အလိုလိုတတ်သွား တာပဲပေါ့"

အသံက နောက်ကျောဘက်ဆီမှ တိတ်သွားတာမို့ မမက အခန်းထဲပြန်လှည့်ကြည့်သည်။ ဆိုဖာပေါ် ခေါင်းမှီ၍ ခပ်လျှောလျှော ထိုင်နေသော ခြံရုံက သူမခုတင်တည့်တည့်ရှိ မီးပန်းဆိုင်းကြီးဆီ ခေတ္တစိုက်ကြည့်ပြီးမှ..

"ကိုယ်လည်း သွားနားတော့မယ်"

"အံမယ်..သူက ကိုယ်တဲ့"

ဇက်ပုပြီး မမက မကြားတကြား ရေရွတ်သည်။ သူက ကြားတာလား၊ ကြားရဲ့သားနဲ့ မကြားဟန်ဆောင်တာလားမသိဘဲ







www.burmeseclassic.com

www.burmeseclassic.com



မမအနားသို့လျှောက်လာရင်း ရုတ်တရက် ပခုံးနှစ်ဖက်မှဆွဲ၍ ရင်...
ထဲသွင်းပြီး ဖက်ထားတာကြောင့်..

"ရှင်..ဟော့လူ၊ ရှင် မဟုတ်တာ မကြံနဲ့နော်"

"လွှတ်စမ်းပါ၊ မမနဲ့ ရှင် စာချုပ်ထဲမှာ"

"တိတ်တိတ်နေလိုက်၊ ထပ်မရုန်းနဲ့တော့ မမတ...
တယ်"

"အို..မရုန်းလို့ ရမလား၊ ရှင်ဘာလို့ လာဖက်...
တာလဲ"

"အကြောင်းရှိလို့ပေါ့ကွ၊ ဒီအခန်းထဲက ငါတို့လှုပ်ရှား...
မှုကို ကင်မရာနဲ့ စောင့်ကြည့်နေတယ်"

"ဟင်...တကယ်"

သူ့ရင်ဘတ်ဆီတွန်းထားသော မမလက်ဖဝါးက တွန်းအား...
လျော့ကျသွားတာ သိသိသာသာ။

"အဲဒီကင်မရာ ဘယ်မှာလဲဟင်၊ သူတို့က ဘာလို့ အဲ...
လိုလုပ်ရတာလဲ၊ ပြီးတော့ မမတို့ ပြောတာတွေကအစ သူတို့ကြား...
သွားပြီလား..ဟင်"





တဟင်ဟင်နှင့် မေးခွန်းမေးနေပုံက သူ့ကို အားကိုး
တကြီးနှင့်။ လူချင်းခွာပေမယ့် သူမ ပခုံးတွေကို ခြံရံက ဖက်ထား
ဆဲမို့ မအိသောသနပ်ခါးနံ့က တသင်းသင်းမွှေးသည်။ အနီးကပ်
ကြည့်မှ စိမ်းညို့သောမျက်ခုံးအောက်က မျက်ခွံမို့အစ်အစ်တွေ၊
ဆိုစိုစိုစိ ထူနက်သော မျက်တောင်ကော့တို့ရဲ့ ဖမ်းစားခြင်းကြောင့်
ခြံရံ ရင်ခုန်သံတွေ ကပြောင်းကပြန်။

"ဟင်...လို့၊ ဒီမှာ မမ မေးနေတယ်လေ"

ပခုံးပေါ်တင်ထားသော လက်တစ်ဖက်ကို မမက ခပ်
ဆတ်ဆတ်ရိုက်ပြီး ထပ်မေးသည်။ သိချင်တာရှိပြီဆိုရင် ရေဆုံး
ရေဖျားအထိ လိုက်စူးစမ်းတတ်တာက မမတင့်တယ်ရဲ့အကျင့်။
ထိုအကျင့်ကြောင့်ပဲ ပစ္စုပ္ပန်အခြေအနေတွေကို မေ့လျော့ကာနံ့က
ကိုယ်က သူတစ်ပါးဖက်ထားခြင်းခံရတာပါ သတိလစ်နေတဲ့
အဖြစ်။

"ကိုယ်တို့ပြောတာတော့ ကြားမယ်မထင်ဘူး၊ ဒါပေမဲ့
တီဗီလေ၊ လှုပ်ရှားမှုကို ရိုက်တာမျိုး"

"အမယ်လေး...တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



အခုမှ စိတ်သက်သာရာ ရသွားသလို မမက ရင်ဘတ်ပြီး သက်ပြင်းရှိုက်သည်။ ပြီးမှ ကိုယ့်ပခုံးနှစ်ဖက်ပေါ် ဆီ တင်ထားသော သူ့လက်တွေကို သတိထားမိကာ…

"ဟို…ရှင့်လက်တွေ ချလို့ မရသေးဘူးလားဟင်"

မေးလည်းမေး၊ ပခုံးနှစ်ဖက်ပါ စုကျုံ့ပစ်သောပုံစံက ခြံရှင်ရင်ထဲ ဘယ်လိုဖြစ်သွားစေမှန်းမသိ။ စတွေ့ကတည်းက သူ့မဟာ ရင်ကို တိုက်ရိုက်စူးစေသော ကပိုကရိုလက်နက်ဆန်း များနှင့်ဖြစ်ပြီး ခြံရှင်ကသာ ထိုနမော်နမဲ့လေးကို ငေးကြည့်ခဲ့ရသူ ဖြစ်ခဲ့လျှင်..။ ခြံရှင်က ရယ်မြူးရိပ်သမ်းသော မျက်ဝန်းတွေနှင့် သူ့မကို စိုက်ကြည့်ရင်း..

"လက်တွေ ဖယ်မပေးဘူးဆိုရင် ဘာဖြစ်သွားနိုင်လဲ"

"သတိထားဆက်ဆံရမယ့်သူစာရင်းထဲ ရှင့်ကို ထည့်ပစ်လိုက်မှာပေါ့"

မဆိုင်းမတွ ပက်ခနဲ ပြန်ပြောသော နှုတ်ခမ်းတွေက ဆေးသားမကျွဘဲ ယန်းသွေးရောင်ပြေး၏။ ခြံရှင်က ထောင့်ချိုးညီစွာ ခပ်ထော်ထော် နှုတ်ခမ်းတွေအား မချင့်မရဲစိုက်ကြည့်ရင်း လက်





တွေကို ဖယ်ပေးလိုက်ပြီးမှ..

"မင်းက ချစ်ဖို့ကောင်းတယ်၊ အဲဒါ တကယ်"

နဖူးကို ခပ်ဖွဖွလှမ်းရိုက်ရင်း သူ့ ကျောနိုင်းကာ အခန်းထဲက ထွက်သွားတဲ့အထိ မမက ဒီနေရာ ဒီအရပ်မှာ တစ်လက်မမှ ရွေ့နိုင်ဘဲ ခြေစုံရပ်ကောင်းဆဲ။ ဒီလူ သဏ္ဌာန်လုပ်သရုပ်တူ အောင် ပြောသွားတာလား၊ တကယ်လေးပဲလား မသိ။ ဘာပဲ ဖြစ်ဖြစ် မမကတော့ ထိုစကားအား ထပ်တလဲလဲကြားယောင်ရင်း ရင်ခုန်သံများနှင့် ရန်ဖြစ်၍ကောင်းဆဲ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"စောစောစီးစီး ရန်စကားပြောတယ်လို့ မယူဆစေချင်ဘူး မမတင့်တယ်"

အင်း…ရန်စကားမပြောတဲ့ သူ့ရဲ့မျက်နှာကလည်း အစွယ်ငေါငေါနဲ့ပါလားလို့ မမက တစ်ဖက်လှည့် ရေရွတ်ရင်း ဖြီးလက်စဘီးကို မှန်တင်ခုံပေါ် ပြန်တင်သည်။ မှန်ကိုကျော နိုင်း၍ ဒီဘက်လှည့်ထိုင်တော့ အနက်ရောင်ဖဲသား ညဝတ်စုံကြီးကို မချွတ်ရသေးသည့် နေညိုလင်းနှင့် မျက်နှာချင်းဆိုင်။

ပြူပြင်ဖန်တီးယူထားသော မျက်တောင်တွေက အလှမ်းကွာကွာက ကြည့်တာတောင် တစ်ပင်ချင်း ကော့ညွတ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



သိသာသည်။ နဖူးတဲကျ သိပ်အပေါ်လွင်ကြီးမဟုတ်ဘဲ နှုတ်ခမ်းပေါ်
က မျဉ်းဖြောင့်တစ်ကြောင်း ဆွဲထားသလို ပါးလှပ်လွန်း၏။

အသားအရေဟာ မမထက် ပိုဖြူဖွေးသည်လို့ ပြော
ပေမယ့် သွေးမရှိသလို ဖြူဖပ်ဖပ်ကြီးကို မမ မကြိုက်ပါ။ နေညို
လင်းကတော့ သူမအား စေ့စေ့ငှ အကဲခတ်နေတဲ့ မမကိုကြည့်
စိတ်မရှည်သလို ဆတ်ခနဲ ထရပ်လိုက်ကာ

"တို့ ရှင်းရှင်းပဲမေးမယ်၊ မင်းကို ခြံရုံက ရည်း
တော်ဖို့ ဘယ်လောက်ပေးခဲ့လဲ၊ အယောင်ဆောင်ခလေ"

"ရှင်"

မမက နားမလည်သလို ဖျတ်ခနဲ မော့ကြည့်သည်
နေညိုလင်းက မမရှေ့ တည့်တည့်ရပ်နေရာမှ ခါးကိုင်းချ
ကျောလယ်ကျော် ဆံပင်အခွေအလိပ်တွေက မမ မျက်နှာနား အ
တဖြုတ်ဖြုတ်ကျလာ၏။

"တို့မေးတာ ဘူရည်းစားအဖြစ် မင်း ဟန်ဆောင်
ဘယ်လောက်ရသလဲလို့၊ အဲဒီထက် နှစ်ဆပိုများတဲ့ ငွေကို တို့
မယ်၊ မင်းက ဒီကထွက်သွားလိုက်…အိုခေ"

မျက်တောင်တွေကို တဖျပ်ဖျပ်ခတ်ပြီး နေ ပြောသမျှ
နားလည်အောင် မနည်းကြိုးစားနေရသည့် အသွင်နှင့်။ နေက ထို
မသိနားမလည်ဟန်ဆောင်ထားသော မျက်နှာအား မုန်းတီးစွာ
ကျောခိုင်းပစ်သည်။

စိတ်ရှိတိုင်း ဆောင့်ချကိုင်ပေါက်ပစ်ရလျှင် ဒီတစ်ယောက်
တော့ တစ်စစီဖြစ်တော့မည်။ မိသားစုတွေ ပြန်ဆုံသည့် အထိမ်း
အမှတ် ဒင်နာပါတီအား ဒက်ဒီက မတက်ဟု ဖုန်းနဲ့ လှမ်းအကြောင်း
ကြားရင်း

"ဒါ ဒီကလေးမကို မလိုလားကြောင်း အသိအမှတ်
မပြုကြောင်း ပြတာပဲ၊ ဒါပေမဲ့ သူ့အကြောင်းတွေက ခြံရုံပြော
သမျှ အမှန်တွေပဲ၊ မိဘမဲ့ဖြစ်တာရော၊ နယ်ကရော၊ ဒီမှာ အခေါ်
သားအမိရှိတာရောက လိမ်ညာတာ တစ်ခုမှမပါဘူး၊ ပြီးတော့
ဒီကလေးမက သားရဲ့ရှော့ပင်း(န်)မောလ်မှာ အလုပ်လုပ်ဖူးတယ်
တဲ့၊ တွေ့ကြည့်တာပေါ့လေ၊ ဒီခေတ်မှာ အဲဒီလိုလုပ်ရင်း နီးစပ်
သွားတဲ့သူတွေ အများကြီးဆိုတော့ ဟန်ဆောင်တာမဖြစ်နိုင်ဘူး
လို့ ဒက်ဒီ ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ကို့သဘောက ပြောင်းသွားပြီဆိုတာမျိုး
လား"

ဖုန်းစပီကာဖွင့်ပြီး သားအမိနှစ်ယောက် နားထောင်
နေတာမို့ ဘဝင်မကျသမျှ မာမီက ချက်ချင်းမေးခွန်းထုတ်သည်၊
တစ်ဖက်မှ ဒက်ဒီသက်ပြင်းရှိုက်သံသဲ့သဲ့ကို အရင်ကြားရပြီးမှ

"ဘယ်သူကတော့ ရိုလက်စ သဘောထားကို ပြောင်း
ချင်မလဲ ထိပ်ထား၊ ငါက ဆုံးဖြတ်ပေးလို့ရတယ်၊ စဉ်းစား ရမှာက
မင်းအပိုင်း၊ သမီးရည်းစား အယောင်ဆောင်ထားတာ လည်း
မဟုတ်ဘူး၊ မင်းသားက အဲဒီကလေးမကို တကယ် ချစ်ရိုးမှန်ရင်
ငါတို့ ကြားဝင်လို့မရတော့ဘူးလေ၊ ခြံရဲ့အကြောင်း မင်းအသိဆုံး
လုပ်ချင်တာရှိရင် ဘယ်သူ ဘာဖြစ်ဖြစ် ငဲ့မကြည့်စတမ်း ဖွတ်တိုး
ပစ်တာမျိုး"

"အို…မိဘကစီမံတာ သားသမီးက နာခံရမှာပဲလေ
ကိုရဲ့"

"မနာခံတတ်လို့ အိမ်ပေါ်က ဆင်းသွားပြီ၊ မလိမ္မာလို့
ကောင်မလေးလက်ဆွဲပြီး အိမ်ပေါ်ပြန်တက်လာပြီ၊ မင်း ဘာတွေ



ဘယ်မျှော်လင့်ချင်သေးလဲ ထိပ်ထား"

ဒက်ဒီစကားထဲမှာ မျှော်လင့်စရာမရှိတော့ဘူးလို့ပါ
လေသလားမသိ။ နေညိုကတော့ မျှော်လင့်တုန်း မျှော်လင့်ဆဲ
ပင်။ ဘဝက ဘယ်လောက်အကောက်အကွေ့များများ နောက်ဆုံး
ပန်းတိုင်က တစ်ခုတည်းဖြစ်ရမည်။

"ဘယ်လိုလဲ မမတင့်တယ်၊ တို့ပြောတဲ့စကားကို နား
လည်သွားပြီလား၊ ဒါမှမဟုတ် တို့ဆီက တောင်းရမယ့်ငွေ
အမောင့်(တ်)ကို စဉ်းစားနေတာလား"

ဒီဘက်ပြန်လှည့်ရင်း မေးတော့ မမတင့်တယ်က မူလ
ထိုင်နေသော နေရာတွင်မရှိဘဲ ဗီရိုရှေ့သို့ရောက်နေကာ အံကြို
ချိတ်တွင် ချိတ်ထားသော ဂျာကင်တွေ ကုတ်တွေကို တစ်ထည်
ပြီးတစ်ထည် ကိုယ်မှာပြောင်းကပ်ကာ မှန်ရှေ့ရပ်ရင်း

"အဲဒီလိုအဖြစ်မျိုးတွေ မနေညိုလင်းက ကြုံဖူးလို့လား၊
အဟွန်း…မမတော့ မနေညိုလင်း ပြောမှပဲကြားဖူးတာ၊ အင်းလေ
…မမက၊ မြန်မာမှုကိုနားလည်ပြီး မြန်မာ့ဓလေ့စရိုက်တွေ အရိုးစွဲနေ
သို့လားမသိဘူး၊ ကိုယ့်သိက္ခာကို ငွေကြေးနဲ့ ဘယ်တော့မှ တန်ဖိုး




www.burmeseclassic.com

www.burmeseclassic.com



မဖြတ်ဘူး"

"မင်း"

ဒေါ်သကြောင့် ပြောရမည့်စကားတွေ လည်ချောင်းဝမှာ တိမ်မြုပ်ပျောက်ကွယ်ကုန်သည်။ အရှိန်ထိန်းမရသော ဒေါ်သတွေ ခြေလှမ်းတွေအဖြစ် ပြောင်းလဲသွားပြီး လူက တလှူးလှူး သူမအနား ဘယ်လိုရောက်သွားမှန်းမသိ။ မမတင့်တယ်ကတော့ နေညိုလင်း အနားရောက်လာတာကို ဂရုမထားခြင်း အပြည့်နှင့် အင်္ကျီတွေ တစ်ထည်ပြီးတစ်ထည် ကပ်ကြည့်နေသည့် အရှိန်လည်း မပျက်။ မှန်မှ အကြည့်လည်း တစ်စက်လေးမှ မခွာဘဲ

"တကယ်ပြောတာ မနေညိုလင်းရဲ့၊ မမမိဘတွေ တုန်းက သင်ပေးခဲ့တဲ့အထဲမှာ မိန်းမတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာ ကို ငွေကြေးနဲ့မလဲလှယ်ဖို့၊ ပြီးတော့ ယောကျ်ားတစ်ယောက်ရဲ့ ချစ်မြတ်နိုးခြင်းကိုရဖို့ ဘယ်လိုစိတ်ဓာတ်မျိုး၊ ဘယ်လိုဣန္ဒြေ မျိုးနဲ့ နေသင့်တယ်ဆိုတာ အမြဲပြောပြနေတော့ နားရည်ဝနေတာ မျိုးလေ"

"အဟွန်း…နေစမ်းပါဦး"





နေက သူမလက်ထဲက အင်္ကျီတွေကို ဆွဲယူပြီး အခန်းထဲ ရောက်ချင်ရာရောက် ခပ်ကြမ်းကြမ်း ဆွဲယူလွှင့်ပစ်သည်။ သူမ လက်ကောက်ဝတ်အား ဆောင့်ဆွဲ၍ ဒီဘက်လှည့်စေရင်း

"မင်းက ဣန္ဒြေသိက္ခာတွေ ပါးစပ်ဖျားမှာ မချတမ်း ထိန်းထရိုက်ဆွဲထားပြီးမှ ယောကျ်ားတစ်ယောက်ရဲ့အိမ်ပေါ် တတ်ကတ်တက်လာတာ ဘာသဘောလဲ၊ ဘယ်လိုတန်ဖိုးတွေ ညီမျှခြင်းဆွဲဦးမလို့လဲ၊ ဟွန်း…လက်မထပ်ရသေးဘဲ၊ အံ့… ခဲ့ပါရဲ့"

"မနေညိုလည်းပြောလည်း၊ ခံရမှာပဲ၊ ဒါပေမဲ့ မမက ကိုခြံရဲ့ ချစ်သူတစ်ယောက်အနေနဲ့ ဒီအိမ်မှာ လာတည်းခိုတဲ့ သဘော ပါ၊ မချစ်ပါဘူးလို့ ကြွေးကြော်ထားတဲ့ ယောကျ်ားနား တကပ်ကပ် လုပ်နေတာထက်စာရင်…"

"မင်း စော်ကားလှချည်လား"

လက်ဝါးတစ်ဖက် ရိုပ်ခနဲ မြောက်တက်သွားသည်။ ဘာလှန်အထိုးကောင်းတဲ့ သူမပါးပြင်ကို မီးပွင့်အောင် ထိထိမိမိ ပိတ်ချရန် ရည်ရွယ်ခဲ့သော်ငြား



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာလုပ်တာလဲ နေ"

မေးတာထက် ပြင်းထန်တဲ့ အသံလှိုင်းက နေ့ လှုပ်ရှ
မှုတွေကို သံမဏိကြိုးကွင်းနှင့် ပစ်ဖမ်းထိန်းချုပ်ပစ်လိုက်သ
လေထဲ ရပ်တန့်နေသော လက်ကို နေက ဆောင့်အောင့်တ
ပြန်ချရင်း အခဲမကျေခြင်းများနှင့် သူမအား စူးရဲစွာကြည့်သ

မမကတော့ ဘာမှမဖြစ်သလိုပင်။ နေညိုလင်းကို ကျော
ခြံရုံထဲ လှမ်းကြည့်ရင်း

"အပေါ်က ထပ်ဝတ်ဖို့ ကုတ်ရှာနေတာနဲ့ ကြာသွား
ဒီတိုင်းလည်း အဆင်ပြေတယ်မဟုတ်လားဟင်"

ဒူးဖုံးရုံ ခရမ်းရင့်ရောင် ဂါဝန်က လက်ပြတ်ပဲဖြစ်
လည်ပင်းစပ်မှ ဂါဝန်အောက်နားအထိ အဖြူရောင်ပန်းပွင့်
ဒေါင်လိုက်တစ်ကြောင်းတည်း ဖြတ်ထိုးထားသည်။ ခါးမှာ
သေးသွယ်သော ရွှေရောင်ခါးပတ်ကလေးနှင့်

"အဆင်ပြေပါတယ်၊ ဘာမှထပ်မဝတ်နဲ့၊ ဒီတိုင်းလ
လှတယ်"

ပြောတဲ့သူကို လှည့်ကြည့်တော့လည်း ခရမ်းပုပ်ရေ





ကို ထုံးစံမပျက် ရင်ဘတ်ကြယ်သီးတွေ ဖြုတ်ဝတ်ကာ လက်ကျ
ဘာ့ တံတောင်ဆစ်များအထိ ခေါက်တင်ထားသည်။ ဘောင်းဘီက
ဖြူစွတ်စွတ်မို့ တမင်ချိန်းပြီး ဝတ်သလားတောင် ထင်ချင်စရာ။

နေက ကိုယ်နှင့်မတူဘဲ ချိုအီသောအပြုံးတွေနှင့် အခန်း
ခါးဝမှာ ရှိနေသော ခြံရုံအား လှည့်ကြည့်ရင်း ရင်ထဲဝမ်းနည်း
တ်က လှိုက်တက်လာသည်။ သူမတို့ မသင့်မြတ်ခဲ့တာ မှန်
မယ့် ဆုံးရှုံးရမည်ဟုတစ်ခါမှမတွေးခဲ့ဖူး။ သိပ်မှန်းရင်းနှင့်ပင်
ပ်ချစ်သွားသူတွေ ဒုနဲ့ဒေးမို့ တစ်နေ့သောအခါဆိုပြီး စိတ်ကူး
ရူးခဲ့လေသမျှက…။

"အိုခေရင် သွားမယ်လေ ချစ်၊ ဘရိတ်ဖက်(စ်)တစ်ခုခု
ဦးမှာဆိုတော့"

"ဟုတ်…လာပြီ"

မမက ဗီရိုတံခါးကို ကသောကမျောပိတ်ရင်း သူမရှေ့က
ဖြတ်ထွက်ဖို့ ကြိုးစားသည်။ ထိုအခိုက်မှာပဲ မမ ခြေလှမ်းရှေ့
တ်ခနဲ ထိုးထွက်လာသော ခြေတစ်ဖက်။ မမက ရှောင်တိမ်းချိန်
ည်းမရ။ ထိုခြေထောက်ကို တည့်တည့်ကြီး ဝင်ချိတ်မိကာ



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

လှစ်ခနဲ အေးသွားသောရင်သည် သွားပြီဆိုတဲ့အသိနှ
မျက်လုံးတွေပါ ဆတ်ခနဲမှိတ်ချပစ်သည်။ မမစိတ်ထင် ကြ
ပြင်ကြီးသည် အရှိန်နှင့် လူကို ပြေးဆောင့်တော့မလို ရှိနေပြီးမှ

နူးညံ့သော အထိအတွေ့နှင့် မရင်းနှီးသည့် မွှေးရနံ့
မမကို ဆီးကြိုပွေ့ဖက်လိုက်သလို။

"ဘယ်နား နာသွားလဲ ချစ်"

သတိရ၍ မျက်လုံးဖွင့်ကြည့်တော့ မမက ရင်ခွင်တင်
တည်း ပြုံးလဲနေခဲ့ပြီး ထိုရင်ခွင်ပိုင်ရှင်ကပဲ သူမကို ဆွဲထူပေးရင်း

"နင် ဘယ်လိုလုပ်လိုက်တာလဲ နေ့"

"ဘာလုပ်လိုက်တယ်လို့ နင် မြင်လဲ၊ မြင်ရင်မြင်တဲ့
အတိုင်း မှတ်"

နေက နှစ်ယောက်စလုံးနားမှ လှုပ်လီလှုပ်လဲ့ ဖြတ်ကျော်
သွားရင်း တံခါးပေါက်နားရောက်မှ

"သူလဲကျတော့မယ့်အချိန်တိုင်း နင် ဒီလိုထိန်းသိမ်း
ပေးနေရရင်တော့ မလွယ်ဘူး ခြံရှံ၊ နင်က လူမမယ်ကလေး





ညည်းစားထားနေတာမျိုး ပတ်ဝန်းကျင်က ရယ်စရာဖြစ်နေလိမ့်မယ်"

"မလိုပါဘူး၊ ရယ်လည်း ဂရုမစိုက်ဘူး၊ သူ့ကို ငါက
ထိန်းသိမ်းပေးနေရတာမှမဟုတ်တာ၊ ခလုတ်မထိ ဆူးမငြိအောင်
တကွယ်မှာ၊ အဲဒါ ငါချစ်သူအပေါ် ငါထားတဲ့စေတနာ"

"တောက်"

ပြင်းထန်တဲ့ တက်ခေါက်သံကို ကြားရသည့်တိုင် ခြံရှံက
ဂရုမစိုက်ဘဲ သူမလက်ကို ဆွဲခေါ်ရင်း

"လာ...အဲဒါကြောင့် မင်းကိုပြောထားတာ၊ ကိုယ့်နား
က တစ်ဖဝါးမခွာဘဲနေပါလို့၊ မင်းကို ကိုယ်က ဆူးခြစ်ရာလေး
အောင် အထင်ခံစေချင်တာ မဟုတ်ဘူး၊ အဲဒါကြောင့် ကိုယ့်လက်
ကိုတွဲပြီး ကိုယ့်နားမှာပဲနေ...ကြားလား"

"ဟုတ်"

မကြားလိုသော စကားတွေက ရင်သို့ တိုက်ရိုက်ထွင်း
ဖောက်၍ ရိုးတွင်းခြင်ဆီတိုင် စူးလေသည်။ ဘေးနားက ဖြတ်
သွက်ရင်း နေ့မျက်ဝန်းရှေ့ ရောက်လာတာက မြမြစွာဆုပ်ကိုင်
ထားသော လက်ဖဝါးနှစ်ဖက်။ ရှက်စိတ်၊ မာနနှင့် ဒေါသတို့က



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းခနဲ နှလုံးသားမှ ဆန်တက်လာပြီးနောက်···ကြောက်မက်ဖွယ် ရာ ဝန်တိုစိတ်သည် နေ့ကိုယ်ထဲ မီးတောက်ပေါ်စခုလို ယိမ်းထိုးေ သည်။

ထိုနောက်မှာတော့ နေက မျက်ဝန်းစုံမှိတ်၊ နားနှစ်ဖက် ပိတ်ပြီး အားခနဲ အကျယ်ကြီး အော်ပစ်လိုက်၏။ ချစ်ခြင်းတရား ဖြင့် စွတ်စိုစပြဲသော နေ့နှလုံးသားက ဝန်တိုမီးကြောင့် ချက်ချင် သွေ့ခြောက်ခဲ့ရလျှင်

အချစ်ကြောင့် ကြေကွဲရခြင်း ဘယ်နှမျိုးရှိသလဲ။

♦ ♦ ♦



၃၉

## အခန်း (၁၉)

"အကူအညီတောင်းချင်ပါတယ်ဆိုလို့ တမင်နောက်ကျ ပြီး လာတာတော့ မဟုတ်ပါဘူးနော် ရွှန်"

"မဟုတ်ပါဘူး နေရာ၊ ကုမ္ပဏီမှာ ရှော့ခ်လေးတွေ ရှင်းနေရလို့၊ ကဲ···ပြော၊ လရိပ်တို့လိပ်စာ သိချင်တာလား၊ လရိပ်မိန်းမ ဘာလေးမွေးလဲ သိချင်တာလား"

ရွှန်က ခုံခွဲဝင်ထိုင်ရင်း မေးသည်။ ရှားရင့်ရောင် ဂါဝန်က ခုံးတစ်ဖက်ပဲ ကြိုးရှိကာ ကျန်တစ်ဖက်က အထိန်း အကွပ်မဲ့။ အခွေအလိပ် ဆံပင်တွေကို အားလုံးစုရှဲ့ ငယ်ထိပ်ပေါ် ထုံးလားတာမို့ လည်တိုင်ဝင်းဝင်း၊ လည်ကုပ်ဖွေးဖွေးနှင့် ရွှေရင် သိမ်းသစ်အော့



www.burmeseclassic.com

www.burmeseclassic.com



တရားတော်လို အရှိကို အရှိတိုင်း ဖော်ပြနေသည့် နယ်။

ဒီမိန်းမက လှသလောက် အေးစက်ခြင်းလား၊ တည်ငြိမ်မှုလားမသိ။ အကြည့်နက်ရှိုင်းရှိုင်းများကြောင့် ဥမ္မာက အနည်းငယ်တော့ ရှိန်လေသည်။ မွေးစားသမီးပါလို့ တရားဝင်ကြေညာထားပေမယ့် သူမအရည်အချင်း၊ ဘက်ဂရောင်းတောင့်တင်းခြင်းတွေကြောင့် စီးပွားရေးလောကမှာ နေညိုဘင်းက ပလ္လင်ပေါ်မှ ဘုရင်မ။

နေက ကော်ဖီကိုတစ်ငုံသောက်ရင်း ဥမ္မာ မေးသမျှ ခေါင်းယမ်းကာ

"တို့သိချင်တာ လရိပ်ကိစ္စမဟုတ်ဘူး"

"ဒါဆို"

"ဒီထဲမှာ အားလုံးပါတယ်"

ဥမ္မာရှေ့ထိုးပေးတာက စာအိတ်အညိုရောင်။ ဥမ္မာက စာအိတ်ထဲ ဖွင့်ကြည့်တော့ အနီးကပ်ရိုက်ထားပုံပေါ်သော မိန်းကလေးတစ်ယောက်ရဲ့ ဓာတ်ပုံတွေ ထွက်ကျလာ၏။ ဘေးတိုက်ရော၊ မျက်နှာတည့်တည့်ပုံတွေဟာ နှစ်ဦးသဘောတူ မဟုတ်ဘဲ အဝေးမှ ဖွန်း(မ်)နှင့် ဆွဲရိုက်ထားမှန်း အသိသာကြီး။





ဥမ္မာက ဓာတ်ပုံတွေ တစ်ပုံပြီးတစ်ပုံကြည့်ပြီးမှ နေ့ထံ အကြည့်ပို့ကာ

"နေ ကိုယ့်ကို စုံထောက်ငှားနေတာလားဟင်"

"ဆိုပါတော့၊ ဒါမျိုးဆို ဥမ္မာ စိတ်ဝင်စားတတ်မှန်း သိလို့၊ သိတယ်မလား၊ အညီဆိုတာ ယင် ကြိုက်တဲ့အမျိုးလေ"

"အဟား...ပုံတယ်ကွာ၊ လူကို ရေရေလည်လည်"

"ကဲ...ဘယ်လိုလဲ"

နေက လက်ပိုက်ပြီး မေးဆတ်ကာမေးသည်။ ဥမ္မာက လရိပ်နှင့် ငယ်သူငယ်ချင်းမို့ နေနှင့်ရှယ်တူတော့မဟုတ်။ နိုင်ငံခြားမှာ ကျောင်းသွားတက်တော့လည်း လရိပ်နှင့်အတူတူပဲဖြစ်ကာ လရိပ် အိမ်ထောင်ပြုသွားသောသတင်းကို မြန်မာနိုင်ငံအား အရင်ဆုံး သယ်ဆောင်လာသူကလည်း ဥမ္မာပဲဖြစ်သည်။ သွေးသားမတော်စပ်သော အစ်ကိုနှင့်ပတ်သက်၍ ခင်မင်ရသူဆိုပေမယ့် ဥမ္မာက ဟိုးငယ်ငယ်ကတည်းက နေ့အတွက်ဆို အသင့်ရှိသူ။

"အိုခေလေ...ကိုယ် ချက်ကောင်လုပ်ပေးပါ့မယ်၊ ကိုယ့်ဘုရင်မ စိတ်တိုင်းကျပေါ့၊ ဒါနဲ့...နေ၊ ခြံရဲ့ အိမ်ထောင်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီလား၊ နေနဲ့ စိစဉ်ထားတာက''

''ဘာလို့မေးတာလဲ''

ကော်ဖီခွက်ကို ဆောင့်ချသံရော၊ မေးလိုက်တဲ့အသံရောက တင်းတင်းထန်ထန်။ ဌှန်က ထူးဆန်းသလို မျက်ခုံးဆတ်ခနဲ ပင့်သွားရင်း

''ရော်...စိတ်ဆိုးသွားတာလား၊ ကိုယ်က နေနဲ့ သူ့ရဲ့ကိစ္စ ပျက်သွားရင် ဝမ်းသာနေမှာစိုးလို့လား၊ ပြန်စဉ်းစားဦးမှော်နေ၊ ခြံရဲ့က နဝိုကတည်းက ဂျစ်တိဂျစ်ကန်၊ ပြီးတော့ ဒီရက်ပိုင်းအတွင်း သူ့ကို ကောင်မလေးတစ်ယောက်နဲ့ တွေ့ဖူးသလားလို့၊ အဲဒါကြောင့် ပြောတာ၊ ပြန်စဉ်းစား''

''စဉ်းစားစရာမလိုအောင် အဲဒီကိစ္စကို နေက ဆုံးဖြတ်ထားပြီးသား''

နေက စကားကိုဖြတ်ပြီး တမင်ပြောချပစ်သည်။ ခြံရဲ့နှင့်ပတ်သက်ပြီး အရှုံးဆိုတာ မခံစားချင်။

မေးဖျားလေး တမင်ပင့်ပြီး ပြောလိုက်ရပေမယ့် မခံချင်စိတ်ကြောင့် လှုက အံကြိတ်ဒေါသထွက်ချင်သည်။ ဟန်ဆောင်





ထိန်းချုပ်ထားရသည့်အထဲ ဒေါသကို မျိုသိပ်ထားတာ အခဲယဉ်းဆုံးမို့

''နေပြန်တော့မယ်၊ သူ့အကြောင်းတွေသိတာနဲ့ နေ့ကို အမြန်ဆုံး ဆက်သွယ်ပေးပါ ဌှန်''

''ဟုတ်ပြီလေ၊ ဒါ နေနဲ့ကိုယ့်ရဲ့ တော့(ပ်)စီးကရက်လား''

''ဆိုပါတော့''

ဒါပဲပြောပြီး ကော်ဖီရှော့(ပ်)က ထွက်ခဲ့သည်။ ဒီတာဝါကြီးမှာ ဌှန်ကုမ္ပဏီရုံးခန်းရှိသည်။ ဒီကုမ္ပဏီမှာပဲ နေတို့က ရှယ်ယာဝင်ထားတာမို့ ဒီနေရာကို နေက တံခါးမရှိ ဓားမရှိ ဝင်ထွက်နေကျ။ အခုမှပဲ စိမ်းသက်လွန်းတဲ့ ရင်ထဲကခံစားချက်ကြောင့် ဘာကြည့်ကြည့် အစိမ်းရောင်ချည်း မြင်နေတာမို့ နေက နဖူးပေါ်ပင့်တင်ထားသော ခရမ်းဖျော့ရောင် မျက်မှန်ကို ဆွဲချတပ်သည်။

ထို့နောက် ဓာတ်လှေကားရှေ့အရပ် ဖျတ်ခနဲ ပွင့်လာသော ဓာတ်လှေကားတံခါးမှ လူတစ်ယောက်က အတင်းတိုးထွက်လာခဲ့ရာ

''ဟား...ဘယ်လိုဖြစ်နေတာလဲ၊ ဒီမှာ တိုက်မိတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်''

ကိုယ်ကို ရှိရှောင်လိုက်သဖြင့် မတိုက်မိပေမယ့် နေက ဦးအောင် ယောက်ပစ်သည်။ မီးခိုးရောင်တီရှပ်၊ ဂျင်း(န်)တစ်ထည်ကို ရိုးရိုးပဲ တွဲဝတ်ထားသည့် ကောင်လေးက ခြေနှစ်လှမ်းက ကျော်တက်သွားပြီးမှ သမင်လည်ပြန်လှည့်ကြည့်ကာ

''ဆောရီးပါ မမ၊ ကျွန်တော် နည်းနည်းအရေးကြီး လို့ပါ ဆောရီး''

တောင်းပန်တော့ ရှေ့မှလူလာနေတာကို မမြင်။ နေက လည်း အမြင်ကတ်ကတ်နှင့် သတိမပေးဘဲ ဒီအတိုင်းကြည့်နေ ဆဲမှာ ရှေ့ကလူနှင့် ထိုကောင်လေး တည့်တည့်ကြီး ဝင်တိုးတော့ သည်။

''အာ...အစ်ကို...ဆောရီးပါဗျာ၊ ကျွန်တော် နောက် ကို လှည့်တောင်းပန်နေတာမို့''

ဖြေရှင်းရင်း ဆောရီးတွေ ထပ်တလဲလဲသုံးနေသော ကောင်လေးကိုကြည့်ပြီး နေ ပခုံးစုံတွန့်ကာ ဓာတ်လှေကားထဲ လှမ်းဝင်သည်။ ဆင်းမည့်အထပ်ဆီ နံပါတ်နှိပ်ပြီးမှ





''ကောင်းတယ်၊ နမော်နမဲ့ ဖြစ်ချင်သူအတွက် ဖက်စ် လက်ဆောင်''

တစ်ကိုယ်တည်း ကျေနပ်စွာရေရွတ်ရင်း အမှတ်မထင် ဓာတ်လှေကားကြမ်းပြင်ပေါ် အကြည့်တို့ လျှောတိုက်သွားတော့

''ဟင်''

နေ မျက်မှန်ကို နဖူးစပ်ဆီ ပင့်တင်ရင်း သေချာအောင် ကြည့်သည်။ သေချာပါသည်။ နေ တွေ့ရတာ ယောက်ျားကိုင် ခေါက်ပိုက်ဆံအိတ် အညိုရင့်ရောင်လေး။ နေက ပိုက်ဆံအိတ်ကို ဒူးကွေးပြီး လှမ်းကောက်ရင်း ဖျတ်ခနဲ သတိရမိတာ ဝင်တိုက် မိမလို ဖြစ်သွားတဲ့ ကောင်လေး။

''နမော်နမဲ့ ထပ်ဖြစ်ပြန်ပြီ''

ညည်းပွားရင်း အောက်ဆုံးထပ် ရီဆက်ရှင်မှာ အပ်ပေးရန် စိတ်ကူးရသည်။ ဒီက ဝန်ထမ်းလား၊ အပြင်ဧည့်သည်လားဆိုတာ ဒုးစမ်းရန် နေက ပိုက်ဆံအိတ်လေးကို ဖြန့်ကြည့်မိတာ မရည်ရွယ် ခဲ့ပေမယ့်....

ငယ်ရုပ်မပျောက်သေးသော အဖြူအစိမ်းဝတ်စုံနှင့် ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ထဲက နှစ်ယောက်က တရင်းတနှီး လက်တွဲကာ တလှိုက်တလှဲ ရယ်မောနေသည့်ပုံ။ နေ့ရင်ထဲက ဖျတ်ခနဲ နိမ့်ဆင်းသွားပြီး တစ်လောကလုံး လင်းသွားသလို။ နေက ကျေနပ်အားရစွာ နှုတ်ခမ်းတွေ ကွေးကျသွားတဲ့အထိ ပြုံးရင်းက သွားတွေပေါ်လာသည်အထိ ရယ်မိတာ ကျေနပ်အားရခြင်းများစွာနှင့်။

ကံကြမ္မာ ပဥ္စလက်က နေ့ထဲ တစ်လှည့်ပြန်လည်လာခဲ့ပြီလား။

♦ ♦

## အခန်း (၂၀)

"ကဲ…ရှင်းစမ်း အကြောင်းနဲ့"

"ဟုတ်ပ၊ နင်က စင်ဒရဲလားဇာတ်လမ်း ခင်းသွားတာလေ"

"ပုံစံက လုံးဝခြားသွားတာနော်၊ နင် တကယ် လန်းတယ် သိလား မမ"

"မလန်းပဲ ခံနိုင်ရိုးလား၊ ဆော့စ်ရဲ့ချစ်ချစ်ကိုပဲ၊ ကဲ…. ပါဆိုဟယ်၊ ရုပ်က သောက်မြင်ကပ်ချင်စရာ၊ ဘဝင်ကိုင်တာ"

"ကြည့်စမ်း…ဒီစကတ်လေးက လှလိုက်တာ၊ အဲ့ဒါ





www.burmeseclassic.com

www.burmeseclassic.com



ရှစ်သောင်းကျော်တန်တယ် မဟုတ်လား၊ ငါ တွေ့ပါတယ်၊ အနေ
ထပ် ဖက်ရှင်ဆိုင်မှာ”

“ဟင်…ဘာ ရှစ်သောင်းကျော်”

တစ်လုပ်ပြီးတစ်လုပ် အဆက်မပြတ် သွင်းနေ
ထမင်းသုပ်ဇွန်းက လွတ်ကျသွားသည်။ မမက အခုမှ ကို
ခါးမှာဝတ်ထားသေ စကတ်ကိုငုံ့ကြည့်ကာ အလန့်တကြား။

“ဟဲ့…ဘာဖြစ်သွားတာလဲ ဒါက”

အနက်ရောင်စကတ်က ခါးနားဆီမှ ပေါင်လယ်လော
အထိ ကျပ်ကျပ်လေး ဆင်းသွားကာ ဒူးနားရောက်မှ အ
အဖတ်ကြီးတွေနဲ့ ကားထွက်သွားတာ ခြေသလုံးတစ်ဝက်လော
အထိ ဝဲကျနေတာမျိုး။ အသားလေးက အိအိလေးမို့ ဝတ်
သက်သောင့်သက်သာ ရှိသည်။ နဝိုကတည်းက စကတ်
ယဉ်ပါးခဲ့သူမို့ သဘောကျတာလည်းပါ၏။ အကျီက ပန်း
ကုပ်ကြိုးသိုင်းကာ ခါးတင်လေးမို့ သူကလည်း ပန်းရောင်
ဖျော့ တီရှပ်ဝတ်လာတာတော့ မမက သတိထားမိသား။

“ရည်းစားတွေက အကျီအရောင် ဆင်တူဝတ်





ကြတယ်”

ဖြေရှင်းသလို အသိပေးသလို လာတုန်းက ကားပေါ်
မှာပြောတော့ မမက ပခုံးလေးတွန့်ပြီး

“မမြင်ဖူးပါဘူး”

“မမြင်ဖူးပေမယ့် ဝတ်ဖူးပြီမဟုတ်လား၊ မင်းနဲ့ကိုယ်
သက်ဆိုင်ကြောင်း ဒီလိုကြေညာထားရင် ပြီးတာပဲ”

“လူသိရှင်ကြားတွေ သိပ်မလုပ်နဲ့၊ မမတို့က တကယ်
မဟုတ်တာ၊ အခုတောင် ရှော့ပင်း(န်)မောလ်က ဝန်ထမ်းတွေက
မေးနေပြီ၊ မမ မဖြေချင်ဘူး”

“မဖြေချင်ရင် သူတို့ရှိရာ မင်း မသွားနဲ့ပေါ့”

“ဒါတော့ ဘယ်ဖြစ်မလဲ”

မမက ဆတ်ခနဲ လှည့်ပြောပြီးမှ

“မမ ပျင်းတယ်”

တိုးတိုးလေးပြောမိသည်။ သူ့ရဲ့ ဟန်ဆောင်ရည်းစား
ဖြစ်ရတာ လွယ်တော့မလွယ်။ အိမ်မှာနေခဲ့လို့လည်း မရ။
နေညိုလင်းရဲ့ အငြိအစွန်းကိုကြောက်ရ၍ သူ သွားလေရာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားတော့လည်း ဒီရှောပင်း(န်)မောလ်က မမ ကျင်လည်
ဖူးသော ပတ်ဝန်းကျင်။ စသွားတဲ့နေ့တုန်းကဆို သူ ဆွဲထား
သောလက်ကို ရုန်းမရ၍ ခေါင်းကြီးငုံ့ကာ အပြေးတစ်ပိုင်းသွား
တော့

"ဘာဖြစ်နေတာလဲ အဲဒါက၊ လက်ဆွဲထားလို့ သိ
ရှက်နေရင် တစ်ခါတည်း ပွေ့ချီသွားလိုက်မှာ"

"ရှင်နော်"

တိုးတိုးကျိတ်ကျိတ် ရန်ထောင်မယ်ပြင်တော့ ရယ်မြ
ရိပ်သမ်းသော မျက်ဝန်းတွေအောက်မှ သူမ လွှန်ဆန်ရန် အင်အား
မဲ့ခဲ့ရသည်။ အခုလည်း ရုံးခန်းထဲ လပ်တော့(ပ်)တစ်လုံးဖွင့်၊ စာရွက်
စာတမ်းတွေကြား သူနှင့်ကိုကျော်စွာ ခေါင်းနစ်နေတုန်း မမ
စားသောက်ခန်းမဆီ ဆင်းလာတာပါ။ အရင်လို လွှတ်လပ်ပေါ့ပါး
သော ဘဝတစ်ခုကို တမ်းတခြင်းများစွာနှင့် ဖြစ်ပေမယ့် မမ
တကယ်ရခဲ့တာက မေးမြန်းစူးစမ်းခြင်းကြားမှ ခေါင်းမဖော်
သည့်ဘဝ။

"ဟယ်…မမ၊ မေးတာလေး ဖြေစမ်းပါဦး"





"အင်…ဘာလဲဟင်"

လက်မောင်းကိုရိုက်ရင်း အတွန်းခံလိုက်ရမှ စိတ်က
လည်ပတ်ပြေးလွှားရင်း ခန္ဓာကိုယ်ဆီ သတိတရ ပြန်ခိုဝင်လာ
၏။

"မမသီဂီ ဘာမေးလိုက်တာလဲ"

"အမလေးအေ"

မမသီဂီက သူ့ရင်ဘတ်သူ ဖြန်းခနဲပုတ်ရင်း

"မသိတော့ဘူးဟော့…မသိတော့ဘူး၊ မေးသမျှ တစ်လုံးမှ
ပြန်မဖြေဘူး၊ ပြီးတော့ ဘာမေးလဲဆိုတော့ ငါတောင် ဘာမေးလို့
မေးမိမှန်း မသိတော့ဘူး"

ထမင်းစားချိန်လည်း ကျော်သွားပြီမို့ စားသောက်ခန်းမ
ထဲ အင်တာနက်ထိုင်သူလောက်သာ ရှိသည်။ ထို့ကြောင့် ဆိုင်
ခန်းနေရာ မမသီဂီမှ အစပြု၍ ဝန်ထမ်းအားလုံးစုကာ တစ်စားပွဲ
တည်း ခေါင်းချင်းဆိုင်ခွင့် ရနေခြင်းပင်။ မမက ဘီးကုပ်ပန်း
ချောင်လေးနှင့် လိပ်တင်ထားသော ဆံပင်ကို ဟိုသပ်ဒီသပ် လုပ်ရင်း

"အဟီး…မမလည်း ဘာဖြေရမှန်း…"



www.burmeseclassic.com

www.burmeseclassic.com



"တီ…တီး..တွမ်..တီ"

စကားမဆုံးဘဲ ရုတ်တရက်မြည်လာသော ဖုန်းသံကြောင့် အားလုံးရဲ့မျက်လုံးတွေ ကိုယ်စီပြေးဝင်ကပ်သလို ခံစားရသည်။

"ကျစ်…အရေးထဲမှ"

မမက စကတ်အောက်အိတ်ထဲ ဖွက်ထည့်ထားသော ဖုန်းကို ထုတ်ကြည့်တော့

"ကြည့်စမ်း…ဖုန်းတွေ ဘာတွေနဲ့"

"နင့်ကို ဘော့စ်က တကယ်ချစ်တာပဲ"

"မထင်ပါနဲ့၊ အဲဒါ ငါ့ရဲ့ထိပ်ဟုံး"

မမက မပွင့်တပွင့်ပြောရင်း

"ဟဲလို…ဟုတ်၊ ဒိုက်ဆာလို့၊ အာ…အပေါ်မှာ တစ်ယောက်တည်း မစားချင်ဘူး၊ ပျင်းလို့ပါ"

စိတ်ဝင်တစား အကဲခတ်နေကြသော မျက်လုံးတွေ အောက်မှာ မမရုပ်က ရှုံ့တွတွနဲ့လိမ်လျက်။ ပခုံးကျော်ရုံရှည်သော ဆံပင်တွေအား လက်ညှိုးနှင့် လိမ်ထားရင်းက

"ဟုတ်…စားပြီးရင် တက်ခဲ့မယ်၊ ဟုတ်…ပါဆို"





ဆောင့်အောင့်ပြီး ဟုတ်ပစ်ရင်း ဖုန်းကိုပိတ်သည်။ ပြီးမှ ကြားတော့မှန်းသိသိကြီးနှင့် ဖုန်းကို သေချာစိုက်ကြည့်ရင်း

"ဟိုမသွားနဲ့ ဒီမလာနဲ့ဆိုပြီး သိပ်ချုပ်ချယ်တာပဲ၊ မမ တို့က အဲဒါမျိုးဆို ပိုသွားပိုလာချင်တာ…သိလား၊ ပြီးရင် ရှောပင်း(န်)မောလ်ထဲ တစ်ပတ် ပတ်ပစ်ဦးမယ်၊ ဟွန့်…သူကျ သော့ ဆရာလုပ်တာမကြိုက်လို့ မမကို အကာအကွယ်ယူထား ဦးတော့များ၊ မမကျတော့မှ မစာမနာ"

"ဟဲ့…မမ…မမ"

အနားရှိ သော်သော်က ပခုံးကို ဖျစ်ညှစ်ခါရင်း ခေါ်သည်။ မမက ပြောရင်းတန်းလန်း အရှိန်ပျက်သွားတာမို့

"ကျစ်…ဘာလဲဟာ"

"ဟိုမှာ…ဟိုမှာ"

တစ်ယောက်က လက်ခုံကိုညှစ်ရင်း နှုတ်ခမ်းမလှုပ်ဘဲ သတိပေးသည်။ ဒီတော့မှ မမနားရှိလူတွေ ရှဲကုန်တာ သတိ ထားမိပြီး နောက်သို့လှည့်ကြည့်တော့မှ

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



မမက လန့်အော်တော့ သူက လက်ပိုက်ကာ အော်ဆဲ ဆုံးတဲ့အထိ နားထောင်ပြီးမှ

"ဘာအခုမှ အမလေးလဲ၊ လာ…လိုက်ခဲ့"

စားပွဲပေါ်တင်ထားသော မမလက်ကောက်ဝတ်ကို ဆွဲရင်း သူက ခေါ်သည်။ ခေါ်တိုင်း အသာတကြည် မလိုက်သည့် မမက လိမ်ကောက်စွာ ပြန်ရုန်းရင်း

"ဒီမှာ….မမ စားလို့မပြီးသေးဘူး"

"မပြီးသေးတာတွေထားခဲ့၊ မသိဂိ"

တစ်ဆက်တည်း သူက လှမ်းခေါ်တော့

"ဟုတ်…ဘော့စ်"

"သူစားနေတဲ့ ဒီပုံစံအတိုင်း အသစ်ပြင်ပြီး ကျွန်တော့် အခန်းဆီ ပို့လိုက်ပါ"

"ဟုတ်…ဟုတ်ကဲ့ ဘော့စ်"

မှာစရာရှိတာမှာပြီးမှ အခုထိ ထိုင်ရာက မထသေးသည့် သူမကို ခြံရဲက တစ်ချက်စိုက်ကြည့်ရင်း

"ထလေ…ဘာလုပ်နေတာလဲ"





ခပ်ဟောက်ဟောက်နှင့် ခေါ်တော့လည်း ထတော့လာ သေမယ့် ပါးစပ်က ထုံးစံအတိုင်း ပတွတ်ပတွတ်နှင့် ရွတ်မြဲ။ ဆွဲခေါ်ရာလမ်းတစ်လျှောက် ကောင်းကောင်းမွန်မွန် ပါလာတာ မဟုတ်။ သားစိုးနှင့် ဖိုးချစ်သီချင်းထဲကလို လိမ်ဖယ်လိမ်ဖယ်နှင့်။

ခြံရဲက ပြုံးချင်နေသော နှုတ်ခမ်းတွေကို အတင်းဆွဲ နေထားရင်း ဓာတ်လှေကားဆီ အတူဝင်သည်။ လူမမြင်သော ဓာတ်လှေကားထဲရောက်မှ မမက ဆွဲထားသောလက်ကို အတင်း ဖြုတ်ချရင်း

"လူရှေ့မရှောင် အတင်းကြီး"

"ဘာဖြစ်လဲ…အတင်းကြီးတော့"

"ရှင်နဲ့မမက တကယ်မဟုတ်ပါဘူးလို့ ဘယ်နှစ်ခါ ပြောရမလဲ"

"အဲဒီ တကယ်မဟုတ်တာကို မပြောဖို့ မင်းကို ဘယ်နှစ် ခါ သတိပေးရမလဲ"

"အောင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မမက နှုတ်ခမ်းကိုက်ကာ မျက်တောင်တွေ ပိတ်ကျအောင် မျက်စောင်းထိုးရင်း

"လူကို သူပိုင်တဲ့အရုပ်များ ထင်နေသလားမသိဘူး၊ လက်ဆွဲလိုက် ပခုံးဖက်လိုက်နဲ့၊ ရှင် စာချုပ်ထဲမှာကျတော့"

"လက်မဆွဲဘူး၊ ပခုံးမဖက်ဘူးလို့ ပါသလား၊ ပြော"

"ဒါပေမဲ့ မမကို ထိခိုက်နစ်နာအောင် မလုပ်ဘူးလို့ ပါတယ်လေ"

"ဩော်...ယော်"

သူက ခါးကို လက်နှစ်ဖက်နှင့်ထောက်ကာ မမကို ခြေဆုံးခေါင်းဆုံး အကျအနကြည့်သည်။ အကြည့်ထဲမှာကိုက လှောင်သလိုပြောင်သလို။

"ပြောစမ်းပါဦး၊ လက်ကိုင်တော့ မင်းလက်ပုပ်သလား၊ ပခုံးဖက်တော့ မင်းပခုံးကို ရောဂါကူးလို့လား"

"အဲဒီလိုများဖြစ်ရင်တော့ ရှင်နဲ့ဟန်ဆောင်ဖို့မပြောနဲ့ အောက်ဆီဂျင်တောင် အတူတူမရှူဘူး၊ သိလား"

မေးဖျားကို ဆတ်ခနဲပင့်ပြီး ပြောပုံက အသည်းယား





ချင်စရာ။ ခြံရံက ဒီလောက်ချစ်စရာကောင်းလိမ့်မည်ဟု လုံးဝထင်ခဲ့သော ပန်းနုရောင်ပါးပြင်ကို တစိမ့်စိမ့်ကြည့်ရင်း ပြုံးသည်။ သူမ အနားမှာရှိနေလျှင် ပြောမပြတတ်သော ကြည်နူးခြင်းတစ်မျိုးနှင့် ရင်ခုန်သံမြန်တာကို သတိထားမိတာကြာပြီ။

သူမကို နီးနီးကပ်ကပ်လေး ကြည့်ခွင့်ရလျှင် ရင်ထဲနွေးထွေးရှိန်းမြကာ ကတုန်ကယင်ကြီး ဖြစ်လာရတဲ့အထိ ခံစားမှုတိုင်းကို သရုပ်ခွဲကြည့်တော့လည်း အတိအကျ ခေါင်းစဉ်တပ်ရဘဲ တွေးပြီးရင်း တွေးချင်သည်။ အနားမှာပဲ ရှိနေစေချင်သည်။ သူမကို နေမထိ လေမသင့်အောင် ကာကွယ်ပေးချင်သည်။

မြောက်မြားစွာသော ခံစားချက်တို့၏ ဦးတည်ရာက သူမကို ရင်ခွင်ထဲထွေးပွေ့၍ တစ်လောကလုံး စိန်ခေါ်ပစ်ချင်တဲ့အထိ ရိုက်ခတ်ရူးရဲဆန်နေခြင်းတို့ကြောင့်...။

"ဘာကြည့်နေတာလဲ၊ ဆင်းရမယ့်အထပ် ရောက်ပြီ မဟုတ်ဘူးလား"

ရုံးခန်းရှိရာမဟုတ်ဘဲ သူ့အခန်းရှိရာ အပေါ်ဆုံးထပ်မှာ ဓာတ်လှေကားတံခါးက ပွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရအောင် မင်းက တော်တော်လှတာကိုး"

ခြိမ့်ရဲက တမင်မဲ့ရွဲ့ပြောရင်း သူမလက်တစ်ဖက်ကို ဆွဲတော့

"ကိုခြိမ့်ရဲ…ရှင်လွန်နေပြီနော်၊ ဒီမှာ ဘယ်သူမှမရှိဘဲနဲ့"

"နံရံတိုင်းမှာ နားတွေရှိတယ်ဆိုတာ မကြားဖူးဘူးလား"

"ကြားဖူးသားပဲ၊ သီချင်းစာသားကြီးကို"

မမက နှုတ်ခမ်းတွေ ထော်နေအောင် ချေပရင်း

"လွှတ်…ဆို"

"မလွှတ်ဘူး၊ ရှေ့ဆက်ပြီး မင်းနဲ့ငါ အောက်ဆိုက်ဂျင် အတူတူရှူရဖို့အကြောင်း ဆွေးနွေးမလို့"

ကြည့်စမ်း…ကိုယ့်စကားနှင့်ကိုယ် အငိုက်ဖမ်းခံရတာမို့ မမက ဘာမှပြန်မပြောအားဘဲ မျက်စောင်းတွေရွယ်ရင်း

မမလက်တစ်ဖက်က သူ့လက်ဖဝါးထဲမှာ။

♦ ♦ ♦

ဝိုး:မိုး:၈၁၆၀

## အခန်း (၂၁)

"အို…ဒီလို ရှင့်လက်ဖဝါးထဲ မှောက်ချည်လှန်ချည် လုပ်နေရအောင် မမက ရှင့်ရဲ့…"

"မရဘူး၊ မင်း ဘာမှထပ်ပြောလို့မရတော့ဘူး၊ မင်းနဲ့ငါ လက်ထပ်မှဖြစ်မှာ"

"အဓိပ္ပာယ်မရှိတာ"

"ငါ့အတွက်တော့ရှိတယ်"

မမက သူ့ကို ဆတ်ခနဲ လှည့်ကြည့်သည်။ ကိုယ်က သွေးဆူ လှုပ်ရှားနေသလောက် သူကြည့်ရတာ အေးအေးဆေးဆေး ရှိလှသည်။ ကြည့်ဦး…အခန်းထဲရောက်တာနှင့် ဆိုဖာပေါ် ခြေပစ်

ဝိုး:မိုး:၈၁၆၀

www.burmeseclassic.com

www.burmeseclassic.com



လက်ပစ် ဝင်ထိုင်ကာ ကျောမှီပေါ် ခေါင်းတင်ပြီး မှန်စားပွဲပေါ် ခြေဆန့်တင်ထားတာလည်း သက်သောင့်သက်သာ။

မမက အခဲမကျေသော မျက်ဝန်းတွေဖြင့် သူ့ရှေ့တည့် တည့် ဆိုဖာမှာ ဆောင့်ခနဲဝင်ထိုင်ရင်း

"ရည်းစားအဖြစ် ဟန်ဆောင်နေရတာတောင် မမရဲ့ လွတ်လပ်ခွင့်တွေ ဘယ်လောက်ဆုံးရှုံးသွားပြီထင်လဲ၊ အကြည့် မခံဖူးတဲ့ အကြည့်စူးတွေနဲ့လည်း အကြည့်ခံရတာပဲ၊ မကြားဖူး မနာသာ စကားမျိုးတွေနဲ့လည်း အပြောခံရတာပဲ၊ ဒါပေမဲ့ ထား ပါတော့၊ ရည်းစားဆိုတာမျိုးက ပြတ်တောက်ပြီးသွားရင် ဘဝမှာ ဘာအရာမှ ထင်မထားတဲ့ ခြစ်ရာသေးသေးလေးတစ်ခု၊ အိမ်ထောင် သည့်ကျတော့..."

ပြောလက်စ စကားက ဒီမှာပဲ ရပ်တန့်သွားတာ ရှေ့ ဆက်မပြောတတ်၍ မဟုတ်ပါ။ မပြောဝံ့၍သာ။ မိန်းကလေး တစ်ယောက်အနေနဲ့ အိမ်ထောင်သည်ဖြစ်သွားပြီးမှ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ဒါ ဟန်ဆောင်တာပါလို့ ဝန်ခံရမတဲ့လား။

ဝန်ခံတိုင်းရော လူတွေက ယုံမတဲ့လား။ အတွေးနှင့်





တင် ခေါင်းခါရင်း

"အို...မဖြစ်နိုင်ဘူး၊ ဘယ်လိုမှမဖြစ်နိုင်ဘူး ကိုခြံရဲ၊ မမက..."

"မဖြစ်နိုင်ရင်လည်း ပြီးတာပဲလေ၊ အတိတ်ကို တစ်က နေ ပြန်ရေတွက်ကြတာပေါ့"

"ဘာကိုရေတွက်မှာလဲ"

သူက ဆန့်တန်းထားသော ခြေထောက်ကိုရုပ်သည်။ မတ်မတ်ပြင်ထိုင်ပြီးမှ ခါးကိုင်းကာ မျက်နှာကို ရှေ့တိုးတော့ အရေး တကြီး စကားပြောမည့်သူပုံစံ ပေါက်သွား၏။

"ငါ့ဆီမှာ မင်းကြောင့်ရတဲ့ဒဏ်ရာက အကောင်းမသေ သေးဘူး"

"ရှင်...ပျောက်သွားပြီမဟုတ်လား"

တအံ့တသြမေးခြင်းထဲမှာ စိုးရိမ်ခြင်းတွေက အချိုးတူ ရောစပ်လျက်။

"ငါက မပျောက်သေးဘူးလို့ မပြောဘူးနော်၊ အကောင်း မသေသေးဘူးလို့ပြောတာ၊ ပြီးတော့..."



www.burmeseclassic.com

www.burmeseclassic.com



ကျောရိုးတစ်လျှောက် စိမ့်တက်သွားသည်။ ခြိမ်းခြောက်တိုင်း မကြောက်တတ်ပေမယ့် မရိုးသားတဲ့သူက အမှန်တရားဆိုတာကို ကြောက်တတ်တာ သဘာဝမို့

"မင်းလက်ဖွဲ့ရာပါတဲ့ဓား ငါ သိမ်းထားတယ်"

ကျဉ်စက်နှင့် အတို့ခံလိုက်ရသလို ဆတ်ခနဲ ကျဉ်သွားပြီး လူက ထုံပေပေကြီးဖြစ်သွားသည်။

"ပြီးတော့ ဆရာဝန်ဆီက ဒါဟာ ဓားဒဏ်ရာဖြစ်ကြောင်း ဆေးစစ်ချက်ပါ ငါ ရထားတယ် မမတင့်တယ်"

"ဒါ…ရှင် မမကို သက်သက်ယုတ်တာပဲ၊ မမတို့အစီအစဉ်မှာ လက်ထပ်ဖို့မှမပါခဲ့တာ၊ ဟန်ဆောင်လက်ထပ်ထားပြီး အတိုင်းအတာတစ်ခုကျော်လွန်သွားရင် မမက တစ်ခုလယ်အနေနဲ့ ရပ်တည်ရမှာလား၊ ဒါမှမဟုတ် အပျိုစင်အတိုင်းပဲ ရှေ့ဆက်ရမှာလား၊ ရှင် မမအတွက် နည်းနည်းတော့ တွေးပေးသင့်တယ်ပြီးတော့ ရှင့်ကို ဓားနဲ့ထိုးခဲ့တာလည်း မှန်းလို့မှမဟုတ်တာ၊ လူမှားပြီးဖြစ်တာ၊ အခု အဲဒီအမှားကြောင့် မမ ပြန်ပေးဆပ်နေရတာတန်ရောတန်ရဲ့လား၊ ရှင် မှုမှုတတ တွေးကြည့်ပါဦး"





ပြောရင်းက စကားသံတွေထဲလည်း ရှိုက်သံတွေပါသည်။

မျက်ရည်မကျအောင် ထိန်းထားသဖြင့် မျက်ခမ်းစပ်များအရောင်ရင့်တက်လာတာလည်း သူတွေ့ရသည်။

နှာသီးဖျားတွေ နားရွက်ဖျားတွေပါ ရဲတွတ်နေတဲ့အထိသူမ ထိန်းချုပ်ခံစားနေရတဲ့ပုံ ပေါက်တော့လည်း ခြံရဲ့ စိတ်ကောင်းဖြစ်ရလေသည်။ ခြံရံက မှန်စားပွဲပေါ် ခါးကိုင်း၍ဆက်ထောက်ရင်း သူမရဲ့ အငိုမျက်နှာလေးကို မျက်လွှာပင့်ကြည့်တာ

"ဆောရီး…ငါ ခြိမ်းခြောက်သလို ဖြစ်သွားတယ်၊ ငါဆိုလိုချင်တာက…"

မျက်ရည်တွေပြည့်နေသော မျက်ဝန်းတွေက သူ့မျက်နှာပေါ် ဖျတ်ခနဲ ငြိမ်ကျသွားသည်။ သူပြောမယ့်အကြောင်းတွေကိုစူးစမ်းခြင်းဖြင့် ငိုရှိုက်သံပါ တိတ်ကျသွားသည်။

"ဒက်ဒီ မင့်အကြောင်းတွေ စုံစမ်းနေတယ်"

"မမအကြောင်းကို"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက်ထားကာ ခေါင်းညိတ်ပြပြီးမှ

"မင်းအဒေါ်တွေ၊ စုတွေးတို့ရဲ့ ပတ်ဝန်းကျင်ကနေ စုံစမ်း က မီးခိုးကြွက်လျှောက် လိုက်လာတော့မှာ၊ အခုချိန်ထိ ငါ့ဒတ်ရာ တာ၊ ဆေးရုံတက်ရတာတွေ အိမ်က မသိသေးပေမယ့် တစ်နေ့ ဖေတော့ သိသွားမှာသေချာတယ် မမတင့်တယ်၊ မနက်ဖြန်မှာ ဘာတွေဖြစ်မယ်ဆိုတာ ငါတို့ သိခွင့်ရတာမှ မဟုတ်တာ"

"အဲဒါနဲ့ပဲ မမတို့က လက်ထပ်ရတော့မယ်တဲ့လား"

ခြံရုံက ပင့်သက်တစ်ရှိုက်ကို အားအဖြစ် ရှိုက်သွင်းရင်း ဆိုဖာပေါ် ပစ်စလက်ခတ်မှီချကာ

"ချစ်သူအစစ်တွေဖြစ်ရင် လက်ထပ်ကြပါတော့တဲ့"

ဒက်ဒီက သူ့ကို ဒီအတိုင်း ခေါ်ပြောခဲ့သည်။

"အားလုံးက ဟန်ဆောင်တာလို့ သံသယရှိတယ်သား မင်း ဟန်မဆောင်တာမှန်ရင် ကလေးမလေးနဲ့ လက်ထပ်ဖို့စဉ် တော့၊ ဒက်ဒီ ခွင့်ပြုတယ်၊ ဒါမှမဟုတ် ဟန်ဆောင်နေကြတာ ပါလို့ ဒီအချိန်မှာ ဝန်ခံဦးတော့၊ ဒက်ဒီ ခွင့်လွှတ်ဦးမှာပဲ"

တဲ့လေ။ သူမှာ ပြောစရာစကား ရှားပါးသည့်ကြား





မမတင့်တယ်နှင့် လက်ထပ်မည်ဟု ကတိပေးခဲ့ရသည်။

"ရှင်...ဘယ်လို"

သူမကတော့ အခုထိ အံ့သြကောင်းတုန်းပါ။

"ဟုတ်တယ်၊ မင်းနဲ့ငါ့ကို ငါ့မိဘတွေက သဘောတူ လိုက်ပြီ"

ခဏတော့ တွေတွေဝေဝေလေး ဖြစ်သွားကာ ငြိမ်ကျ သွားပြီးမှ သတိပြန်ဝင်လာတော့လည်း မမက လှုပ်လှုပ်ရှားရှား ဖြင့်

"သူတို့သဘောတူပေမယ့် မမ လက်မထပ်နိုင်ပါဘူး၊ ရှင် အကြောင်းတစ်မျိုးမျိုးပြပြီး အချိန်ဆွဲထားရင်ရော"

"မင်း ငါ့ကိုကူညီတယ်သဘောထားပြီး..."

"ဒါ ကူညီစရာကိစ္စမှ မဟုတ်တာ"

စိတ်လိုက်မာန်ပါ မမက အော်ပြီးမှ သတိရသွားသလို အသံကို တိုးချရင်း

"ဒေါ်လေးတို့ကလည်း သဘောတူမှာမဟုတ်ဘူး"

"ငါ မင်းဒေါ်လေးနဲ့ ဖုန်းဆက်ထားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့်"

"မင်းဒေါ်လေးက အဆင်ပြေသလို ဆက်လုပ်ပါတဲ့ သူတူမ မင်းကို ရာဇဝတ်သားအနေနဲ့ မြင်ရတာထက်စာရင် ငါ့မ နေရာက မြင်ရတာ ပိုကောင်းပါတယ်တဲ့"

"အဲဒီ ဒေါ်လေးကလည်း"

လက်ဖဝါးနှစ်ဖက်ကိုပွတ်ရင်း မမက ရေရွတ်သည်။ ပြီး သူရှိနေတာကို သတိရသွားပုံဖြင့် အသာမျက်လွှာပင့် ကြည့်ရင်

"ရည်းစားဘဝတောင် ဒီလောက် ဆွဲလားရမ်းလာ လုပ်နေတာ၊ သူမိန်းမသာဖြစ်သွားရင် ငါ့ဘဝတော့ ရင်လေး စရာပဲ အမိန့်တွေပေးပြီး ချုပ်ချယ်တာလည်း တအား"

ရှေ့တည့်တည့်မှာထိုင်၊ နှုတ်ခမ်းလေးတွေ ဟိုဘက် ဒီဘက် ဆတ်ခနဲ တွန့်ခနဲ ဘောင်ဘင်ခတ်သွားတာကို ခြိမ်ရုံ စိမ်ပြေနပြေ ထိုင်ကြည့်ပြီးမှ

"ပြီးပြီလား မင်းပြောချင်တာတွေ"

"မပြီးသေးလည်း ရပ်နိုင်းမှာမဟုတ်လား၊ လေဒီဖက်( ဆိုတာ မကြားဖူးဘူးလား မသိဘူး၊ ဦးစားလည်းမပေးဘူး



အတည်ပြုတော့လည်း သူဆုံးဖြတ်ချက်ချည်းပဲ၊ ဒီတစ်ခါတော့ မရဘူး၊ လက်ထပ်ဖို့ကိစ္စကို မမ စဉ်းစားဦးမယ်"

"မရတော့ဘူး"

"ဘာရှင့်"

"စပြောကတည်းက မင်းကို စဉ်းစားပါဆိုပြီး လင်းလင်း သီချင်း ဆိုပြတာမဟုတ်ဘူးလေ၊ ဖြစ်စဉ်တွေ ခင်းကျင်းပြပြီးပြီ၊ ခေါင်းညိတ်ဖို့က မင်းတာဝန်"

"အို...မညိတ်နိုင်ပါဘူး၊ လွယ်လွယ်ခေါင်းညိတ်၊ လွယ်လွယ်လက်ထပ်ရအောင် မမက ဟင်းရွက်ကန်စွန်းမဟုတ်ဘူး"

"ဟင်းရွက်ကန်စွန်းဆိုလည်း ခေါင်းမညိတ်နိုင်းဘူး၊ ခါးစားလိုက်တာ ကြာပြီ"

"ဘာပြောတယ်"

မျက်လုံးပြူးပြီး မမက ခါးပါ ဆတ်ခနဲထောက်တော့ သူ့ရုပ်က မချိုမချဉ်နှင့် လူကို လှောင်သလို ပြောင်သလိုကြည့် ရင်း

www.burmeseclassic.com

www.burmeseclassic.com



"ခဏနေရင် လက်ထပ်စာချုပ်ကို ကျော်စွာ လာပို့လိ မယ်၊ အသိသက်သေနေရာမှာ ကျော်စွာနဲ့ မင်းညီမ စုထွေး လက်မှတ်ထိုးပြီးသား"

"စုထွေးက လက်မှတ်ထိုးပေးတယ်၊ အသိသက်သေ နေရာမှာ"

မမက အံ့သြခြင်းများစွာနှင့် မေးသလောက် သူက ထိုင်ရာမှထကာ ယန်းရောင်တီရှပ်ကို ဆွဲချွတ်သည်။ ရုတ်တရက် မို့ ဗလာကျင်းသွားသော အပေါ်ပိုင်းအား မမ မျက်လုံးဒွေ စိုက်မိစိုက်ရာ ရောက်သွားပြီးမှ ဖျတ်ခနဲ မျက်နှာလွှဲရင်း

"ရှင် ဒါ ဘာလုပ်တာလဲ"

"မင်းနဲ့ငါနဲ့ လက်မှတ်ထိုးပြီးသွားရင် ဇော်စပ်ပုံ ပြောင် သွားပြီလေ"

"ဟင်"

မျက်နှာလွှဲထားသည့်ကြားမှ အလန့်တကြားဖြစ်သွားသော မမမှာ ထပ်မထိန်းချုပ်နိုင်။ သူ့ကို ဆတ်ခနဲမော့ကြည့်ရင်း

"အဲဒါနဲ့ ရှင် အင်္ကျီချွတ်တာ ဘာဆိုင်လို့လဲ"





ပက်ခနဲ ပြန်မေးသောမျက်နှာသည် အဝတ်နီတစ်စလို ရဲရဲတွတ်လျက်။ ခြံရုံက ရော်ခနဲ ရေရွတ်ကာ

"အင်္ကျီချွတ်ပါတယ်ဆိုမှ ရေချိုးဖို့ပေါ့ကွ၊ သတို့သား လောင်းက သန့်ရှင်းဖို့တော့ လိုတယ်မဟုတ်လား"

"ကျစ်…ဒီလူတော့"

ရေချိုးခန်းဆီ ခပ်နွဲ့နွဲ့လျှောက်သွားသော သူ့ကျောပြင် ဆီ မျက်စောင်းတစ်စင်း ပစ်လွှတ်သည်။ ကိုယ်ချိန်ရွယ်သော မျက်စောင်းတိုင်း သူ့ထံ စူးရောက်သော မြားတစ်စင်းဖြစ်ခဲ့ပါ လျှင် ဒီလူက ဒဏ်ရာဗရပွနှင့် လူလုံးမလှဖြစ်တော့မှာ သေချာ သည်။

အနတော့ ထင်မထားဘဲ ပိုရှုပ်စပ်သွားသော အဖြစ် တွေထဲမှာ မမက သူ့ရဲ့သတို့သမီး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

"လက်ထပ်စာချုပ်က ဒီမှာပဲ၊ ရုံးတက်လက်မှတ်ထိုးပြီးပြီ ဒက်ဒီ၊ ရှေ့လလောက်ကျမှ ညည်ခံပွဲတစ်ခု စီစဉ်မယ်လို့ စိတ်ကူးထားတယ်"

"ဟို…ညည်ခံပွဲက မလုပ်ရင်လည်းဖြစ်ပါတယ်၊ မမက"

"ကဲ…ငြင်းမနေနဲ့နော် ချစ်၊ ကိုယ် အားလုံးစီစဉ်မယ်၊ ကျော်စွာကိုတောင် ပြောထားပြီးပြီ၊ ဟိုတယ်ဒိတ်ကို မနက်ဖြန် စချိတ်ဖို့"

ပန်းလေးကို ဆွဲဖက်ရင်းပြောသော သူမျက်ဝန်းတွေထဲမှာ ရယ်မြူးရိပ်တွေကင်းနေပြီး လိုတာထက်ပိုနေသော နိုဝေ



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့ခြင်းတွေက ချစ်ခြင်းရဲ့ပြယုဂ်တွေပဲလား။ ဘာပဲပြောပြော အဲဒီအကြည့်တွေနှင့် ဖမ်းစားတိုင်း မမက သူ့ရှေ့မှာ အလိုအလျောက် လည်စင်းပေးချင်သော သားကောင်လို ဖြစ်သွားတတ်စမြဲ။ သို့ပေ မယ့် အလွယ်တကူ ခေါင်းငုံ့မပေးချင်တဲ့ မာနတို့ ရှိသေးတာကြောင့်

မမက ပခုံးပေါ်မှ သူ့လက်တွေကို အသာဖယ်ချရင်း

"အဲဒီလို ခမ်းခမ်းနားနားကြီး မမ မလုပ်ချင်ဘူး"

လုပ်ချင်ရအောင်လည်း တကယ်အစစ်မှမဟုတ်တာလို့ စိတ်ထဲမှ မြည်တမ်းသည်။ သူကတော့ ပခုံးမဖက်ရတာနှင့် မမ လက်ဖဝါးကို ထပ်ညပ်ဆုပ်ကိုင်ရင်း

"ကိုယ်ကတော့ ချစ်ကို တင့်တောင့်တင့်တယ်ဖြစ်အောင် လုပ်ပေးရမှာပဲ"

"ဒါပေမဲ့.."

"တော်ပြီ၊ ထပ်ငြင်းမယ့်စကားတွေ မကြားချင်ဘူး"

ခြံရံက အပြီးသတ်ပြောရင်း ဒက်ဒီနှင့်မာမီထံ လှမ်းကြည့် သည်။ ဒက်ဒီက စာချုပ်ကိုဖတ်ပြီး စားပွဲပေါ် ဒီအတိုင်း ပြန်တင် ပေးထား၏။ မာမီကသာ စာချုပ်ကိုလည်းမကြည့်၊ မမကိုလည်း





ကြည့်ဘဲ သူ့ထံသာ စိုက်ငေးရင်း

"ဒါဆို သားတို့က မာမီတို့ထင်သလိုမျိုး မဟုတ်ဘူး ပေါ့နော်၊ ဟုတ်လား သား"

"မာမီက ဘယ်လိုထင်လို့လဲ"

ရုတ်တရက် မေးခွန်းထုတ်တော့လည်း မာမီက ပြန် မဖြေနိုင်။ ဒက်ဒီက နှစ်ယောက်လုံးကို ငေးကြည့်ရင်း

"ကောင်းပါတယ်၊ ဘဝမှာ ကိုယ်ချစ်တဲ့သူနဲ့ လက်ထပ် ရတာ မင်္ဂလာတစ်ပါးပဲ၊ သားကို ကွန်ဂရက်ကျူလေးရှင်း၊ သမီးကို လည်း ဒက်ဒီတို့မိသားစုက ဝဲလ်ကမ်းပါ"

"ကဲ...သား၊ ညစ်ခံပွဲအတွက် ကြိုက်တဲ့ဟိုတယ်ကို ရွေး၊ ပြီးတော့ သားတို့ ဟန်းနီးမွန်းအတွက်ပါ နှစ်ယောက်စလုံး ရီလက်စ်ဖြစ်မယ့်နေရာကို စဉ်းစားထား၊ အဲဒါတွေအားလုံးရဲ့ ကုန်ကျစရိတ်ကို မင်္ဂလာဦးလက်ဆောင်အဖြစ် ဒက်ဒီကပေးမယ်၊ ဟုတ်ပြီလား"

"သင့်ခ်ယူး ဒက်ဒီ၊ တစ်ခါတည်း ကျွန်တော် ခွင့်တောင်း ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



မာမီ့မျက်ဝန်းတွေက ပျာပျာသလဲ ခြံရုံထံ ရောက်လာ
၏။

"မနက်ဖြန်ကစပြီး ကျွန်တော်တို့ ကွန်ဒိုမှာပြောင်းနေ
ကြတော့မှာမို့ပါ"

"သားရယ်...ဒီမှာလည်း အိမ်အကျယ်ကြီးကို၊ လရိပ်
နဲ့သား လက်ထပ်ပြီးရင် မိသားစုတွေအားလုံး အတူတူနေလို့
ရအောင် ရည်ရွယ်ပြီး မာမီတို့က ဒီအိမ်ကြီးကို ဆောက်ခဲ့တာ
အခု သားနဲ့လရိပ်ရောက...."

စကားတောင် ဆုံးခန်းမတိုင်ဘဲ ဒေါ်ထိပ်ထားမျက်ဝန်း
က မျက်ရည်တွေ သစ္စာမဲ့စွာ ဝေသီချင်ပြီ။ ကိုယ်ဖြစ်စေချင်တဲ့
အတိုင်း ဖြစ်မလာတဲ့အခါ သား စိတ်ချမ်းသာဖို့ကိုပဲ ဦးစားပေး
ဆုံးဖြတ်ခြင်းမှာ 'အားမတန်၍ မာန်လျှော့ရခြင်းတွေပါ။

"ကျွန်တော် နေ့ကိုမချစ်ဘူး မာမီ၊ နေ့ကို လက်မထပ်
နိုင်ဘူး"

အပြတ်အသတ်ငြင်းပြီး အိမ်ပေါ်က ဆင်းသွားတုန်း
ကလည်း ဒီအတိုင်း လက်ပိုက်ကြည့်နေခဲ့ရသည်။





"ဒါ...ကျွန်တော့်ချစ်သူ"

ကစ်ခါမှမမြင်ဖူး၊ မရင်းနှီးသော သူစိမ်းမိန်းကလေးကို
လက်ဆွဲတာ်လာတော့လည်း ဝမ်းသာစိတ်အခံနှင့် လက်ခံခဲ့ရ
သည်။ အခုတစ်ခါ သားက ထွက်သွားဦးမည်ဆိုတော့...

ဒေါ်ထိပ်ထားက မနိုင်သောမျက်ရည်အား တစ်ရှူးနှင့်
ဖွဖွသုတ်ရင်း ဟန်မပျက်ထိန်းချုပ်ရန် ကြိုးစားပေမယ့် မအောင်
မြင်ခဲ့ပါ။ အဲ့ဒွဲသော ဝမ်းနည်းခြင်းသည် ထွက်ပေါက်ရသွား
သည့်နှယ်။ မျက်ရည်တွေအဖြစ် တဖြောဖြောပြေးဆင်းလာ တော့

"ဟို...အဲဒီလောက်လည်း စိတ်ထိခိုက်မနေပါနဲ့ အန်တီ
ရယ်၊ တစ်မြို့တည်းပဲဥစ္စာ၊ သွားလို့လာလို့ လွယ်ပါတယ်၊ ဒါမှ
မဟုတ်လည်း တစ်ပတ်လောက် ဒီမှာပဲ ဆက်နေကြရင်ရောဟင်"

မံမက ခွင့်တောင်းသလို တိုင်ပင်သလိုနှင့် ခြံရုံကို မော့
ကြည့်ရင်း မေးသော မျက်ဝန်းထဲမှာ မျက်ရည်တွေက လှုပ်လီ
လှုပ်လဲ့။

"ကိုယ်ပြောင်းမှာက မင်းအတွက်"

သူက တိုးတိုးလေးကပ်ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ဟုတ်ပါတယ်၊ ဒါပေမဲ့ လူကြီးတစ်ယောက် အဲဒီလို မျက်ရည်အကျခံပြီးတော့ မမ ထွက်မသွားချင်ဘူး"

မကြည်ဖြူကြောင်းလည်း ပြခဲ့သည်။ မလိုလားအကြည်နဲ့ ကြည့်ဖူးခဲ့တာမှန်ပေမယ့် သူမလေးက အလှည့်ကျ မနွဲ့စတမ်းလို့ ကြွေးကြော်ပြီး ငြိုးမထားခဲ့။ ထိုအခြေအနေမှာပဲ ဒေါ်ထိပ်ထားက မင်းသက်မိသလိုဖြစ်သွားပြီးမှ ရင်ထဲ လင်းခနဲ ဖြစ်သွားတာက မေတ္တာပေးတိုင်း မေတ္တာပြန်မရနိုင်။ မေတ္တာစာတ်ရှိသူမှသာ ကိုယ် မပေးသော်ငြား ရခဲ့သည်ဆိုလျှင်။

"စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်"

သိမ်မွေ့သော အသုံးအနှုန်းကြောင့် မမအကြည့်တွေက ဒေါ်ထိပ်ထားထံ ဖျတ်ခနဲ ရွေ့သွား၏။ မမြင်မတွေ့ဖူးသော အပြုံးမျိုးနှင့် ဒေါ်ထိပ်ထားက ပြုံးပြကာ

"ညားခါစ ကလေးတွေဆိုတော့ လူကြီးမိဘအရိပ်အောက်မှာ ရှိနေတာကိုက ပျော်လပ်ဘူးလို့ တွေးချင်စရာကိုးဒီအချိန်က ကြားလေတောင် အသွေးမခံနိုင်တာဆိုတော့ သွားနေကြပါ၊ သားစိစဉ်တဲ့အတိုင်းပဲ"





"ဟို…ရပါတယ် မာမီ၊ အဲ…အန်…"

"မာမီလို့ပဲခေါ်ပါ သမီး၊ သားနဲ့ပတ်သက်တဲ့ မာမီ့သမီးအသစ်ကလေးပေါ့"

ကြည်ဖြူသောအပြုံးနှင့် ဒေါ်ထိပ်ထားက ပြောတော့ မမ မျက်နှာက လန်းလန်းဆန်းဆန်းလေး ဖြစ်သွားပြီး

"ကျေးဇူးတင်ပါတယ် မာမီ၊ ဟို…မာမီ မမကိုတော့ စိတ်ဆိုးမနေပါဘူးနော်၊ မမက သိချင်တာရှိရင် စိတ်ထဲမထားတတ်လို့ပါ"

"မဆိုးပါဘူး သမီးရယ်၊ ပြန်စဉ်းစားကြည့်ရင် သားကိုချစ်တယ် ကြွေးကြော်ပြီး သားချစ်တဲ့သူကို လိုက်မချစ်နိုင်တာ သဘာဝမကျလှပဲ၊ သမီးကို စိတ်မဆိုးပါဘူး"

မမဟာ ထိုစကားတစ်ခွန်းနဲ့ပင် စိတ်ထဲအကျေနပ်ကြီးကျေနပ်ကာ နှုတ်ခမ်းဖျားမှ အပြုံးတွေကို မသိမ်းနိုင်တော့ အိပ်ခန်းထဲရောက်တဲ့အထိ။

"တော်သေးတာပေါ့၊ အစောကြီးကတည်းက နှစ်ယောက်အိပ်ခုတင် ထည့်ထားပေးလို့"



www.burmeseclassic.com

www.burmeseclassic.com



အနောက်က အသံကြားမှ သတိဝင်လာကာ မမ နောက်လှည့်ကြည့်တော့ သူက မမအခန်းထဲမှာ။ ဒီတော့မှ ဝိတ်အတွေးတွေထဲ နစ်နေသည့် မမမှာ ရှုံးရှုံးရှဲရှဲထဖြစ်ကာ

"ရှင် ကိုယ့်အခန်း ကိုယ်သွားအိပ်လေ"

"ဘာလို့အိပ်ရမှာလဲ၊ ဒီည ကိုယ်တို့ရဲ့ မင်္ဂလာဦးည"

"ဘာ"

မမက လက်သီးလေးဆုပ်ပြီး ကျုံးအော်တော့ သူကနားထဲလက်ညှိုးထည့်ပြီး ဆတ်ဆတ်ခါထုတ်ရင်း မွေ့ရာပေါ် ဝုန်းခနဲပစ်လှဲသည်။ မမမှာသာ အော်ရအခက်၊ နှင်ထုတ်လို့လည်း မရတာကြောင့် သူ့အနားသို့ ဆတ်တောက်ဆတ်တောက် လျှောက်သွားရင်း

"ဒီမှာ...ရှင်နဲ့မမ ဘာဆိုတာ ရှင်ကြီးသိတယ်နော်"

"အင်း...ဒီနေ့မှ လက်ထပ်ပြီးခါစ အကြင်လင်မယားအသစ်စက်စက်"

"ဟာ...အဲဒါက"

"နားငြီးတယ်ကွာ၊ လာ...အိပ်မယ်"

မွေ့ရာပေါ်က ပက်လက်နေပြီး သူက လှမ်းဆွဲတာ မမ





လက်ဖျားလေးကိုဆိုပေမယ့် ရုန်းကန်ချိန်မရ။ အင်အားမမျှဘဲ မမကသူ့ရင်ဘတ်ပေါ် ဝုန်းခနဲ ပစ်လဲသွားတာ ခြေပစ်လက်ပစ်။

"ရှင်...ရှင်နော်"

မျက်လုံးပြူးပြလည်း မရ။ အံကြိတ်ပြလည်း မဖြုံနှင့်၊ သူက မမခါးကို ဆွဲဖက်ထားတော့ မမမှာ သူ့ရင်ဘတ်ပေါ် မှောက်တင်ထားသည့် ကလေးပေါက်စနလေးလို။ သူက မမ ဒေါသထွက်နေတာကိုပဲ ရယ်ဟာဟာနှင့်ကြည့်ရင်း

"ငြိမ်ငြိမ်နေ၊ ကင်မရာက ရိုက်နေတာ မင်း မသိဘူးလား၊ ဒီနေ့ လက်ထပ်ထားတဲ့လူတွေက ပဝါတစ်ကမ်းမှာနေကြတာ မင်း တွေ့ဖူးလား"

"ဩော်...ဒါကတော့ သူတို့က အစစ်၊ ဒီက အတုလေ"

"အင်း...အတုလည်း ပဝါမကူ ရေမရှူစတမ်းချလို့ရတာပဲ"

"ဘာချတာလဲ၊ ရှင်နော်...လက်ရေပါးစပ်ပါ တစ်စက်ကလေးမှ စည်းမရှိတဲ့သူ၊ လွှတ်နော်...အခုလွှတ်"



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လွှတ်လပ်လပ်ရှိဆဲ လက်တွေဖြင့် မမက
လက်မောင်းတွေဆီရိုက်တော့ ခြံရံက ခေါင်းမော့ရယ်ကာ

"ထင်မထားဘူး သိလား"

"ဘာကိုလဲ"

အံကြိတ်ကာ မျက်လုံးပြူးအော်တော့ သူက ပိုတင်း
အောင် ဆွဲဖက်ကာ

"မင်းကို အစမ်းယူပြီးမှ ဒီလောက်ချစ်စရာကောင်းမှန်း
သိရတာ"

"ဘာ"

ဒေါသနှင့် ကျုံးထရန်ပြင်ပေမယ့် မအောင်မြင်ဘဲ သူက
တစ်ပတ်လှည့်ပစ်တော့ မမမှာ မျက်စိတစ်မှိတ်အတွင်း သူ့ရင်ဘတ်
အောက် ရောက်သွားသည်။ မမမျက်ခုံးတန်းတွေမှစ၍ မျက်ဝန်းတွေ
နှာတံတွေဆီမှ အကြည့်ရွေ့ကာ မမ နှုတ်ခမ်းဖျားတွေဆီမှာ
သူ့မျက်ဝန်းတွေက တပ်မက်စွာ စူးစိုက်ငေးတော့ မနေတတ်
မထိုင်တတ်ဖြစ်ရတာ သူ့မပင်ဖြစ်ပြီး

"ဟင့်အင်း...ဖယ်ပေးပါ၊ မမ မနေတတ်တော့ဘူး





အသက်ရှူကြပ်နေပြီ"

ပြောသောအသံက တိုးတိတ်စွာ တုန်ရီနေတာကိုလည်း
ကိုယ်တိုင်သတိထားမိသည်။ သူက မမနှုတ်ခမ်းတွေဆီ လက်မ
ဖြင့် ဖွဖွတို့ထိရင်း

"ကိုယ်တို့လက်ထပ်စာချုပ်ကလည်း တကယ့်အစစ်"

"ရှင်"

မမ အလန့်တကြားဖြစ်သွားတာကို သူက ဂရုမစိုက်
ဘဲ ပြောချင်ရာ ဆက်ပြောတာက အိပ်မက်ထဲ လမ်းထလျှောက်
သူလို၊ အသိစိတ်အား နုံးညံ့သော မသိစိတ်အလျှာတစ်ခု ဖုံးအုပ်
ခံထားရတာမျိုး။

"မင်းအဒေါ်တွေဆီ လက်ထပ်ခွင့်ပေးဖို့ ခွင့်တောင်း
ခဲ့တာလည်း အစစ်ပဲ"

"ဒါဆို"

"ကိုယ့်မိဘတွေကို ပြောခဲ့တဲ့အတိုင်း ဟိုတယ်ဒိတ်
ယူခဲ့ပြီးထားတာလည်း တကယ်အစစ်"

ဘာမှဆက်မမေးနိုင်ဘဲ မျက်ဝန်းတွေက ပြူးကျယ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက်ပြီး ကြည့်နေသော မမမျက်ခွံပေါ် အနမ်းဖွဖွလေး ...
တော့မှ

"ဟင့်အင်းနော်...ရှင် အဲဒီလိုမလုပ်ရဘူး၊ တကယ်...
ရှင်နဲ့မမက ဟန်ဆောင်တာ နှစ်ဦးသဘောတူ"

"အဲဒီ ဟန်ဆောင်တာတွေ အတုတွေ ခဏခဏမ...
နဲ့၊ ကိုယ် မကြားချင်ဘူး"

ဖျတ်ခနဲ အုံ့မှိုးကျလာတဲ့ သူ့မျက်နှာကို မမက နေ...
ဆုံးမြင်လိုက်ရပြီး အသိစိတ်တွေ မှောင်ကျသွားတာလား၊ မီး...
မှောင်ကျသွားတာလား မသိရအောင် မမကမ္ဘာက ပိန်း...
မှောင်လျက်ထဲမှာ။ အနမ်းနှင့်မရင်းနှီးဘဲ သူ့ခြွေချသော အ...
တွေထဲ ကူးခတ်ရင်း ကြည်နူးခြင်းတွေက လေဟုန်စီးနေရသ...
ရင်ထဲတလှပ်လှပ်နှင့် လှိုက်ခါနွေးနေခဲ့သည်။

မကြည်ဖြူပါလို့ ငြင်းဆန်ရင်း သူ့ရင်ထဲ အခါခါပြ...
ခဲ့သည်။ စောင့်စည်းထိန်းသိမ်းခြင်းတွေ သိရက်နဲ့ သူ့အနမ်းတွေ...
ထဝ်တာလဲလဲ ကူးခတ်ရင်း အသစ်ဖြစ်သော ရင်ခုန်သံတွေယံမှာ...

ဖြတ်ကျော်ခဲ့ရသော စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်တ...





ဒီတစ်ချိန်လေးက မမအတွက် တစ်ခုတည်းသော အချစ်ကို
...ချိန်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဘာပုံရိပ်မှ မရှိတော့သည့် တီဗီစခရင်ကို နေက ကြည့်ရင်း နှုတ်ခမ်းတို့မှာကာ ပြုံးနိုင်အောင် ကြိုးစားပေမယ့် အပြုံးတို့က ဖြစ်မြောက်မလာ။ ပါးပြင်တစ်လျှောက် ပူနွေးစွတ်စိုလာတာ သိသိကြီးနှင့် ငိုတယ်ဆိုတာလည်း မခံယူချင်။

နေ ယုံကြည်ခဲ့သော အချစ်က မျက်ရည်တွေနဲ့ပဲ နိဂုံးချုပ်ခဲ့ပြီလား။ ခေါင်းကို ခပ်ကြမ်းကြမ်းခါထုတ်တော့ မျက်ရည်စက်တွေက ပါးပြင်မှတစ်ဆင့် ကောအောပေါ် ခုန်ဆင်းထွက်ပြေးသွားကြသည်။

စီစီတီဗီတပ်ခဲ့ခြင်း ရည်ရွယ်ချက်က မမတင့်တယ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုတွေထဲမှ မူမမှန်ခြင်းတွေကို ထုတ်နုတ်ပင်ရန်ဆိုပေမယ့် နေ ကြည့်သမျှ မြင်သမျှက အချစ်ငြိကာဖွင့်ဆန်းတွေနှင့်သာ ကြုံ ကြိုက်ခဲ့တာမို့…

နေညိုလင်းက ပါးပြင်ပေါ်မှ မျက်ရည်တွေကို လက်ခုံဖြင့် ခပ်ကြမ်းကြမ်း ပွတ်ဆွဲသုတ်သည်။ လက်ထဲကိုင်ထားသည့် ခေါက်ပိုက်ဆံအိတ်ကိုဖွင့်တော့ ငယ်နပျိုမျစ်သည့် အပြုံးတွေနှင့် မမတင့်တယ်နဲ့ မိုးမာန်။

နေက ကိုယ်နဲ့မကွာဆောင်ထားသော ဖုန်းခလုတ်တွေကိုနှိပ်ရင်း အကြည့်က ထိုပုံမှ ခွာမရတာ ကြည့်မဝလွန်း၍တော့ မဟုတ်ပါ။

"ဟဲလို"

တစ်ဖက်က ထူးသံကြားမှ ဓာတ်ပုံထဲမှ အကြည့်ကို လွှဲရင်း

"ရွှန်"

"ဝိုး…နေ၊ ညကြီးမင်းကြီးကျမှ၊ ဆို…ဘာကိစ္စ"

"မိုးမာန်က ငွေစာရင်းကိုင်ဆိုတာ သေချာပါတယ်နော်"





"အဟား…နေက ရယ်စရာတွေ လာမေးနေပြန်ပြီ၊ ကိုယ့်ကုမ္ပဏီဝန်ထမ်းပဲ မသေချာဘဲ နေပါ့မလား၊ ဒီကောင့်လက်အောက်ကတစ်ယောက်က ငွေတွေဘုန်းသွားတာကို ကိုယ်တို့ကို အစီရင်ခံစာတင်ထားတယ်၊ ဒါပေမဲ့ ငွေအမောင့်(ထ်)ကများတော့ သူ့ကို ဘယ်လိုစီစဉ်ရမလဲဆိုတာ စဉ်းစားမရသေးဘူး၊ နောက်ဖြန်မီတင်ကို နေ တက်မယ်မဟုတ်လား၊ အဲဒီကျမှပဲ"

"ဆောရီး ရွှန်၊ မီတင်ကို နေ လာနိုင်မှာမဟုတ်ဘူး၊ မိုးမာန်ရောပေါ့"

"ဘယ်လို"

နားရှုပ်သွားဟန်နှင့် ရွှန်က မေးခွန်းထုတ်သည်။

ပိုက်ဆံအိတ်လေးထဲ ထည့်ထားသည့် ဓာတ်ပုံလေးအား နေက ဖွဖွပွတ်သပ်ရင်း…

"သူ လျော်ရမယ့် ငွေစာရင်းကိုတွက်ပြီး နေ့ဆီ ပို့ပေးပါ"

"နေ"

"နေ ပြောတာ နားထောင် ရွှန်၊ မနက်ဖြန်နေ့လယ်မှာ မိုးမာန်ကို နေ တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..ရပါတယ်၊ ကုမ္ပဏီမှာလား၊ အပေါ်ထပ်က ကော်ဖီရှော့(ပ်)မှာပဲလား"

နေက ဖုန်းကို နားမှာကပ်ထားရင်း အိပ်ရာပေါ် လှဲချလိုက်ကာ..

"မော်ဘီက အနားယူတဲ့ ခြံလေးထဲမှာ တွေ့ချင်တာ၊ သူ့ကို နေ ဘယ်သူဘယ်ဝါဆိုတာ အသိပေးပြီး ခြံကိုအရောက် လွှတ်ပေးပါနော်၊ ကူညီနိုင်မလား ရွှန်"

"အင်း..ပပေါ်ဦးတော့ ခပ်ဆန်ဆန်ပဲ၊ ဒါပေမဲ့ အကူအညီ တောင်းတဲ့သူက ဒေါ်နေညှိုလင်းဖြစ်နေတော့လဲ..."

"သင့်(ခ်)ယူး..ရွှန်"

နေက ဖုန်းပိတ်ကာ ခေါင်းမော့ပြီး ရနေကျလေထက် ပိုတိုးပြီးရှူသွင်းသည်။ စိတ်ထင်လို့လား မသိ။ လေထုထဲမှာတောင် အလွမ်းအဆွေးနံ့တွေ ရနေသယောင်။

သိပ်ချစ်ရင် ပိုင်ဆိုင်ချင်စိတ်တွေ ပိုများလာတတ်တယ် ဆိုတာ နင် မေ့များမေ့နေသလား ခြံရုံရယ်။

မပိုင်ဆိုင်ရရင် နေပါစေ။

နိုး : မိုး : ၈ ၁ ၆ ပ



ဒါပေမဲ့ သူများရင်ခွင်မှာ နင် ပျော်နေတာကို ငါ မခံစား နိုင်လို့ပါ။

♦ ♦ ♦

နိုး : မိုး : ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"တို့ပြောသမျှ မင်း နားထောင်ရင်း ခံစားရခက်နေမယ် ဆိုတာ တို့ နားလည်ပါတယ် မိုးမာန်"

နားလည်တယ်ပြောနေသော ဒေါ်နေညိုလင်းမျက်နှာကို တစ်လှည့်၊ ရှေ့မှာ အပြန့်လိုက်ချထားသော ပိုက်ဆံအိတ်ကိုတစ်လှည့် မိုးမာန်ကကြည့်ရင်း ဘာပြောရမှန်းမသိ။ ဓာတ်ပုံထဲမှာက မမက ဖြူစင်စွာရယ်မောလျက်။ အဖြူရောင်ထက် ပိုဖြူစင်ပါသည်လို့ တွေးထားသော သူ့ရဲ့မမက..

"တကယ်တော့ တို့ ဒီစကားတွေကို မိုးမာန်ကိုပြောဖို့ မရည်ရွယ်တာ အမှန်ပါ၊ ဒါပေမဲ့ ဆွေမျိုးဉာတိလည်း မရှိဘူးလို့



www.burmeseclassic.com

www.burmeseclassic.com



တို့ ကြားထားတာ၊ ဒီပိုက်ဆံအိတ်ကောက်ရမှ မိုးမာန်နဲ့ ဆက်စ
သိသွားတာမျိုး''

နေက ကိုယ့်ရှေ့မှာ ငြိမ်သက်ပြီး ထိုင်နေပေမယ့် စိတ်တွေ
ယောက်ယက်ခတ်အောင် ပြေးလွှားနေမယ့်ကောင်လေးကို တစ်ချက်
အကဲခတ်ပြီးမှ…

''တို့နဲ့ ခြံရဲ့ လက်ထပ်ထားတာ တစ်နှစ်ကျော်ပဲရှိပါသေး
တယ်၊ မိဘတွေ သဘောတူလို့ဆိုတာထက် တို့က ခြံရဲ့ကို ချစ်
တာပါ၊ အဲဒီစိတ်ကြောင့်လည်း မမတင့်တယ်နဲ့ ဒီအခြေအနေ
ဖြစ်ခဲ့တာကို တို့ ခွင့်လွှတ်လို့ရတာလေ၊ ဒါပေမဲ့ အခု တို့မှာ
ခြံရဲ့နဲ့ရတဲ့ကိုယ်ဝန်က ရှိလာပြီဆိုတော့ မလွှဲသာလို့ အကူအည
တောင်းတာပါ မိုးမာန်၊ မိုးမာန်တို့ ဘယ်လို ပတ်သက်ကြ
မသိပေမယ့်…''

''ငယ်သူငယ်ချင်းပါ''

မိုးမာန်ရဲ့ဖြေသံက ခြောက်ကပ်ကပ်နှင့်။ ဒါ ပထမဆုံး
ထွက်လာတဲ့ စကားသံပါ။ ကြားရသမျှက ယုံချင်စရာမရှိ။ နားမှ
သာ ကြားရသည်။ မမ်က တခြားယောက်ျားတစ်ယောက်ရဲ့ အ



အနှောင်းတဲ့။ အိမ်ထောင်ရှင်အမျိုးသားနဲ့ ချစ်ကြိုက်နေခဲ့တာတဲ့။
အခု လက်ထပ်ရန်စီစဉ်ပြီးသားတဲ့။

''မမက သူ့အလုပ်က ရာထူးခေါ်လို့ ပုဂံဟိုတယ်မှာ
ရိုဆက်ရှင်ပဲ၊ အပျွန်း…တော်တော်တောင် ကြာသွားပြီ၊ နင် သိပ်
မျှော်လင့်မနေနဲ့ မိုးမာန်၊ နင့်မမက ဟိုမှာ ချစ်ချစ်တွေဘာတွေနဲ့''

သူ ပေးခဲ့သော နာရီလေးပြန်ပေးရင်း စုတွေးကပြောပေ
မယ့် နောက်ပြောင်သည်ပဲ ထင်ခဲ့တာ။ ဆယ်နှစ်နီးပါး ကြိုးစားခဲ့
သည့် သူ့အပေါ်တောင် မယိမ်းယိုင်ခဲ့သည့် မမကို ယုံကြည်တာ
လည်းပါသည်။ အခုတော့ သူ မနမ်းရှိုက်ရက်သော ပန်းတစ်ပွင့်ရဲ့
အကြွေနီဒါန်းက ပိုင်ရှင်ရှိသူထံမှာတဲ့လား။

''တို့ကို ကူညီလို့ မင်း အကျိုးမယုတ်စေရဘူး မိုးမာန်၊
ကုမ္ပဏီမှာ ကွာနေတဲ့ ငွေစာရင်းတွေအတွက် တို့ အားလုံးတာဝန်''

''ကျွန်တော် ဘယ်လို ကူညီရမှာလဲ၊ အဲဒါသာ ပြောပါ''

''သောက်လိုက်ပါဦး''

နေက ရေငွေ့တွေ သီးထနေသော ဘီယာတစ်ဘူးကို
ဖောက်ပြီး ကောင်လေးထံ ကမ်းပေးပြီးမှ…

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ဒီခေါ်ပြီး မင်း ပြောပြပေးပါလား၊ တို့ကတော့ မိန်းမချင်းလည်းဖြစ်ပြန်၊ ပြီးတော့ အားလည်း နာတယ်၊ ကိုယ့် ယောက်ျားအကြောင်း သိထားတော့ သူ့ကို ပြောထွက်ဖို့ဆိုတာ"

"ကျွန်တော် နားလည်ပြီ"

မိုးမာန်က ဘီယာဘူးကို တရှူးထိုးမော့ချပြီးမှ·

"ဒါ··ခင်ဗျားဖုန်းမဟုတ်လား၊ သူ့ကို ဆက်သွယ်ရမယ့် နံပါတ်က··"

"ဝ၉···"

နေက မမတင့်တယ်ရဲ့ ဟန်းဖုန်းနံပါတ်ပါ ရွတ်ပြလိုက် သည်။ ရင်ထဲမှာတော့ ဝမ်းသာခြင်း လှိုင်းဂယက်တွေ ဆော် ပေးရင်း နာရီကြည့်ကာ အချိန်ကိုတွက်သည်။ မမတင့်တယ်··ဒီ ရောက်မည့်အချိန်ဆို နေဝင်လောက်ပြီ။

သူမ ရောက်ပြီးတာနှင့် နေ ဒီအိမ်ထဲမှာ ရှိရန်မလိုအပ် တော့။ ဒီအိမ်ထဲမှာ မမတင့်တယ်ရယ် သူ့ရဲ့သူငယ်ချင်းကောင်လေး ရယ်။ နေက အတွေးထဲမှာပဲ ဝိတ်နှင့် ပြုံးလိုက်ရင်း···

"တို့ ဟိုဘက်ခန်းမှာ ရှိမယ်၊ သူ လာရင် မင်း သေချာ





ရှင်းပြပေးပါ"

ညွှန်ကြားပြီး တစ်ဖက်ခန်းထဲ ဝင်သည်။ ထိုအခန်းမှာ ဧည့်ခန်းရဲ့လှုပ်ရှားမှုကို မြင်တွေ့နိုင်သော ကင်မရာတစ်လုံး တပ်ထား ပြီးသား။ ဒီအခန်းရဲ့ ဘေးဘက်တံခါးမှထွက်တာနှင့် အိမ်အပြင် ရောက်သွားနိုင်သည့် မလွယ်ပေါက်ကလေးက ရှိပြီးသားမို့··။

ဖုန်းခလုတ်တွေနှိပ်ရင်း ဘီယာကို နောက်တစ်ကြိမ်မော့ချ တဲ့ မိုးမာန်ကို နေက တံခါးကြားမှ ချောင်းကြည့်ရင်း···

ချစ်တတ်တိုင်း အမျက်ကြီးတတ်တာ နင် သိစေချင်တယ် ခြံရုံ။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"အာ..ဘာလို့ အခန်းထဲ ဝင်လာရတာလဲ၊ ဒီမှာ ရေချိုးလို့ ပြီးသေးတာကို"

မမက ရေချိုးခန်းထဲက ပြန်နှုန်းခဲ့ထွက်တာနဲ့ အခန်းထဲ ရောက်နေတဲ့သူကို လှမ်းအော်သည်။ ခြံရုံက မမအနားသို့ လျှောက် လာရင်း ပန်းကိုလှမ်းဖက်ကာ...

"ဘာဖြစ်လဲ..ကိုယ့်မိန်းမပဲ"

"ဘာ မိန်းမလဲ"

"မင်းက မိန်းမ မဟုတ်လို့ အခြောက်လား"

"ရှင်..နော်"



www.burmeseclassic.com

www.burmeseclassic.com

ခြေဖျားထောက်ကာ မမက သူ့မေးဖျားကို လက်သီးနှ ရွယ်သည်။

"အရပ်လည်း မမီဘဲနဲ့၊ ဂျပု"

"ကိုခြံရဲ့..ရှင်နော်"

"တရှင်ရှင် အော်မနေနဲ့၊ သားက ကြားရင်"

"ဘာဖြစ်လဲ ကြားတော့"

"ကိုယ် မဟုတ်တာလုပ်နေတယ် ထင်မှာပေါ့"

"ထင်ထင်ပေါ့၊ သူက ဟုတ်တာတွေပဲ လုပ်တာကျ တာပဲ"

မမက မှန်တင်ခုံရှေ့ထိုင်ကာ ရေသုတ်ရင်း ပစိပစိပြေ သည်။

"ကဲ..ထင်မယ့်အတူတူ မထူးဘူးကွာ"

"ရှင်နော်"

မှန်ထဲမှ မျက်လုံးပြူးကာ အော်ချိန်မှာပဲ..

"တီ..တီ..တွမ်..တီ"

"ဟော..ဖုန်းလာနေပြီ"

ခေါ်ဆိုသူနံပါတ်ကို လှမ်းဖတ်ရင်း မမက ဝမ်းသာအားရ ပြောကာ သူ့ကို လှျာထုတ်ပြောင်ပြ၏။

"ဒီဖုန်းက ကိုယ်တစ်ယောက်တည်းခေါ်ရမှာကို ဘယ်သူ ခေါ်တာလဲ"

"သိဘူးလေ၊ ဝ၉ နဲ့စတာ၊ စုထွေးတို့မဟုတ်တာ သေချာ တယ်"

ခြံရဲက ဖုန်းနံပါတ်ကို ဖတ်ကြည့်ပြီး မျက်ခုံးတွေက သတ်ခနဲ ကွေးကျသွားသည်။ အတွေးနက်သလို ငြိမ်ကျသွားသော ကျာ်နှာကို မမက လှမ်းကြည့်ရင်း..

"ကိုင်ရမှာလား"

"အင်း..စပီကာဖွင့်ပြီး ထူးလိုက်၊ အဲဒါ နေ့ဖုန်း"

သူပဲပြော သူပဲ စပီကာဖွင့်ကာ မမကို မေးဆတ်တာ ထူးလိုက်ဆိုတဲ့သဘော။

"ဟဲလို"

"မမ"

ထွက်လာသော ယောကျာ်းသံကြီးမို့ ခြံရဲက မျက်မှောင်




www.burmeseclassic.com

www.burmeseclassic.com



ကုတ်သည်။ မမက မျက်ခုံးပင့်ကာ...

"မိုးမာန်..နှင်"

"မေးခွန်းတွေ မမေးနဲ့ မမ၊ ငါ အခု နှင်နဲ့တွေ့ချင်တယ် နှင် အခုပဲလာခဲ့"

"ငါ ဘယ်ကိုလာရမှာလဲ"

တစ်ဖက်က ရှုတ်ပြတဲ့နေရာကြောင့် ခြံရှံမျက်ခုံးတွေ ပိုကျုံ့ ကျသွားသည်။ ဒီခြံ ဒီလိပ်စာက နေရဲ့ သီးသန့် အနားယူတဲ့အိမ် မှန်း သူ သိထားသည်။ မာမီတို့တောင် သိပ်မတွေ့ဘဲ..

"နိုင်ငံခြားစတိုင်လ်ပေါ့၊ နင်တို့ယောကျ်ားတွေက စိတ် ထွက်ပေါက်တွေအများကြီး၊ ကလပ်သွားကဲ့မလား၊ အရက်ဘီယာ စိတ်ကြိုက်ပဲ၊ ငါတို့ ညစ်လာရင် ဖြေဖျောက်ဖို့ သီးသန့်အိမ်လေး တော့ လိုပြီ"

ဆိုပြီး လရိပ် နိုင်ငံခြားမထွက်ခင်မှာ သုံးယောက်အတူ လည်ပတ်ခဲ့တဲ့အိမ်။ အခု ထိုအိမ်မှာ နေက..

"မမ လိုက်သွားချင်တယ် ကို၊ မိုးမာန် ဘာတွေဖြစ်နေလဲ မသိဘူး၊ ဒုက္ခတစ်ခုခုများ ရောက်နေလား၊ အသံက မှုမမှန်ဘူး



တို့ရဲ့"

"အင်း..ကိုယ် လိုက်ပို့ပေးမယ်၊ မမ အင်္ကျီလဲထား လိုက်"

နှစ်ယောက်သား ဝရန်းသုန်းကားနဲ့ အိပ်ခန်းထဲကထွက် တော့ အခန်းဝမှာ မာမီနဲ့ တန်းတိုးကာ...

"ဟဲ့..ဒီနှစ်ယောက် ဒါဘယ်လဲ၊ မာမီ ဒီည အသားကင် လုပ်ထားတာ မြည်းနိုင်းမလို့ကို"

"ခဏပဲ မာမီ၊ အရေးကြီးလို့ အပြင်သွားမလို့၊ အမီ ပြန်လာမယ်"

ခြံရှံက ပြောပြီး မမလက်ကိုဆွဲဆင်းတာ လေကား တစ်လျှောက်။

"ဟဲ့..အပြင်မှာမစားနဲ့နော်၊ ဒီမှာ အားလုံးလုပ်ထားတာ"

ဒေါ်ထိပ်ထားက လှမ်းအော်တုန်းမှာပဲ...

"မာမီကြီး..ဒီမှာ မမနေ ဖုန်း"

"သြော်..ဒီကလေးတွေနှယ်၊ ဘာတွေ အရေးကြီးမှန်း မသိ"



မိုး:မိုး:၈၁၆၂

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို..နေ၊ အေး..သမီးဖုန်းဆက်တာနဲ့ အစော်ဝဲ မာမီ ဒီနေ့ည ဘာဘီကျူး"

ဒေါ်ထိပ်ထားက စိတ်မကောင်းဖြစ်နေသော နေနှင့် အားလုံးမျက်နှာစုံညီစွာ နွေးထွေးသည့်ဒင်နာကို စီစဉ်ထားပေမယ့်..

"ဘယ်လို နေ၊ မမက..ဟုတ်ပြီ..ဟုတ်ပြီ၊ မာမီ အခုပဲ ထွက်ခဲ့မယ်"

နှစ်ယောက်က အရေးတကြီး ထွက်သွားသည်။ တစ် ယောက်က အလောသုံးဆယ် လှမ်းခေါ်သည်။

ဒီသားနဲ့ သမီးကြားမှာ ဒေါ်ထိပ်ထားက ပယောဂဓိတွေ ဖြစ်ရင်းကပဲ..

"ကိုအုန်းသန်း..ကားထုတ်ထား"

◆ ◆ ◆



## အခန်း (၂၆)

မှောင်ရိပ်သမ်းပြီးဖြစ်တဲ့ ခြံထဲမှ နေက အပြေးတစ်ပိုင်း ထွက်ခဲ့သည်။ အနက်ရောင် ရင်ပြတ်ဂါဝန်တိုနှင့် ဖရိုဖရဲဖြစ်နေသည့် အနက်ရောင် မာဖလာကို နေက စိတ်မရှည်စွာ လက်မှာလုံးထွေးပြီး ကိုင်ပစ်သည်။ လည်ရှည်ဒေါက်ဖိနပ်သံက တိတ်ဆိတ်သော မြို့ အစွန်မှာ ကျယ်လောင်စွာ မြည်ဟီးနေ၏။ နေက စိတ်မရှည်သလို နာရီကို တစ်ချက်မြှောက်ကြည့်ပြီး မာမီ့ကား ဝင်လာရာလမ်းကို လှမ်းမျှော်သည်။ ဘီယာနှစ်ဘူးလောက်သောက်ပြီး အမူးလွန်နေ သည့် မိုးမာန်နားသို့ ပြေးဝင်လာသည့် သူမကို တွေ့တာနှင့် နေ အိမ်ထဲက ထွက်ခဲ့တာဖြစ်သည်။ အရှေ့တံခါးကို ချက်ထိုးပြီးကာ



www.burmeseclassic.com

www.burmeseclassic.com



ယုတ္တိမရှိမှာစိုး၍ သော့မခတ်ခဲ့ရ။ မာမီ လာတာနှင့် ရှင်းပြရန် စီစဉ်ထားသော စကားတို့ကို စိတ်ထဲမှ အစအဆုံးတစ်ခေါက် ပြန်ရွတ်ချိန်မှာပဲ ဖွေးထိန်သော ကားမီးတန်းကြီးနှင့်အတူ··

"သမီး··နေ"

"မာမီ"

"ဘာတွေဖြစ်နေတာလဲ သမီးရယ်၊ အသည်းထိတ်စရာ ကောင်းလိုက်တာ၊ ဒက်ဒီ့ဆီကိုတောင် ဖုန်းဆက်ပြီး အသိပေးထားရ သေးတယ်၊ သမီးဆီက အကြောင်းစုံမသိရသေးတော့ မာမီ ဘာမှ ပြောလို့မရဘူးပေါ့"

"လာ··ဆင်း မာမီ၊ ပြစရာရှိလို့၊ ဒီခြံထဲက အိမ်ထဲမှာ မာမီ မထင်မှတ်ထားတာတွေ တွေ့ရမယ်··လာ"

နေကပဲ ကားတံခါးဆွဲဖွင့်၍ မာမီ့လက်ကို တွဲခေါ်သည်။ အိမ်တံခါးဖွင့်လိုက်တာနှင့် မြင်ရမည့်မြင်ကွင်းကို နေက ထပ်လဲလဲ မြင်ယောင်ပြီးသား။ ဘီယာဘူးက နေ အထူးစီမံထားတာမို့ နည်းနည်းသောက်တာနှင့် ခေါင်ချာစိုင်းအောင် အမူးလွန်မည် မိုးမှာန်။





ပြီးတော့ အမူးလွန်နေသည့် သူငယ်ချင်းအား ပြုစုပေးမည့် မမပေါင့်တယ်။ ထိုအနီးအနားတဝိုက်မှာ သူတို့နှစ်ယောက်ရဲ့ တွဲလျှက်သားဓာတ်ပုံ ရှိတာကြောင့် ထင်မြင်ချက်တို့သည် သက်သေ သာဓကပြည့်စုံသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သွားခဲ့ပြီ။

"ငယ်ရည်စားနဲ့ လာချိန်းတွေ့ပြီး အလွမ်းဇာတ်ထုပ်ခင်း နေတာ မာမီ မျက်မြင်နော်၊ ခြံရှံဆီက ငွေတင်မကဘဲ လူပါချူ နေတာ၊ သူ့ကောင်မလေးက နေတို့ရှယ်ယာဝင်ထားတဲ့ဆီက ငွေတွေ လစ်ပြေးထားသေးတာလေ"

မဲပြိုးတစ်ပွင့်နှင့် အပိုင်အနိုင်ပြောချရန် နေ ရည်ရွယ်ခဲ့ သည်။ အဖြစ်မှန်တွေ မပေါ်ခင်ခဏတော့ ပြဿနာရှုပ်ထွေးသွားမှာ သေချာသည်။ ထိုရှုပ်ထွေးမှုထဲ နေ မျှော်လင့်ခဲ့တာ ခြံရှံထံမှ တစ်စုံတစ်ရာဆိုလျှင်··။

"ဩ··ဘယ်ကိုလဲ သမီး"

ခေါ်ထိပ်ထားက နေ ဆွဲခေါ်ရာသာ ပါလာရသည်။ အမှောင်ထုကြီးစိုးနေသည့်အချိန်မှာ စိမ်းသက်သော ပတ်ဝန်းကျင် ကြောင့် မေးသာမေးရသည်။ နေ့ထံမှ အဖြေမရ။



www.burmeseclassic.com

www.burmeseclassic.com



"လာပါ မာမီ၊ ဟိုအိမ်ထဲရောက်ရင် သိရမှာပါ"

နေက မင်းတုန်းထိုးထားသည့် တံခါးကျက်အား ဆွဲဖွင့်ကာ တံခါးကို တွန်းအဖွင့်မှာ…

"ဟယ်‥သား"

"ခြံရှံ"

နေ့ရှုတ်ဖျားက ရင်းနှီးသောအမည်က အလန့်တကြား ထွက်ကျသွားသည်။ ခြံရှံက မိုးမာန်ကို ပန်းပေါ်တင်ထမ်းထားရင်း နေ့ထံ နှစ်ယောက်ချင်းနားလည်သော အကြည့်များနှင့် စစ်ခင်းလေသည်။

"သားနဲ့ သမီးက ဒီကို ဘယ်လို"

"သူက မမသူငယ်ချင်း မာမီ၊ အဲဒါ ဖုန်းဆက်ခေါ်တာနဲ့"

မမက ဖြစ်ပျက်နေသော မျက်နှာတွေကို အကဲမခတ်နိုင်ဘဲ‥

"ခုနက တံခါးဖွင့်လို့မရလို့ မမတို့ အခက်တွေ့နေတာ၊ သူ အမူးလွန်နေလို့လေ မာမီရဲ့"





"ဘီယာထဲမှာ ဆေးခတ်ခံထားရတာ"

ခြံရှံအကြည့်က နေ့ထံမှာပဲ ခေါက်တုံ့ခေါက်ပြန်ပြေးလွှားရင်း အံကြိတ်ကာပြောသည်။ နေကတော့ ကိုယ့်လွဲချော်မှုအတွက် နောင်တရမဆုံး။ စိတ်လောကြီးစွာ မမတင့်တယ် ဝင်လာပြီးတာနဲ့ နေ ထွက်သွားခဲ့မိတာ မဟာအမှားဆိုလျှင်‥။

"ဪကွယ်‥အဲဒါဆိုလည်း ဆေးခန်းပို့မှပေါ့၊ တော်ကြာ အသက်အန္တရာယ် ထိနိုက်မှဖြင့်၊ နေကလည်း စောစောကတည်းက မာမီကို ဘာမှမပြောဘူး၊ နို့မို့ ဆရာဝန်ခေါ်လာပါရဲ့၊ သား‥သူ့ကို ကိုအုန်းသန်းကို ထမ်းခိုင်းလိုက်"

ဒေါ်ထိပ်ထားက လက်ကိုင်အိတ်ကို တံတောင်ဆစ်ကွေးမှာ ချိတ်ရင်း ခြံရှံနောက်လိုက်တော့ ခြံရှံဘေးနားအမြဲရှိနေသော မမနှင့်အတူတ‌ွ ဖြစ်သွားရကာ…

"မာမီ‥ဖြည်းဖြည်း၊ ကျောက်ခဲတွေ မြေကြီးထဲက ထွက်နေတော့ အလာတုန်းက မမတောင် ချော်လဲမလိုဖြစ်သေးတာ"

ဖေးမကူသည့် မမလက်ကို ဒေါ်ထိပ်ထားက လှမ်းတွဲရင်း‥



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဒီသူငယ်က ဒီလောက်အဝေးကြီးမှာ နေရသလား ကွယ်၊ မိဘတွေရော မရှိကြဘူးလား၊ တစ်ခုခုဆို ခေါ်မကြား အော်မကြားနဲ့"

ခေါ်ထိပ်ထားက ကားနားရောက်တဲ့အထိ တဖျစ်တောက်တောက်ပြောမဆုံး။ ခြံရှံက ကိုအုန်းသန်းကားထဲ မိုးမာန်ကိုထည့်ပေးရင်း အမှောင်ထုထဲမှ လှုပ်လီလှုပ်လဲ့ တိုးထွက်လာသည့်နေ့ထံ လှမ်းကြည့်သည်။ ပြီးမှ မမပခုံးလေးကို လှမ်းဖက်ကာ…

"ဒီခြံက သူ့ခြံမဟုတ်ဘူး မာမီ"

"ဟွဲ..ဒါဆို"

"မာမီ့သမီး နေ့ရဲ့ခြံ၊ ဒီကိုလာဖို့ နေ့ဖုန်းနဲ့ပဲ ကျွန်တော်တို့ကို လှမ်းခေါ်ခဲ့တာ"

"ဒါနဲ့များ နေ့က မာမီ့ကို ဘာလို့ခေါ်တာလဲ၊ မာမီ့မှာ ရင်တထိတ်ထိတ်နဲ့ တစ်လမ်းလုံး ဘုရားစာတွေရွတ်ပြီး လိုက်လာရတာ၊ ဧကန္တ သူကောင်လေး ကစ်ခုခုဖြစ်မှာစိုးပြီး မာမီ့ကို လှမ်းခေါ်တာပေါ့လေ"

"မာမီ"





နေ့က အလန့်တကြားခေါ်ပေမယ့် အချိန်မမီတော့။ မာမီက နေ့လက်ကလေးကို ဆွဲယူဆုပ်ကိုင်ထားရင်း..

"ဒါနဲ့များ..ကြည့်စမ်း၊ ခြံရဲ့နဲ့ စိတ်ဥတာတစ်ခွန်းမှမပြောင်းဘူး၊ မာမီ့သမီးက လိမ္မာတာပေါ့လေ၊ အခုလိုဆိုတော့လည်း ကောင်းတာပဲ၊ မာမီ့မှာ သားတစ်ယောက် သမီးတစ်ယောက် ထပ်ရတာပေါ့၊ သားသမီးမရတော့လည်း မရလို့ ရတော့ကြည့် ကြည့်စမ်း၊ တစ်ယောက်တည်း အရင်းပြုလိုက်တာ အများကြီးပြန်ရလာတဲ့အထိ"

နေ့က ထင်ရာတွေပြောနေသော မာမီအား တစ်ခွန်းမှ မဟန့်တော့ဘဲ ဒီအတိုင်းလေး ငေးကြည့်နေမိပါတော့သည်။ ကိုယ့်ဦးတည်ချက်လမ်းကြောင်း ပြောင်းသွားသောအခါ ကိုယ့်ထံ ပြန်လှည့်လာမှာကို နေ့ မတွက်ဆခဲ့မိ။

တကယ်တော့ ဘုရားဟောအတိုင်း ကိုယ်ပြုတဲ့ကံ ကိုယ့်ထံ ပွဲတင်ရိုက်ခဲ့တာမို့…။



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၂၇)

"ကံတရားက ဆန့်ကြယ်လိုက်တာနော်၊ ထင်မထား တွေ ပေါ်ခဲ့ ပေါ်ခဲ့ ဖြစ်သွားတာ မျက်စိတစ်မှိတ်အတွင်း ကိုပဲ"

စုတွေးက တိမ်လွှာထုဆီ ထိုးခွင်းသွားတဲ့ လေယာဉ်ကြီး ကိုမော့ငေးပြီး ပြောရင်းက ကားဘော်ဒီကို မှီရပ်နေတဲ့ မမထံ ဖျတ်ခနဲ ငဲ့ကြည့်ရင်း...

"ငါ့ သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက် ကောင်းစားသွားတာများနော်၊ နင်က အရင်ဈေးဦးပေါက်သွားတာ လေ..မမရဲ့"

ဒို:မို:၁၃၆၀

www.burmeseclassic.com

www.burmeseclassic.com



မမရဲ့နှာသီးဖျားကို ဖွဖွဆွဲလိမ်ရင်းပြောတော့ ခြံရံက မ(စ)
လက်ကိုဆွဲပြီး သူ့တံတောင်ဆစ်ကွေးမှာ ချိတ်ထားစေရင်း...

"အဲဒီလို ဈေးဦးပေါက်အောင် ဒီက အသည်းအသ(န်)
ကြိုးစားခဲ့ရတာလဲ ထည့်ပြောလေ"

"အေးလေ..ကံတရားချည်း ပုံချနေတယ်၊ ရေမွှေးပုလင်း
ကွဲလို့ မသိသိမောင်လေးကို မုန့်ဖိုးတွေ မတန်တဆပေးပြီး အလျှေ(ာ်)
ပေးခဲ့ရတာတွေ"

ဒီတော့မှ မမက သူ့ကို မော့မော့လေးကြည့်ကာ...

"အယ်..ဒါဆို ကိုက"

"ဒါတင်မကဘူး၊ ခါးပိုက်နှိုက်ကို တောင်းပန်ပြီး ပိုက်ဆံ
အိတ် ပြန်ပေးခဲ့တာရော"

"ဟင်..တကယ်"

မျက်တောင်တွေ မျက်ဝန်းထက် ပင့်တက်ကော့ပြန့်တဲ့
အထိ ထူးဆန်းနေသော မမကို ပခုံးလေးမှ သိုင်းဖက်ရင်း...

"ကျော်စွာ ပြောတာထက်ပြည့်စုံအောင် ကိုယ်ပြောပြမယ်
လာ..ကားပေါ်တက်"





"ဟင့်အင်း..ဟင့်အင်း..သူ ပြောမှာမဟုတ်ဘူး"

ကျော်စွာက ကန့်ကလျှနှင့် သူ့ရင်ဘတ်ကို တွန်းရင်း..

"သူက ပြုံပြုံမှာ"

စုထွေးက ..

"အဲဒီ ကိုကျော်စွာကြီးက ညစ်တီးညစ်ပတ်"

ရိုက်နေတာ တရစပ်။ သူက စုထွေးနဲ့ကျော်စွာကို မျက်စ
ပစ်ပြရင်း...

"မိုးမှာန်က နေနဲ့လက်ထပ်သွားပြီ၊ မမနဲ့ ကျွန်တော်က
လည်း လက်ထပ်ပြီးသားဆိုတော့ စုထွေးက ကျော်စွာနဲ့ လက်ထပ်
လိုက်လေ"

"အင်း..အဲဒီအစီအစဉ် ကောင်းတယ်"

မမက အားတက်သရော လက်ခံသည်။ ကျော်စွာက
အခုမှ စပ်ဖြီးဖြီးနှင့်..

"အဟီး..မင်းတို့ပြောတာ နောက်တောင်ကျနေပြီ၊ ငါတို့
က ညှိပြီးသား"

"ဘာညှိထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ဖို့ပေါ့..နော် စုထွေး"

ထောက်ခံချက်ယူတော့ စုထွေးက ရှက်ရှက်နှင့် ခေါင်း ညိတ်ပြသည်။

"ငါတို့ လစ်တော့မယ်"

ကျော်စွာက နှုတ်ဆက်ပြီး စုထွေးလက်ကို ဆွဲခေါ်သွား တာကို မမက တဆုံးတစငေးကြည့်နေပြီးမှ ဒီဘက်ပြန်လှည့် လာတော့ ပြုံးနေသော ကို့မျက်နှာနဲ့ ဒိုင်းခနဲ တန်းတိုးသည်။

"ကိုကျော်စွာကြီး ပြောသွားတာ အမှန်တွေပဲပေါ့"

မျက်ဆန်လေးထောင့်ကပ်ပြီး မေးတော့ မြရုံက ပါးပြင် လေးကို မနာအောင် ဖွဖွဆွဲလိမ်ရင်း...

"မယုံလို့ မေးတာလား"

"မဟုတ်ပါဘူး၊ သိချင်လို့"

"ဘာကို သိချင်တာလဲ"

"ကိုက မမကို ချစ်တယ်လို့ တစ်ခါမှ မပြောဖူးပဲနဲ့ အဲဒီလိုတွေလုပ်တာ၊ ဘာလို့လဲလို့"

"တကယ်ဖြေရမှာလား"





"အင်း..ဖြေ"

မမက သေးတိုက်မြင်နေရသော သူ့မျက်နှာချောချောကို မော့ငေးကာ နားထောင်သည်။ ဘဝမှာ မမျှော်မှန်းထားသော သူ့ကို ပိုင်ဆိုင်ပြီးကာမှ သူ ချစ် မချစ် ဆန်းစစ်ချင်သော နှလုံးသားက လောဘကြီးမှန်းတော့ မမ သိပါသည်။ သို့ပေမဲ့ နှလုံးသားရဲ့ အလိုကို မမက လွန်ဆန်ရန် အင်အားမရှိသောအခါ..။

"ကိုက တစ်သက်မှာ တစ်ခါပဲချစ်ဖူးတော့ နှလုံးသားက မာနကြီးတယ်"

"ဘယ်လို မာနကြီးတာလဲ"

"ပြောရင် ခေါင်းညိတ်မှကြိုက်တာမျိုးပေါ့၊ ကိုယ့်ကို အကြောင်းပြချက်တွေနဲ့ ခေါင်းခါမှာစိုးတယ်"

"ဟွန်း..ဒါ ယုံကြည်မှုမရှိတာပေါ့"

"အင်း..အဲဒီလို ပြောလည်းရပါတယ်၊ ပြီးတော့ စောင့်ပါ ဦးတို့၊ စဉ်းစားပါရစေတို့ကိုလည်း စိတ်မရှည်ဘူး"

"အံမယ်..ကြီးကြီးကျယ်ကျယ်"

မမက ခါးထောက်ကာ မျက်စောင်းရွယ်ရင်း ကျကျနန



www.burmeseclassic.com

www.burmeseclassic.com



ချိုးမြှောက်သည်။

"အဲဒီတော့ လူကို အရင်အပိုင်သိမ်းထားပြီးမှ အချစ်ကို လက်တွေ့ပြမှာ၊ လာခဲ့"

ကားတံခါးဖွင့်ကာ မမကို ပခုံးမှတွန်း၍ ကားပေါ်တင်တော့ မမက အလန့်တကြားနှင့်··

"ကို··နော်၊ လမ်းမကြီးမှာ"

"အင်းလေ··ဘာဖြစ်လို့လဲ"

"ကိုပဲ ပြမယ်ဆိုပြီးတော့"

"ပြမယ်လေ၊ ဒါပေမဲ့ အိမ်ကျမှ"

"ကြည့်"

မမက နှုတ်ခမ်းလေးတွေ လုံးနေအောင် ရေရွတ်တော့ မြိရုံမှာ အဲဒီအားတိုက်မျက်နှာလေးက ချွန်ထွက်နေသော နှုတ်ခမ်းလေးဆီ ဖျတ်ခနဲအနမ်းနှင့် မိတ်ဆက်ပေးတော့··

"ကြည့်စမ်း··ကို၊ လမ်းမကြီးမှာလို့ ပြောနေတာ၊ သွား··သွား··သွားတော့၊ ဒီနားမလာနဲ့"

မမက အော်ပေမယ့် စိတ်ဆိုးခြင်းမပါသည့် ချစ်ခြင်း





မေတ္တာတွေကြားမှာ ··

ရယူပိုင်ဆိုင်ခြင်းတွေနဲ့ ထုံမွှမ်းသောနှလုံးသား အရေးအခင်းက အနမ်းများစွာမွေးဖွားရန် အားယူရင်း··

အချစ်၏စေနှင်ရာသို့ အတူလိုက်ပါလျက်···။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်သူတိုင်းပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြမှုလဲသွယ်



www.burmeseclassic.com